# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၃၃ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# ၆-၁၀-၂၀၁၁

**အချိန် ၊၁၀း ၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၃ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၆.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ဟာ နေထိုင်မကောင်းဖြစ်နေပါသဖြင့် ယနေ့ ၆-၁၀-၂၀၁၁ မှ မနက်ဖြန် ၇-၁၀-၂၀၁၁ နေ့အထိ ပြည်သူ့လွှတ်တော် အစည်းအဝေးမတက်ရောက်နိုင်ခြင်းအား ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် ကျွန်တော်မှ ကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းသည် ကိုယ်ရေး ကိုယ်တာ ကိစ္စရပ်များဆောင်ရွက်လိုပါသဖြင့် ၆-၁၀-၂၀၁၁ မှ ၇-၁၀-၂၀၁၁ အထိ ခွင့်နှစ်ရက်ခံစားခွင့်ပြုနိုင်ပါရန် ကျွန်တော် တနိုင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေက ဦးထွန်းထွန်းကိုယ်စား ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ကိုယ်စားလှယ်တစ်ဦး**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်း မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းဟာ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်နေပါသဖြင့် ယနေ့ ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ကိုယ်စားခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဝင်းသည် ဖျားနာဝေဒနာ ခံစားနေရပါသဖြင့် ယနေ့ ၆-၁၀-၂၀၁၁ ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်းမှ ခွင့် အဖြစ်သတ်မှတ်ပေးပါရန် ဦးငွေးဝင်းကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ ဦးသောင်း၊ မော်လိုက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သပါ တယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမှာကတော့ ဥပဒေရေးရာနဲ့ပတ်သက်လို့ မေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေအမှတ် ၁ ကို ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ တော်လှန်ရေး ကောင်စီကပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါဥပဒေကိုပင် ကျွန်တော်တို့ တော်လှန်ရေးကောင်စီက ပြင်ဆင်မှု အမှတ် ၅၆၄ နဲ့ ကျွန်တော်တို့ ပြင်ဆင်အစားထိုးခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ အဲဒီ အစားထိုးပြင်ဆင်လိုက်တဲ့ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၂ မှာ ပုဒ်မခွဲ(က)မှာ တပ်မတော် သို့တည်းမဟုတ် ပုဒ်မခွဲ(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်တစ်ဦးဦး သို့တည်းမဟုတ် တည်ဆဲဥပဒေတစ်ခုခုအရ ဖွဲ့စည်းထားသည့်ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ဘဏ်၊ အခြားအဖွဲ့တစ်ခုခု သို့တည်းမဟုတ် ပုဒ်မခွဲ(ဂ) သမဝါယမအသင်းတစ်ခုခု သို့တည်းမဟုတ် ပုဒ်မခွဲ(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမိန့်ကြော်ငြာစာဖြင့် ကြော်ငြာသော သို့မဟုတ် ပုဒ်မခွဲ(၁) အသင်းများမှတ်ပုံတင်အက်ဥပဒေအရ မှတ်ပုံတင်ထားသည့်အသင်းတစ်ခုခု ပုဒ်မခွဲငယ်(၂) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ အရ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အသင်းတစ်ခုခု ပုဒ်မခွဲငယ်(၃)ပြည်သူတို့ဆိုင်ရာ ယုံမှားအပ်နှံမှုအဖွဲ့တစ်ခုခု သို့တည်းမဟုတ် ပုဒ်မခွဲငယ်(၄) အခြား အဖွဲ့အစည်းတစ်ခုခု သို့တည်းမဟုတ် အသုံးပြုရန်လွှဲအပ်ပေးထားသည့် သို့တည်းမဟုတ် သိမ်းဆည်း ထားသည့်ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင် သို့တည်းမဟုတ် အခြားပစ္စည်းတစ်ခုကို ဆိုလိုသည် ဟု ပြင်ဆင်ချက်ဥပဒေအမှတ် ၅/၆၄ အရ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၀ ခုနှစ်၊ အများနဲ့သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပြင်ဆင်ချက် ၅/၆၄ ပုဒ်မ ၂ ၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)နှင့် (ဃ)တို့မှာ နိုင်ငံရေးပါတီအဖွဲ့

အစည်းများ၊ ပိုင်ဆိုင်သည့်ပစ္စည်းများပါဝင်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုချက် ဖော်ပြထားခြင်းမရှိပါဘူး။ ဒါပေမယ့်လို့ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ အရ နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုခုသည် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် ၄ တွင် ရည်ညွှန်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုဟူသည့်စကားရပ်တွင် အကျုံးဝင်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့တာကိုလေ့လာတွေ့ရှိရပါတယ်။ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ မှာ နိုင်ငံရေးပါတီ အဖွဲ့အစည်းများက ယင်းတို့၏ရန်ပုံငွေများနှင့်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းသုံးစွဲစေရန်နှင့် အလွဲသုံးစားပြုမှု၊ လိမ်လည်မှု၊ ခိုးမှုမပြုနိုင်ရေးအတွက် ဥပဒေ အကာအကွယ်ပေး ရန်လိုအပ်ကြောင်း ထပ်မံဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၂ ပါပြဋ္ဌာန်းချက်များကို ကျူးလွန်ပါက ပုဒ်မ ၃ မှာ ပြစ်ဒဏ် ပေးမယ့်အချက်ကို ကျွန်တော်တို့ဖော်ပြထားပါတယ်။ မည်သူအဆို အများနှင့်သက်ဆိုင်သောပစ္စည်း တစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားမှု သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်ပါက တစ်သက် တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်အောက်မနည်းသည့် ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်းစီရင်ခြင်းခံရမည်ဟု အတိအကျပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့အခြေအနေမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ အရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၅ (ဂ)အရ နိုင်ငံရေးပါတီများဟာဆို့လို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပုဒ်မ ၄၀၅ (ဂ)နဲ့အညီ မှတ်ပုံတင်ထားတဲ့အဖွဲ့အစည်းများ ဖြစ်တယ် ဆိုတဲ့အကြောင်းကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက် လာတဲ့ ၂၀၀၈ ရဲ့ ဒီဘက်ပါတီဝင်၊ ပါတီပေါင်း ၄၀ ကျော်ရှိပြီဆိုတာလည်း ကျွန်တော် လေ့လာတွေ့ရှိ ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်သိလိုတာကတော့ ယနေ့နိုင်ငံရေးပါတီများသည် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် ၄ ပြဋ္ဌာန်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကိုဆိုသည့်စကားရပ်တွင် ယနေ့ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၀၅ အရ တရားဝင်ရပ်တည်နေကြသော နိုင်ငံရေးပါတီအဖွဲ့အစည်းအားလုံး အကျုံး ဝင်ခြင်း ရှိမရှိ သိရှိလို၍မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားသူကြီးချုပ်မှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ပြည်ထောင်စုတရားသူကြီးချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးသောင်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားပါမယ်။ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေအရ အခြားအဖွဲ့အစည်းတစ်ခုခုဆိုတဲ့ စကားရပ်တွင် ယနေ့တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီအဖွဲ့အစည်းများကို အများနဲ့သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့် ရှောက်ရေးဥပဒေအရတရားစွဲဆိုမှုတွင် တရားစွဲဆိုခွင့်ပြုချက်ဖြင့် စွဲဆိုလာပါက အမှုတစ်ခုချင်းလိုက်အပေါ်၊ ပေါ်ပေါက်ချက်အပေါ် သက်ဆိုင်ရာတရားရုံးမှ စဉ်းစားသုံးသပ်၍ အကျုံးဝင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနဲ့ ကြွရောက်လာသောဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒေါက်တာမောင်မောင်ဝင့် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းနှစ်ခုကတော့ ပြည်တွင်းမီဒီယာလောကနဲ့ စပ်လျဉ်းတဲ့ မေးခွန်းများဖြစ်ပါတယ်ခင်ဗျား။ ဒီခေတ်မှာ ကျွန်တော်တို့မီဒီယာဟာ အင်မတန်မှအင်အားသတ္တိကြီးမားပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ရိုက်ခတ်နိုင်စွမ်းရှိပါတယ်။ အသိပေး၊ ပညာပေးသာမက လူထု၏ခံစားမှုများအပေါ်မှာ ကြီးမားစွာသောသြဇာသက်ရောက်မှုရှိပါတယ်။ အင်မတန်မှ စွမ်းပကားရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ မီဒီယာကိုလည်းရည်ရွယ်ချက်အမျိုးမျိုးနဲ့ ထိရောက်စွာအသုံးပြုနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ သတိထားသိရှိတွေ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ ပြည်တွင်းမီဒီယာ အဲဒီမှာ တီဗီ၊ ရေဒီယို၊ သတင်းစာစသည်တို့ကို ယခုထက်ပိုမိုပြီးတော့ ပြည်သူလူထုတို့ စိတ်ဝင်စားလာအောင်၊ အားထားလာအောင် မည်သို့စိတ်ကူး အကောင်အထည်ဖော်ပြုလုပ်နေသည်ကို အကျဉ်းချုံးပြီး ကျွန်တော်တို့ သိခွင့်ရလို့ရှိရင် ကျွန်တော်တို့အတွက် အများကြီးဗဟုသုတရရှိပြီး စိတ်ချမ်းသာနိုင်မယ်လို့ ကျွန်တော်တို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ မည်သို့ဆောင်ရွက်လျက်ရှိသည်ကို အကျဉ်းချုံးပြီး သိခွင့်ရှိလို့ရှိရင်သိပါရစေလို့မေးမြန်းလိုပါတယ်။ ဒုတိယမေးခွန်းကတော့ ယခုခေတ်မှာ လူတိုင်းကမီဒီယာကို စတုတ္ထမဏ္ဍိုင်လို့ ပြောဆိုနေကြတဲ့အချိန်ကာလဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင်ဖြစ်ဖို့ရာလည်း ပြောပြောဆိုဆိုနဲ့တောင့်တောင့်တတရှိနေတဲ့အခါ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အကျဉ်းချုံးပြီး နည်းနည်းလေးကျွန်တော်ပြောချင်တဲ့ပွိုင့်လေးကိုရအောင် ကျွန်တော်လူတစ်ယောက်ကို Post လုပ်ပါတယ်။ အဲဒီလူကတော့ အမေရိကန်ပြည်ထောင်စုက အင်မတန်မှနာမည်ကြီးတဲ့ သမ္မတကြီး သောမတ်ချန်မဆင်ဖြစ်ပါတယ်။

သောမတ်ချန်မဆင်က ဘယ်လိုပြောလိုက်သလဲဆိုတော့ Let me make newspaper of one country and I don’t care who make is law ဆိုလိုချင်တဲ့ သဘောကတော့ နိုင်ငံတစ်နိုင်ငံမှာ မိမိသတင်းစာလုပ်ငန်းတစ်ခု သို့မဟုတ် သတင်းစာတစ်ခု ထူထောင်ခွင့်သာရမယ်ဆိုလို့ရှိရင် ဒီနိုင်ငံရေးဥပဒေကို ဘယ်သူပြဋ္ဌာန်းသည်ဖြစ်စေ၊ ဘယ်သူပြုသည်ဖြစ်စေ မိမိတော့ဖြင့်မပူပါဘူး။ မကြောင့်ကြပါဘူးလို့ပြောခြင်း ဖြစ်ပါတယ်။ အဲဒီခေတ်တုန်းကတော့ စတုတ္ထမဏ္ဍိုင် ဘာညာစသည်ဖြင့် သည်စကားများတွေမသုံးသလို အဲဒီခေတ်က အဓိကအားဖြင့်တော့ သတင်းစာကိုပဲအားကိုးရတာ ဖြစ်တဲ့အတွက် ကျွန်တော်ဒီဆောင်ပုဒ်လေးကို ၁၉၅၇ ခုနှစ်၊ ကျွန်တော် ၈ တန်းကျောင်းသားတုန်းက Nation သတင်းစာရဲ့ ပထမစာမျက်နှာမှာ ဆောင်ပုဒ်အဖြစ်ဖော်ပြထားတာလေးကို ကျွန်တော်ဖတ်ရှိရပါတယ်။ ဒါလေးဟာ ကျွန်တော့်ခေါင်းထဲမှာစွဲပြီးကျန်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ စတုတ္ထမဏ္ဍိုင်ဘာညာ စသည်ဖြင့်မသိပါဘူးပေါ့။ ဒါဟာတစ်ကယ့်တစ်ကယ်တော့ စတုတ္ထမဏ္ဍိုင်လို့ အဓိပ္ပာယ်ဖွင့်ဆိုလိုက်ပြီးတော့ အမြင့်ဆုံးတာဝန်တစ်ခုအနေနဲ့ ခံယူလိုက်ခြင်း ဖြစ်ပါတယ်လို့ ကျွန်တော် သဘောပေါက်သတိထားမိပါတယ်။ ဒီနိုင်ငံမှာလည်း စတုတ္ထမဏ္ဍိုင်ဖြစ်ထွန်းလာဖို့ လူအများတောင့်တလျက်ရှိပါတယ်။ ပြောလည်းပြောနေကြတာ စာပေလွတ်လပ်ခွင့်စသည်ဖြင့် လူတကာပြောဆိုနေကြတာမှန်ပါတယ်။ သို့ပေမယ့် တစ်ခါတစ်ခါ ကျွန်တော်တို့စဥ်းစားမိတာ လွတ်လပ်ခွင့်ရတာနဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်ရောလားလို့ စဥ်းစားမိတဲ့အခါလည်းရှိပါတယ်။ ဒီတော့ မိမိတို့နိုင်ငံမှာ မိမိတို့ ပြည်တွင်းမီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် အခိုင်အမာဖြစ်ထွန်းလာအောင် ဝိုင်းဝန်းလုပ်ဆောင်နေရမှာ ဖြစ်တဲ့အတွက် ထိုသို့ဝိုင်းဝန်းလုပ်ဆောင်နေတာ မည်သို့ဝိုင်းဝန်းလုပ်ဆောင်နေတယ်ဆိုတာလည်း ကျွန်တော်တို့ ဗဟုသုတအကျဥ်းအဖြစ် သိရှိလိုပါကြောင်းမေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ဒီမေးခွန်းတွေကိုလေးစားစွာဖြင့် ဂါရဝရှေ့ထားပြီးတော့ လူအများသိသထက်သိအောင် မေးမြန်းရခြင်းဖြစ်ပါတယ်ဆိုတာကို ကျွန်တော်တင်ပြရင်းနဲ့ ကျွန်တော့်အမေးနှစ်ခုကိုတင်ပြပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်မောင်ဝင့်ကလည်း တိုင်းပြည်နဲ့လူမျိုးအကျိုးကိုမျှော်ကိုးပြီးတော့ မီဒီယာတွေ၊ ပြည်သူတွေက

ပိုမိုစိတ်ဝင်စားအောင် ပြည်သူရဲ့အကျိုးကို ထိထိရောက်ရောက်ဖော်ဆောင်နိုင်တဲ့ စတုတ္ထမဏ္ဍိုင် ဖြစ်အောင်ဘယ်လိုများ ပြုစုပျိုးထောင်နေပါသလဲလို့ ဒါကျယ်ကျယ်ဝင့်ဝင့် စိတ်ဝင်စားဖွယ် မေးမြန်း သွားပါတယ်။ အလားတူပါပဲ ကျွန်တော်ဒီမေးခွန်းကို ဖြေဖို့ရောက်လာတဲ့အခါမှာ ကျွန်တော့်ရဲ့ ရဲဘော်ရဲဘက်တွေက ကျွန်တော့်ကိုတွေ့တဲ့အခါဟာ ဒီနေ့လည်း ပုံပြင်များနားထောင်ရအုံးမလား မသိဘူး။ အချိန်ကလည်း တစ်နာရီလောက်များကြာမလားမသိဘူးနဲ့ ဒီလို ကျွန်တော့်ကိုချစ်ခင်မှုနဲ့ နောက်ကြပါတယ်။ ကျွန်တော်ကတော့ ရဲဘော်ရဲဘက်တွေရဲ့ ဒီလိုနောက်တာကိုမကြောက်ပါဘူး။ သို့သော် ကျွန်တော်ဘာကိုကြောက်သလဲဆိုတော့ အင်တာနက်ကိုကြောက်ပါတယ်။ ဒါ့ကြောင့် ကျွန်တော် ဆရာကြီးဒေါက်တာမောင်မောင်ဝင့်ရဲ့ မေးခွန်းကိုဖြေရုံလောက်ပဲ ကျွန်တော်အကျဉ်းချုပ်ပြီး ဖြေသွားပါမယ်လို့ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အခါမှာ ကျွန်တော်တို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက် စီးပွားရေးစနစ်ကျင့်သုံးပြီးတော့ အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းလာအောင် မျှော်မှန်းတည်ဆောက်လျက်ရှိပါတယ်။ ဒီလိုတည်ဆောက်တဲ့ အခါမှာ မျှော်မှန်းချက်၊ ရည်ရွယ်ချက် အောင်မြင်အောင်နဲ့ ဒီမိုကရေစီကို မှန်မှန်ကန်ကန်နဲ့ အနှစ်သာရ ရှိရှိကျင့်သုံးနိုင်ဖို့ဆိုရင် နိုင်ငံတော်ရဲ့အဓိကအာဏာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာစတဲ့ မဏ္ဍိုင်သုံးရပ်တည့်မတ်မှန်ကန်ဖို့ အဓိကလိုတယ်လို့အများက ယုံကြည်ကြပါတယ်။ ဒါ့အပြင်လည်းပဲ ဒီအာဏာမဏ္ဍိုင်သုံးရပ်ကို တစ်ဦးတစ်ယောက်တည်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်းက တစ်ပေါင်းတည်းကိုင်တွယ်ကျင့်သုံးမှုအစား သီးခြားစီခွဲခြားကျင့်သုံးပြီး တော့ တစ်ပြိုင်နက်တည်းမှာလဲ အပြန်အလှန်ထိန်းကျောင်းဖို့နဲ့ အပြန်အလှန်ပေါင်းစပ်ဆောင်ရွက်ဖို့ လည်းလိုတယ်လို့ယုံကြည်ကြပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့ရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးပြီးတော့ အပြန်အလှန်ထိန်းကျောင်းမှုစနစ်နဲ့ ရေးဆွဲထား တာဖြစ်ပါတယ်။ ကနေ့အခါမှာ အဲဒီမူဝါဒအတိုင်းကျင့်သုံးပြီးတော့ နိုင်ငံတော်ကိုတည်ဆောက်လျက် ရှိပါတယ်။ ဒီမိုကရေစီကို ဖော်ဆောင်လျက်ရှိပါတယ်။ ဒီလိုဖော်ဆောင်တဲ့နေရာမှာ အာဏာသုံးရပ် မဏ္ဍိုင်များတည့်မတ်ပြီးတော့ ပြည်သူ၏အကျိုးကိုထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင် ရွက်နိုင်ဖို့ဆိုရင် စတုတ္ထမဏ္ဍိုင်လို့ပြောတဲ့ စာပေ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများက စောင့်ကြည့်ထိန်းကျောင်းဖို့လိုတယ်လို့လည်း အများကယုံကြည်ကြပါတယ်။ ကျွန်တော် ဆရာကြီးဒေါက်တာမောင်မောင်ဝင့်ကလည်း ဒီအတိုင်းယုံကြည်တယ်လို့ယူဆရပါတယ်။ ကျွန်တော့်အနေနဲ့ကလည်း စတုတ္ထမဏ္ဍိုင်ဟာ မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ထိန်းကျောင်းဖို့လိုတယ်

လို့ ယုံကြည်ပါတယ်။ သို့သော်လည်း မဏ္ဍိုင်သုံးရပ်ကိုထိန်းကျောင်းမယ့် စတုတ္ထမဏ္ဍိုင်ဟာ အဲဒီ တာဝန်ကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ဖို့ဆိုရင် စတုတ္ထမဏ္ဍိုင်ကိုယ်တိုင် အရည်အသွေး ရှိပြီးတော့ စတုတ္ထမဏ္ဍိုင်ပီသဖို့လည်း လိုတယ်လို့ယုံကြည်ပါတယ်။ ဒါ့အပြင်နိုင်ငံမှာ နိုင်ငံပိုင်မီဒီယာ ရှိဖို့လိုသလို ပြည်တွင်းပုဂ္ဂလိက မီဒီယာများလည်းရှိဖို့လိုတယ်။ ဒီမီဒီယာနှစ်ခုဟာ အပြိုင်ရှင်သန် ပြီးတော့ တစ်ခုနဲ့တစ်ခုလည်းထိန်းကျောင်းဖို့ လိုတယ်လို့ယုံကြည်ပါတယ်။ ဒါ့ကြောင့် ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင်မီဒီယာတွေကို ဒီတာဝန်တွေဆောင်ရွက်နိုင်ဖို့ရာအတွက် အသွင်သဏ္ဌာန် ရော၊ အရည်အသွေးပါမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းဆောင် ရွက်တာဟာ အခုမှလုပ်တာမဟုတ်ဘဲ ယခင်ကတည်းက ကြိုးပမ်းဆောင်ရွက်လာခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ကနေ့သတင်းစာမီဒီယာကိုကြည့်မယ်ဆိုရင် ဗဟိုမှာသာမက တိုင်းဒေသကြီးနဲ့ပြည်နယ်မြို့ ကြီးများမှာပါ ကိုယ်ပွားသတင်းစာတိုက်များထူထောင်ပြီးတော့ ရိုက်နှိပ်ဖြန့်ဝေပေးလျက်ရှိတဲ့အတွက် မြန်မာနိုင်ငံဒေသအများအပြားမှာ သတင်းစာများကို နေ့ချင်းဖတ်ရှုနေနိုင်ကြပြီဖြစ်ပါတယ်။ အဲဒီလို နေ့ချင်းဖတ်ရှုနိုင်တဲ့ကျယ်ပြန့်မှုကို ဒီထက်ကောင်းမွန် တိုးတက်လာအောင်လည်း ဆက်လက်ကြိုးစား ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းပြလိုပါတယ်။

အသွင်သဏ္ဌာန်ရဲ့အရည်အသွေးနဲ့ ပတ်သက်ရင်လည်းပဲ ယခင်ကဗဟိုနဲ့ ကိုယ်ပွားသတင်းစာ တိုက်တွေမှာ နိုင်ငံခြားစက္ကူက ၈၀ ရာခိုင်နှုန်းနဲ့ ပြည်တွင်းထုတ်သတင်းစာစက္ကူက ၂၀ ရာခိုင်နှုန်း ပူးပေါင်းရိုက်နှိပ်ပါတယ်။ ကနေ့အခါမှာတော့ ပြည်တွင်းထုတ်သတင်းစာစက္ကူကို ၄၀၀ နှုန်းပဲ ထည့်သွင်းရိုက်နှိပ်ပြီးတော့ဆောင်ရွက်တဲ့အတွက် ကျွန်တော်တို့အရောင်အသွေးမှင်ကျမှင်နာများဟာ ပိုမိုအရည်အသွေးရှိလာတာကို တွေ့ကြရမှာဖြစ်ပါတယ်။ သို့သော်လည်း ဒီကိစ္စကနိုင်ငံတော်ရဲ့ ရငွေ၊ သုံးငွေချွေတာမှုများနဲ့လည်း ဆက်စပ်နေတာဖြစ်တဲ့အတွက်ကြောင့် ဒီလုပ်ငန်းအနေနဲ့ဝင်ငွေပိုမိုရရှိ အောင်ကြိုးစားပြီးတော့ ပြည်သူများအတွက်ဝန်ဆောင်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးမှာဖြစ် ကြောင်းရှင်းပြလိုပါတယ်။ နောက်တစ်ခုကလည်းပဲ ကနေ့ကျွန်တော်တို့ Black and White သတင်းစာစနစ်ကနေတစ်ဆင့် အခြားသောနိုင်ငံများနည်းတူ Colour သတင်းစာများလည်းဖြစ်အောင် ကျွန်တော်တို့ကြိုးပမ်းပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ရှင်းပြလို ပါတယ်။ အရည်အသွေးပိုင်းနဲ့ပတ်သက်ရင်တော့ ပြည်သူတွေ၊ ပြည်တွင်းပြည်ပသတင်းတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုသဘာဝဘေးအန္တရာယ်စတဲ့ ကဏ္ဍစုံကသတင်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ရရှိ၊ သိရှိနိုင်ဖို့ရာအတွက် ကနေ့တိုးမြှင့်ပြီးတော့ ဆောင်ရွက်ထုတ်လွှင့်ပေးလျက်ရှိ ပါတယ်။ အဲဒီလို ထုတ်လွှင့်ပေးတဲ့အခါမှာလည်းပဲ ကျွန်တော်တို့ပညာပေးမှုနဲ့ ဖျော်ဖြေမှုရောစပ်

ထားတဲ့ Edutainment သတင်းပေးမှုနဲ့ ဖျော်ဖြေမှုရောစပ်ထားတဲ့ Infotainment နည်းများနဲ့လည်း ဆောင်ရွက်ပေးလျက်ရှိတယ်ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။ ဒါ့အပြင်လည်းပဲ အယ်ဒီတာ အာဘော်၊ သတင်းဆောင်းပါးရေးသားနည်း ဒါတွေ အနှစ်သာရပိုမိုတိုးမြင့်လာဖို့ နိုင်ငံတကာက တိုးတက်လာတဲ့ မီဒီယာနည်းစနစ်များနဲ့အညီ အနှစ်သာရရှိရှိ ထိထိမိမိရေးနိုင်အောင်လည်း ပြည်တွင်းပြည်ပသင်တန်းတွေ၊ On Job Training တွေ၊ Work shop တွေနဲ့ဆောင်ရွက်ပေး လျက်ရှိတယ်လို့တင်ပြလိုပါတယ်။ ဒါ့အပြင်လည်းပဲ သတင်းများပိုမိုစုံလင်စွာနဲ့ ထည့်သွင်းနိုင်အောင် နယ်သတင်းထောက်များလည်း တိုးချဲ့ခန့်ထားပြီးတော့ သတင်းရယူမှု Network ပိုမိုကျယ်ပြန့် လာအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက် ကျွန်တော်တို့ရှိပါတယ်။ ဒါ့အပြင် အရေးကြီးဆုံးအချက် တစ်ခုဖြစ်တဲ့ တိုင်းပြည်နဲ့လူမျိုးအကျိုး၊ အမျိုးသားအကျိုးစီးပွားကို နိုင်ငံပိုင်သတင်းစာများရဲ့ မူဝါဒ အဖြစ်ကိုင်စွဲစေပြီး စတုတ္ထမဏ္ဍိုင်ပီသလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်လို့ သတင်းစာ မီဒီယာနဲ့ပတ်သက်ပြီး ကျွန်တော် အကျဉ်းချုပ်ပြောကြားလိုပါတယ်။ ထို့အတူပါပဲ နိုင်ငံပိုင်ရေဒီယိုနဲ့ ရုပ်မြင်သံကြားမီဒီယာကဏ္ဍကိုလည်း အသွင်သဏ္ဍာန်ရော အနှစ်သာရပါမြင့်မားပြီးတော့ ပြည်သူ့ အကျိုးကို ပိုမိုပြုနိုင်တဲ့မီဒီယာဖြစ်အောင် ယခင်ကဆောင်ရွက်ခဲ့သလို အခုလည်း ကြိုးပမ်းဆောင်ရွက် လျက်ရှိပါတယ်။ ပြည်သူအများကို သတင်းဗဟုသုတဖျော်ဖြေမှုတွေ ပိုမိုကျယ်ပြန့်စွာပေးနိုင်အောင်၊ တဘက်ကလည်း နိုင်ငံတကာနဲ့ရင်ဘောင်တန်းနိုင်အောင် ကနေ့အခါမှာ အခမဲ့ကြည့်ရှုလို့ရတဲ့ Free to air channel တွေ၊ အခကြေးငွေနဲ့ကြည့်ရှုရတဲ့ Pay channel တွေအများအပြားနဲ့ပေါင်းစပ်ပြီး ကျွန်တော်တို့ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒီလိုထုတ်လွှင့်တဲ့ အခါမှာလည်းပဲ နိုင်ငံတကာရဲ့သတင်း မီဒီယာ channel တွေလည်းပါဝင်အောင်ထုတ်လွှင့်ပေးပါတယ်။ အသိဗဟုသုတကို အဓိကဦးစားပေး ထုတ်လွှင့်တဲ့ channel တွေလည်းပေါင်းစပ်ထုတ်လွှင့်ပေးပါတယ်။ ဒါ့အပြင်လည်းပဲ ပညာပေးမှုနဲ့ ဖျော်ဖြေမှု၊ သတင်းနဲ့ဖျော်ဖြေမှု ပေါင်းစပ်ထားတဲ့ Edutainment, Infotainment channel တွေကို လည်းပဲ ဒါ ကျွန်တော်တို့ ထုတ်လွှင့်ပေးလျက်ရှိတယ်လို့ရှင်းပြလိုပါတယ်။ ဒီလိုထုတ်လွှင့်တဲ့အခါမှာ ဆရာကြီးဒေါက်တာမောင်မောင်ဝင့် ဆွေးနွေးသွားသလို မီဒီယာဆိုတာဟာ အရောင်အမျိုးမျိုးဆိုးပြီး ထုတ်လွှင့်လို့ရပါတယ်။ မိမိလိုရာကိုဆွဲပြီးတော့လည်းထုတ်လို့ရပါတယ်။ ဒါ့ကြောင့် အဲဒီလိုနိုင်ငံတကာ channel တွေကို နိုင်ငံတကာကရုပ်ရှင်ကားတွေ၊ ရုပ်မြင်သံကြားဇာတ်လမ်းတွေကို ထုတ်လွှင့်ရတဲ့ အခါမှာမိမိတို့နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုတွေကိုလည်းပဲ ကြီးမားစွာထိခိုက်ခြင်းမရှိရအောင် နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကိုလည်းကာကွယ်နိုင်အောင် ကျွန်တော်တို့ရုပ်ရှင်ဆင်ဆာအဖွဲ့နဲ့ ဆင်ဆာ စစ်ဆေးပြီးမှ ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်မြင်သံကြားဇာတ်လမ်းတွေကို ထုတ်လွှင့်ပေးပါတယ်။ ဒါ့အပြင်

နိုင်ငံတကာက ထုတ်လွှင့်တဲ့ channel တွေကို Relay System နဲ့တိုက်ရိုက် ထုတ်လွှင့်တဲ့အခါမှာလည်းပဲ Online ဆင်ဆာအဖွဲ့က ဆင်ဆာစစ်ဆေးပြီးမှ ထုတ်လွှင့်လျက်ရှိပါတယ်ဆိုတာကို ကျွန်တော်ရှင်းပြလိုပါတယ်။ ထို့အတူပဲ ရေဒီယိုထုတ်လုပ်မှုနဲ့ပတ်သက်ရင်လည်း ယခင်ကရှိခဲ့တဲ့ မြန်မာ့အသံနဲ့ တိုင်းရင်းသား အစီအစဉ်အပြင်၊ ယနေ့အခါမှာပိတောက်မြေ၊ FM ရေဒီယို channel အများအပြားကို မနက် ၅း၃၀ နာရီကနေ ည ၁၁း၀၀ နာရီအထိ ဆက်တိုက်ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒီ FM ရေဒီယိုတွေရဲ့ ပြည်သူပိုမိုစိတ်ဝင်စားစေဖို့၊ ပြည်သူကိုအကျိုးပြုနိုင်ဖို့အတွက် အနှစ်သာရရှိရှိ ဆောင်ရွက်နိုင်ဖို့ကိုလည်းပဲ ကျွန်တော်တို့ဘက်က အမျိုးသားအကျိုးစီးပွားကိုပဲအခြေခံပါ။ အဲဒီမူဝါဒကိုအခြေခံပြီးရင် မိမိဘာသာလွတ်လွတ်လပ်လပ်ကျယ်ကျယ် ပြန့်ပြန့်လုပ်ခွင့်ရှိပါတယ်ဆိုတဲ့လုပ်ပိုင်ခွင့်ကိုပေးပြီးတော့ ဆောင်ရွက်စေလျက်ရှိပါတယ်။ ဒါ့ကြောင့်လည်းပဲ ကနေ့အခါမှာ အဲဒီ FM ရေဒီယိုတွေဟာ ရွှေ FM ဆိုလို့ရှိရင် ကချင်ပြည်နယ်နဲ့မွန်ဒေသရဲ့ အသဲစွဲဖြစ်သလို၊ ချယ်ရီ FM ဆိုလို့ရှိရင်လည်း ရခိုင်ဒေသရဲ့အသဲစွဲဖြစ်နေတယ်လို့ ကျွန်တော်တို့ ဒီလိုသိရှိရပါတယ်။ ထို့အတူပဲ အဲဒီလိုရေဒီယို၊ ရုပ်မြင်သံကြား တွေ၊ Program တွေရိုက်ကူး ထုတ်လွှင့်တဲ့အခါမှာလည်းပဲ အနှစ်သာရရှိရှိ၊ အရည်အသွေးမြင့်မြင့်နဲ့ ပြည်သူကိုအလုပ်အကျွေးပြုနိုင်ဖို့၊ ပြည်သူတွေစိတ်ဝင်စားနိုင်စေဖို့ သူတို့ထုတ်လုပ်တဲ့သူတွေရဲ့ အရည်အသွေးမြင့်လာအောင် ပြည်တွင်းပြည်ပသင်တန်းတွေ၊ Work shop တွေ၊ ဆွေးနွေးပွဲတွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင်လည်းပဲ ကနေ့ IT ဟာ အဆက်မပြတ် တိုးတက်လျက်ရှိနေတာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများဟာ ရေဒီယိုနဲ့ ရုပ်မြင်သံကြား ထုတ်လွှင့်မှုကို Analogue ကနေ Digital ကိုကူးပြောင်းနေကြပါပြီ။ ဒါ့ကြောင့် ကျွန်တော်တို့ နိုင်ငံမှာလည်းပဲပြည်သူတွေ အရည်အသွေးပိုမိုပြီးကောင်းမွန်တဲ့ ရေဒီယို၊ ရုပ်မြင်သံကြားတွေကိုကြည့်ရှုနိုင်အောင်၊ ပြည်သူတွေအတွက်ရော နိုင်ငံတော်အတွက်ပါ နောင်အနာဂတ်ရေရှည်မှာ အကုန်အကျသက်သာအောင် Analogue စနစ်ကနေ Digital စနစ်ကို ကနေ့အခါမှာ တဆင့်ပြီးတဆင့် ကျွန်တော်တို့ ကူးပြောင်းလျက်ရှိတယ်ဆိုတာကိုလည်း ကျွန်တော်ဆွေးနွေးလိုပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ပိုင် State Media များကို ပြည်သူကပိုမိုစိတ်ဝင်စားအောင်၊ ပြည်သူ့အကျိုးကို ပိုမိုထမ်းဆောင်နိုင်တဲ့ အသွင်သဏ္ဌာန်ရော၊ အနှစ်သာရရောမြင့်မားတဲ့ မီဒီယာတွေဖြစ်လာအောင် ဆောင်ရွက်မှုကိုအကျဉ်းချုပ်ပြီးပြောရရင် (၁)ကတော့ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်တည်ဆောက်မှုတွေကို လုပ်နေပါတယ်။ (၂)ကတော့ ကျွန်တော်တို့ ဒီကျွမ်းကျင်မှုပိုင်းဆိုင်ရာ တိုးမြင့်တည်ဆောက်မှုတွေ လုပ်နေပါတယ်။ (၃)ကတော့ဖွဲ့စည်းမှု ပြုပြင်တည်ဆောက်မှုတွေလုပ်နေပါတယ်။ (၄)ကတော့ ကျွန်တော်တို့ ပူးပေါင်း

ဆောင်ရွက်မှု Network ကို ကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်လို့ အကျဉ်းချုပ်ပြီး ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်မီဒီယာများက အရည်အသွေးရှိရှိနဲ့ စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်ဆောင်ရွက်သလို ပုဂ္ဂလိကမီဒီယာများကလည်း စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ ဒါမှသာ စတုတ္ထမဏ္ဍိုင်ရဲ့တာဝန်ဖြစ်တဲ့ ကျန်မဏ္ဍိုင်(၃)ရပ်တည့်မတ်ရေးကို၊ ထိန်းညှိဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ အတိတ်ကာလကလို ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ပါတီစွဲတွေကို အခြေခံပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ကြမယ်ဆိုရင်တော့ စတုတ္ထမဏ္ဍိုင်ပီသမှု အားနည်းပြီး စတုတ္ထမဏ္ဍိုင်ရဲ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ ဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲတွေအပေါ်အခြေမခံဘဲ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံဆောင်ရွက်မှသာ စတုတ္ထမဏ္ဍိုင်ပီသပြီး တိုင်းပြည်နဲ့လူမျိုးအကျိုးကို ထိရောက်စွာဖော်ဆောင်နိုင်မှာဖြစ်တယ်လို့ ယူဆပါတယ်။ ဒီနေရာမှာ ဆရာကြီးဒေါက်တာမောင်မောင်ဝင့်က ပြည်သူတွေကကော ဘယ်လိုပူးပေါင်းဆောင်ရွက်ရမှာလဲဆိုတဲ့ ဒါ ကြိုပြီးစဉ်းစားတာရှိပါတယ်။ အဲဒီလို စတုတ္ထမဏ္ဍိုင်ခေါ်တဲ့ ဒီမီဒီယာတွေက ပြည်သူ့အကျိုးပြုတဲ့ စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်လာနိုင်အောင်လည်း ပဉ္စမမဏ္ဍိုင်လို့ပြောတဲ့ ပြည်သူတွေရဲ့အားဟာ အင်မတန်အရေးကြီးပါတယ်။ စတုတ္ထမဏ္ဍိုင်ပီသစွာ ဆောင်ရွက်တဲ့ မီဒီယာများကိုသာ ပြည်သူများက အားပေးလက်ခံဖို့ လိုအပ်ပါတယ်။ Chief Popularity မိမိငွေကြေးရရှိဖို့အတွက် အများကစိတ်ဝင်စားနိုင်တဲ့ ကိစ္စမျိုးတွေကိုလိုက်ပြီး ရေးသားနေတဲ့ မီဒီယာမျိုးတွေကို ပြည်သူက အားပေးမှုသတိပြုရမှာဖြစ်ပါတယ်။ အားများများပေးရင် ဒါတွေပဲ လုပ်နေမှာပါပဲ။ ဒါပြည်သူတွေအပိုင်းက ဘယ်လိုစဉ်းစားသင့်တယ်ဆိုတာကို ကျွန်တော် တင်ပြတာပါ။ ဒီလို တင်ပြတဲ့အခါမှာလည်းပဲ အနှောင့်အသွားလွတ်အောင် မနည်းစဉ်းစားရပါတယ်။ နည်းနည်းလေးများ ဆန္ဒစောသွားရင် အင်တာနက်ပေါ်မှာ အင်မတန် ကျွန်တော့်ကို ထိုးနှက်ကြတာဖြစ်ပါတယ်လို့ ပြောလိုပါတယ်။ အဲဒီတော့ သတင်းမီဒီယာသမားများ အားလုံးဟာလည်း တိုင်းပြည်နဲ့လူမျိုးကို ချစ်ကြတဲ့သူတွေ၊ မီဒီယာတန်ဖိုးကို အလေးထားမြတ်နိုးသူတွေ၊ မဏ္ဍိုင်သုံးရပ်ကို စတုတ္ထမဏ္ဍိုင်နဲ့ ထိန်းညှိပေးရမယ်လို့ ယုံကြည်တဲ့သူတွေဖြစ်တဲ့အတွက် မီဒီယာများဟာ စတုတ္ထမဏ္ဍိုင်ပီသရမယ်ဆိုတဲ့မူကို လက်ခံသဘောတူကြမယ်လို့ ယုံကြည်ပါတယ်။ ဒါ့အပြင် မီဒီယာများဟာ စတုတ္ထမဏ္ဍိုင်ပီသဖို့ဆိုရင် အခြေခံဥပဒေပုဒ်မ ၃၅၄ ပါ ဒါအားလုံးသိကြပြီးသားပါ ထပ်တလဲလဲလည်းဖြစ်နေပါပြီ။ ကျွန်တော်ထပ်ပြီးတော့ပဲ ပြောရမှာဖြစ်ပါတယ်။ နိုင်ငံသားများအနေနဲ့ နိုင်ငံတော်ရဲ့လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်)အများပြည်သူရဲ့ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများနဲ့ မဆန့်ကျင်လျှင်

မိမိတို့ရဲ့ယုံကြည်ချက်၊ တင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသား ဖြန့်ချီခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီပြဋ္ဌာန်းချက်ကိုကြည့်ရင် သတင်းမီဒီယာသမားများဟာ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့် ရှိသလို နိုင်ငံတော်ရဲ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုလည်းပဲ ထိန်းသိမ်းကာကွယ်ကြရမယ့် တာဝန်ရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ အလားတူပါပဲ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ရှိသလို ပြည်သူများရဲ့ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို မထိပါးမချိုးဖောက်မိအောင်လည်း တာဝန်ယူကြရမယ့် တာဝန်ရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူများရဲ့ ကိုယ်ကျင့်တရားအကျိုးငှာဆိုတဲ့စကားဟာ ကျယ်ပြန့်သိမ်မွေ့ပါတယ်။ ကျယ်ပြန့်သိမ်မွေ့တဲ့အလျောက် ဥပဒေနဲ့ပြဋ္ဌာန်းထားလို့ ရနိုင်တာတွေရှိသလို ဥပဒေနဲ့ ပြဋ္ဌာန်းထား လို့ မရနိုင်တာတွေလည်း ရှိပါတယ်။ ဥပဒေနဲ့ပြဋ္ဌာန်းထားလို့ ရနိုင်တာတွေကို ဥပဒေအတိုင်း လိုက်နာကြရမှာဖြစ်ပြီး ဥပဒေနဲ့ပြဋ္ဌာန်းထားလို့ မရနိုင်တာတွေကို မီဒီယာသမားတွေက ဆင်ခြင်တုံ တရားနဲ့ ထိန်းသိမ်းပေးကြရမှာ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော် ရှင်းပြလိုပါတယ်။ အဲဒီလို ဆောင်ရွက် မှသာ စတုတ္ထမီဒီယာဟာ ပြည်သူ့အကျိုးကိုပြုနိုင်တဲ့စတုတ္ထမဏ္ဍိုင်ပီသလာမှာဖြစ်တယ်လို့ ကျွန်တော် ဒီလိုရှင်းပြလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဟာ အနာဂတ်ကို မျှော်မှန်းဖို့လိုသလို အတိတ်က သင်ခန်းစာတွေ၊ ပစ္စုပ္ပန်မှာဖြစ်နေတာတွေကိုလည်း သတိပြုဖို့လိုအပ်မှာဖြစ်ပါတယ်။ အတိတ်က ဖြစ်ခဲ့တဲ့သင်ခန်းစာကိုတော့ ရှေ့မှာအကျဉ်းချုပ် ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ဒါကြောင့် လက်ရှိပစ္စုပ္ပန်မှာ ဖြစ်နေတာကို ကျွန်တော်အနည်းငယ် အကျဉ်းချုပ်ပြောပါမယ်။ ယနေ့ ဒီမိုကရေစီနိုင်ငံကြီးများမှာ မီဒီယာလွတ်လပ်ခွင့်ကို အလွဲသုံးစားလုပ်ကိုင်ဆောင်ရွက်နေကြတဲ့အတွက် နိုင်ငံရေးပြဿနာတွေ၊ လူမှုရေးပြဿနာတွေ အများအပြားပေါ်ပေါက်လျက်ရှိပါတယ်။ အဲဒီနိုင်ငံများမှာ အဲဒီပြဿနာများကို ဖြေရှင်းဖို့ရန်အတွက် မီဒီယာသမားများအနေနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားအတိုင်း သူတို့နိုင်ငံရဲ့ မှန်မှန်ကန်ကန်မျှမျှတတ လိုက်နာဆောင်ရွက်ကြစေဖို့အတွက် သူတို့နိုင်ငံရဲ့ လွှတ်တော်တွေ၊ အစိုးရအဖွဲ့အစည်းတွေကပါ ကြပ်မတ်အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ စောစောက ကျွန်တော် တင်ပြသလိုပါပဲ။ ကျွန်တော် လေမရှည်ပါဘူး။ ပုံပြင်လည်း မပြောပါဘူး။ သို့သော်လည်းပဲ မေးတဲ့မေးခွန်းကို ပြေအောင်ပဲ ဖြေကြားနေတာ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော် ဆက်ပြီးတော့ တင်ပြ လိုပါတယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းမီဒီယာတွေကို ပြည်သူ့အကျိုးပြု စတုတ္ထမဏ္ဍိုင်ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ မီဒီယာများရဲ့လွတ်လပ်ခွင့်ကို အခြေခံဥပဒေနဲ့အညီ အကာအကွယ်ပြုနိုင်အောင်၊ အမျိုးသား

အကျိုးစီးပွားကို အခြေခံတဲ့စတုတ္ထမဏ္ဍိုင်ပီသတဲ့ မီဒီယာဖြစ်လာအောင်၊ လွတ်လပ်မှုနဲ့တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲကျင့်သုံးတဲ့ မီဒီယာဖြစ်လာအောင် ထိန်းကျောင်းပေးနိုင်တဲ့ မီဒီယာဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ဖို့ လေ့လာဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင်လည်းပဲ ယခင်က စာပေစိစစ်ရေးမှု ၂၁ ချက်သတ်မှတ်ထားသော်လည်း ယခုအခါမှာ ၁၂ ချက်သို့ ပြောင်းလဲကျင့်သုံးလျက်ရှိပါတယ်။ ဒီလိုပြောင်းလဲသတ်မှတ် ကျင့်သုံးတာဟာလည်းပဲ ဘာကိုရည်ရွယ်တာလည်းဆိုလို့ရှိရင် ပုဂ္ဂလိကမီဒီယာများဟာ စတုတ္ထမဏ္ဍိုင်ပီသတဲ့ ပြည်သူ့အကျိုးပြုမီဒီယာများကို ရောက်ရှိလာနိုင်အောင် ပျိုးထောင်ပေးနေခြင်းပဲ ဖြစ်ပါတယ်။ ထို့အတူပါပဲ ဒီမီဒီယာစာပေစိစစ်ရေးမှု ၁၂ ရပ်အတွင်းက လွတ်လပ်မှုနဲ့တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ဆင်ခြင်တုံတရားကိုယှဉ်တွဲပြီး ရေးသားထုတ်ဝေခွင့်ပြုနေတာကလည်းပဲ အနာဂတ်မှာ စတုတ္ထမဏ္ဍိုင်ပီသစွာ ပြည်သူ့အကျိုးပြုနိုင်တဲ့ မီဒီယာတွေဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းပဲ ဖြစ်တယ်ဆိုတာကို ရှင်းပြလိုပါတယ်။

ထို့အတူပါပဲ။ စာအုပ်စာစောင်တွေ ထုတ်ဝေမှုကိုလည်းပဲ အုပ်စု(၁)ကို ထုတ်တင်စနစ်၊ အုပ်စု(၂)ကို တင်ထုတ်စနစ်နဲ့ ဆောင်ရွက်ပေးပါတယ်။ ဒါလည်း အရင်တစ်ပတ်တုန်းက ရှင်းခဲ့ပြီးသားပါ။ အဲဒီတော့ ဒီလိုဆောင်ရွက်ပေးတာကလည်း ဘာကိုရည်ရွယ်တာလည်းဆိုလို့ရှိရင် ပြည်သူ့အကျိုးပြုနိုင်တဲ့ စတုတ္ထမဏ္ဍိုင်အဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်ဆိုတာကို ကျွန်တော် ရှင်းပြလိုပါတယ်။ ဒါ့အပြင်လည်းပဲ ထူးချွန်တဲ့ သတင်းမီဒီယာသမားတွေ ပေါ်ပေါက်လာအောင်နဲ့ ပြည်သူ့အကျိုးကိုပြုနိုင်တဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်လာရေးအတွက် အထောက်အကူပြုနိုင်ဖို့ရာအတွက် စာပေစာနယ်ဇင်းအဖွဲ့၊ စာပေလောကသားများပါဝင်တဲ့ အမျိုးသားသတင်းစုရွေးချယ်ရေးကော်မတီကိုလည်း ၁၈-၈-၂၀၁၁နေ့မှာ စတင်ဖွဲ့စည်းဆောင်ရွက် လျက်ရှိပါတယ်။ ဒီကော်မတီက အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံးသတင်းဆောင်းပါးဆု၊ အကောင်းဆုံးဓာတ်ပုံဆု၊ အကောင်းဆုံးကာတွန်းဆုများကို စိစစ်ရွေးချယ်ချီးမြှင့်ပေးမှာ ဖြစ်ပါတယ်။ ဒါကလည်းပဲ ပြည်သူ့အကျိုးပြုတဲ့ စတုတ္ထမဏ္ဍိုင်မီဒီယာတွေဖြစ်လာဖို့ ပျိုးထောင်ပေးနေခြင်း ဖြစ်တယ်လို့ ရှင်းပြလိုပါတယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင်မီဒီယာတွေကို အသွင်သဏ္ဌာန်ရောအနှစ်သာရပါ ပြောင်းလဲတိုးတက်လာအောင် ဆောင်ရွက်နေသလို ပုဂ္ဂလိကမီဒီယာသမားများကိုလည်း အမျိုးသားအကျိုးစီးပွားကို အခြေခံသောစစ်မှန်တဲ့စတုတ္ထမဏ္ဍိုင် ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း ဒီလိုတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း ဒီလိုတာဝန်ကို အောင်မြင်အောင်ဆောင်ရွက်တဲ့နေရာမှာ ပြန်ကြားရေးဝန်ကြီးဌာနနဲ့အတူ စာပေစာနယ်ဇင်းအဖွဲ့နဲ့ စာပေလောကသားများအားလုံး ပါဝင်ပူးပေါင်းကူညီ ဆောင်ရွက်

ဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီစနစ်မှာ အရေးကြီးတဲ့အင်အားစုတစ်ခုဖြစ်တဲ့ အဓိကအခန်းကဏ္ဍမှာပါတဲ့ ပဉ္စမမဏ္ဍိုင်လို့ပြောရမယ့် ပြည်သူများအားလုံးကလည်း အသိတရားရှိရှိနဲ့ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒီလို ဘက်စုံထောင့်စုံ တက်ညီလက်ညီ ဆောင်ရွက်ကြမယ်ဆိုရင်တော့ မီဒီယာအားလုံးဟာ အမျိုးသားအကျိုးစီးပွားကို အခြေခံသော ပြည်သူများပိုမိုနှစ်သက်စွဲလမ်းသော ပြည်သူအကျိုးကိုပြုနိုင်သော စတုတ္ထမဏ္ဍိုင်များအဖြစ်သို့ လျင်မြန်စွာ ရောက်ရှိလာနိုင်မှာဖြစ်ကြောင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးညဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာတဲ့ဧည့်သည်တော်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည်စုံစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဆွေဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကြီး ၈ ခု အနက်မှာ မွေးမြူရေးနဲ့ သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနဲ့ စပ်လျဉ်းပြီးတော့ သိရှိလိုသည်များကို မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီလို တင်ပြတဲ့နေရာမှာ နိုင်ငံတော်အကျိုးစီးပွားနဲ့ အမျိုးသားအကျိုးစီးပွား၊ ပြည်သူလူထုအကျိုးစီးပွားတစ်ရပ်လုံးကို ရှေးရှုပြီးတော့ ကျွန်တော့် မေးခွန်းထဲမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မွေးမြူရေး၊ တိရစ္ဆာန်ကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး၊ စီးပွားရေး၊ သားငါးရိက္ခာဖူလုံရေးစတဲ့ အချက်တွေကို အားလုံးရောသမမွှေပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျေးလက်လယ်ယာကုန်ထုတ်လုပ်ငန်းအတွက်ကို ဒီနေ့နိုင်ငံတော်အစိုးရက စက်မှုလယ်ယာစနစ်နှင့် အားသွန်ခွန်စိုက်ကြိုးပမ်းနေပေမယ့် နိုင်ငံတော်ရဲ့ ရေ၊ မြေသဘာဝအရ ကျွန်တော်တို့ နိုင်ငံရဲ့ ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ ကျွဲ၊ နွားတွေ ဒီနေ့ လက်လွှတ်လို့ မရသေးပါဘူး။ သီးနှံထုတ်လုပ်ဖို့ အတွက်လည်း ကျွဲ၊ နွားတွေရဲ့ လုပ်အားနဲ့ လုပ်ရတုန်းရှိပါသေးတယ်။ ရှေးအစဉ်အဆက်ကလည်းပဲ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ ကျွဲ၊ နွားရဲ့ လုပ်အားတွေနဲ့ နိုင်ငံ့ရိက္ခာ ဖြည့်ဆည်းပေးခဲ့ပါတယ်။ သမိုင်းအရဆိုရင်တော့ ၁၈၉၀ ခုနှစ်မှာ အင်္ဂလိပ်ကိုလိုနီ အစိုးရလက်ထက်မှာ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးဝါးကုသဌာနကို စပြီးတော့ထူထောင်ခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ဆိုရင်

မြန်မာနိုင်ငံမွေးမြူရေးနဲ့ ဆေးကုသရေးဦးစီးဌာနရဲ့ သက်တော်သည် ၁၈၉၀ ခုနှစ်က စတဲ့အတွက် အနှစ် ၁၂၀ အာရှမှာတော့ ဒီဌာနဟာသက်တော်ရှည်ဌာနကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။ အခုမှာလည်းပဲ နိုင်ငံတော်က မွေးမြူရေးနဲ့ဆေးကုသရေးတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပြီးတော့မှ တကယ်တတ်ကျွမ်းနား လည်ပြီးတော့ ကမ္ဘာ့အဆင့်မီတဲ့ အတတ်ပညာရှင်တွေ ဆေးကုသရေးပညာရှင်တွေကို ထိုက်ထိုက် တန်တန်မွေးထုတ်ခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ လက်ရှိ အနေအထားအရဆိုရင်တော့ တိရစ္ဆာန်ဆေးကုဆရာဝန်များနဲ့ တိရစ္ဆာန်ဆေးကုဝန်ထမ်းများဟာ လိုအပ်ချက်ကို ဖြည့်ဆည်းအောင် လိုအပ်ချက်နဲ့အညီ ဖြည့်ဆည်းပေးနိုင်မှု မရှိသေးပါဘူး။ ဒီမှာ ကျွန်တော်တို့ ကမ္ဘာနဲ့ယှဉ်ပြီးကြည့်မယ် ဆိုရင်တော့ ၂၀၁၁-၂၀၁၂ ရဲ့ ကိန်းဂဏန်းအရ ကျွန်တော်တို့ နိုင်ငံမှာ တိရစ္ဆာန်ဆေးကုဝန်ထမ်းဦးရေ ဟာ အချိုးအားဖြင့်ဆိုရင် တိရစ္ဆာန်ယူနစ်နဲ့ဆိုရင် ၁း၁၈၈၅၀ လို့ သိရှိရပါတယ်။ အနောက်နိုင်ငံတွေမှာ တော့ ၁း၂၅၀၀ အိမ်နီးချင်းထိုင်းနိုင်ငံမှာ ၁း၈၇၂၂ ရှိတဲ့အတွက် နိုင်နိုင်နင်းနင်းနဲ့ လုပ်နိုင်ကိုင်နိုင်တဲ့ အခြေအနေရှိတယ်လို့ သုံးသပ်လို့ရပါတယ်။ အိမ်နီးချင်းနိုင်ငံအနေနဲ့ဆိုရင်တော့ ကမ္ဘောဒီးယားဟာ ကျွန်တော်တို့ ထက်နိမ့်ပါတယ်။ သူတို့ရဲ့အချိုးအစားကတော့ ၁း၃၀၀၀၀ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ထက်တစ်ဆကျော်လောက် ထမ်းဆောင်နေရတဲ့ အခြေအနေရှိပါတယ်။ လက်ရှိအခြေအနေဟာ ကျွန်တော် တို့ရဲ့ ဒီနေ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ၈ ခုမှာ မွေးမြူရေးနဲ့ သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ကျွန်တော်တို့ ဒီနေ့ တိရစ္ဆာန်ယူနက်စကို ကိုင်တွယ် ကြည့်ရှုနေရတဲ့ အနေအထားဟာလုံလောက်မှုမရှိပါဘူး။ ဆီလျော်မှုမရှိဘူး။ လိုအပ်ချက်တွေရှိနေသေး တယ်လို့ ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။ ဒါကြောင့်လည်းပဲ ဒီနေ့ တိရစ္ဆာန်ဆေးကုဝန်ထမ်းများ ဌာနအနေနဲ့ဆိုလို့ရှိရင်တော့ ရောဂါသုတေသနဓာတ်ခွဲခန်းတွေ၊ နည်းပါးနေပါသေးတယ်။ ကူးစက် ရောဂါများကျရောက်လို့ရှိရင် ရောဂါထိန်းချုပ်ဖို့ဝန်ထမ်းအင်အားနည်းပါးနေတဲ့အတွက် ဒီဝန်ထမ်းတွေဟာ ခက်ခဲပင်ပန်းစွာနဲ့ တာဝန်ကျေပွန်အောင် ရုန်းကန်ပြီးတော့မှ ထိန်းသိမ်းဆောင်ရွက်ရတဲ့ အနေအထား ရှိပါတယ်။ လက်ရှိအခြေအနေက ကမ္ဘာမှာ ဒီနေ့ကြက်ငှက်တုပ်ကွေး၊ ဝက်နားရွက်ပြာရောဂါစတဲ့ ရောဂါတွေဟာ ကျွန်တော်တို့ရဲ့ သားငါးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနဲ့ ပတ်သက်လို့ကြီးစွာသော အဟန့်အတားတွေဖြစ်နေပါတယ်။ ဒီမှာ ထူးခြားချက်အခြေအနေကတော့ ကြက်ငှက်တုပ်ကွေး ရောဂါဟာ ဒီနေ့ကမ္ဘာမှာ အထိတ်တလန့်နဲ့ လူကိုကူးစက်တဲ့ရောဂါ ဒီဗိုင်းရပ်စ်က လူကိုကူးစက်တဲ့ ရောဂါဖြစ်တယ်ဆိုတာ ကမ္ဘာ့နိုင်ငံအသီးသီးက ဒါဆောင်ရွက် နေရပါတယ်။ ဝက်တုပ်ကွေးရောဂါ လူကို ကူးစက်ပါတယ်။ ယခင်တုန်းကဆိုရင် တိရစ္ဆာန်ကနေ လူကိုကူးစက်တဲ့ရောဂါ ခွေးရူးရောဂါတစ်ခု လောက်သာ လွန်ခဲ့တဲ့ရာစုနှစ်လောက်ကရှိပေမယ့် အခုဒီ ဗိုင်းရပ်စ်ရောဂါပိုး အသစ်တွေဟာ $H_5 N_1$

တို့လို ရောဂါပိုးတွေဟာဆိုလို့ရှိရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ချိတ်ဆက်ပြီးတော့မှ တော်တော်လေး နိုင်ငံအသီးသီးမှာ ဆောင်ရွက်နေရတဲ့အခြေအနေရှိနေပါတယ်။ နောက်တစ်ခါ ဒီနေ့ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးနဲ့ ဒါအဖွဲ့အစည်းတွေဟာဆိုရင် တိရစ္ဆာန်ကျန်းမာရေးဆိုတဲ့ AnimalHealth နဲ့ပြည်သူ့ ကျန်းမာရေး Public Health ကို ဆက်စပ်ပြီးတော့မှ အလေးထားဆောင်ရွက်နေရတဲ့ အနေအထား တွေလည်းရှိပါတယ်။ ဒီလို ကျွန်တော်တို့ နိုင်ငံအခြေအနေနဲ့ ကြည့်မယ်ဆိုရင် ကြက်ငှက်တုပ်ကွေး၊ ဝက်နားရွက်ပြာရောဂါဟာ တောင်သူလယ်သမားတွေရော၊ မွေးမြူရေးလုပ်ငန်းရှင်တွေရော တော်တော်လေးကိုထိခိုက်ပြီးတော့မှ တချို့ဆိုရင်နစ်နာဆုံးရှုံးပြီး အရင်းပြုတ်တဲ့အဆင့်အထိ ဒီလို အခြေအနေမျိုးတွေရှိလာတဲ့အပြင် သူကမှတစ်ဆင့် Public Health ဖြစ်တဲ့လူရဲ့ ကျန်းမာရေး ထိခိုင်စေနိုင်တဲ့ကူးစက်ရောဂါကို ဆက်လက်ပြီးတော့မှ ပြန့်ပွားနိုင်တဲ့အတွက် စီးပွားရေးအရရော ကျန်းမာရေးအရရော တော်တော် အလေးထားဆောင်ရွက်ရတဲ့ အနေအထားရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့ကနေပြည်တော်မှာကျင်းပတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတကြီးက ရာသီသီးနှံများအလှည့်ကျ နှစ်သီး၊ သုံးသီးစိုက်ပျိုးခြင်းအားဖြင့် ပင်မဝင်ငွေဖြစ်တဲ့ Primary Income များဖြစ်အောင်လည်း လေးငါးလ အလှည့်ကျစောင့်၍ ရရှိမည့်ဝင်ငွေဖြစ်တဲ့အတွက် ဒုတိယဝင်ငွေ Secondary Income ရရှိရေး အတွက် တစ်ပိုင်တစ်နိုင် ကြက်မွေးမြူတာတို့၊ ဝက်မွေးမြူခြင်းတို့၊ နွားမွေးမြူခြင်းတို့အပြင် ရေမြေ အခြေအနေပေးမယ်ဆိုရင် ပေါင်းစည်းလယ်ယာ Integrated Farming ကိုတိုးချဲ့ဆောင်ရွက်ဖို့ ဆိုပြီးတော့မှ အတိအလင်းလမ်းညွှန်ခဲ့တာရှိပါတယ်။ ၂၀၁၁ ခုနှစ်ဖြစ်တဲ့ ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ရဲ့ ဆောင်ပုဒ်အနေနဲ့လည်းပဲ Best for health, Best for food, Best for planet ဆိုပြီးတော့မှ မွေးမြူဆေးကုကောင်းကျိုးပြု ဝပြောကျန်းမာတို့ကမ္ဘာဆိုပြီးတော့ ကမ္ဘာနဲ့အဝှမ်း ချမှတ်ပြီးတော့ လှုပ်ရှားလျက်ရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာလက်ရှိလှုပ်ရှားအကောင် အထည်ဖော်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချ နိုင်ရေးလုပ်ငန်းစဉ်ကြီး ၈ ခု အနက်မှာ မွေးမြူရေးနဲ့သားငါးထုတ်လုပ်မှု လုပ်ငန်းတိုးတက်ရေးလုပ်ငန်းကို အင်ပြည့်အားပြည့် ထိရောက်စွာအထောက်အကူပြုနိုင်ရေးအတွက် မွေးမြူရေးပညာပေးရေး၊ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးရေး၊ ကာကွယ်ရေးနဲ့ကုသရေး၊ ရောဂါသုတေသနပြုစုရေးတို့ကိုဆောင်ရွက်ဖို့ အထူးလို အပ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကို လက်ရှိအခြေအနေနဲ့လိုက်လျောညီထွေစွာ အဆင့်မြှင့်တင်ပြီးတော့မှ ကမ္ဘာ့အဆင့်မီ သိသိသာသာ

မြှင့်တင်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်းလေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးတင်နိုင်သိန်း(ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်းရဲ့ မွေးမြူရေးနဲ့ သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနဲ့စပ်လျဉ်းတဲ့ ယနေ့နိုင်ငံတော်အစိုးရက ဦးဆောင်အကောင်အထည်ဖော်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ်အနက် မွေးမြူရေးနဲ့ သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆိုင်တဲ့မေးခွန်းများကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ဦးဉာဏ်ဆွေဝင်းရဲ့မေးခွန်း ပထမပိုင်းမှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဟာ တိရစ္ဆာန်ရောဂါကူးစက်မှုများ ကာကွယ်ရေး၊ ကုသရေး၊ မွေးမြူရေးတို့ကို ဆောင်ရွက်လျက်ရှိပေမယ့် မြို့နယ်အသီးသီးမှာ မွေးမြူရေးတိရစ္ဆာန်အကောင်ရေ အဆမတန်များပြားခြင်း၊ ဆေးဝါးနှင့်ကုသရေးပစ္စည်းတွေမလုံလောက်ခြင်း၊ ခရီးစရိတ်ခွဲခန်းအရေးအတွက် နည်းပါးခြင်းတို့ကြောင့် ပင်ပန်းခက်ခဲစွာ ဆောင်ရွက်နေရပြီး ယခုအချိန်ကာလမှာ ကြက်ငှက်တုပ်ကွေး၊ ဝက်နားရွက်ပြာရောဂါစတဲ့ရောဂါ ကျရောက်မှုများကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ ကျေးလက်တောင်သူများ နစ်နာဆုံးရှုံးလျက်ရှိကြောင်း ဖော်ပြထားပါတယ်။ ဒီအချက်နဲ့စပ်လျဉ်းပြီးတော့လည်း တိရစ္ဆာန်ဦးရေနဲ့ တိရစ္ဆာန်ဆေးကုဆရာဝန် ဦးရေအချိုးကိုလည်း ဦးဉာဏ်ဆွေဝင်း ရှင်းလင်းတင်ပြသွားသလို ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁း၁၈၈၅၀ ရှိပြီး ကျွန်တော်တို့ထက် ဖွံ့ဖြိုးတဲ့နိုင်ငံများ ဒါလည်း ကျွန်တော်တို့ ဦးဉာဏ်ဆွေဝင်း တင်ပြသွားတဲ့ ထိုင်းနိုင်ငံဆိုရင် ၁း၈၀၀၀ ကျော်လောက်နဲ့ ကမ္ဘောဒီးယား၊ လာအိုဆိုရင်တော့ ၁း၃၀၀၀၀ လောက်ရှိပါတယ်။ ကျွန်တော်တို့ အာဖရိကနဲ့အရှေ့အလယ်ပိုင်းနိုင်ငံတွေကတော့ ၁း၂၀၀၀၀ ခန့်ရှိပါတယ်။ မြောက်အမေရိက၊ တောင်အမေရိကနိုင်ငံတွေကတော့ တချို့ ၁း၁၂၅၀၀ လောက်ရှိပါတယ်။ လက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်တစ်ရုံး၊ နေပြည်တော် ပြည်နယ်/တိုင်းဒေသကြီး ဦးစီးမှူးရုံး ၁၅ ရုံး၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး ၆၅ ရုံး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး ၃၂၅ ရုံး၊ ဖွင့်လှစ်ထားရှိပြီး တိရစ္ဆာန်ဆေးကုဆရာဝန်ပေါင်း

၉၉၆ ဦး၊ လက်ထောက်တိရစ္ဆာန်ဆေးကုမှူး ၆၂ ဦး၊ ဒု-လက်ထောက် ကြီးကြပ်ရေးမှူး တိရစ္ဆာန်ဆေးကု ၈၉ ဦးနဲ့ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးလုပ်ငန်းများ၊ တိစ္ဆာန်ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများနဲ့ သားငါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးနဲ့ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာစံနှုန်းတိရိစ္ဆာန် ၁ ယူနစ် One Veterinary Livestock Unit-VLU အရ ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ တိရစ္ဆာန်အရေအတွက်ထက်စာရင် တိရစ္ဆာန်ဆေးကုဆရာဝန် အရေအတွက်ဟာ ထပ်မံတိုးချဲ့ဖွဲ့စည်းရန်လိုအပ် လျက်ရှိပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ဘဏ္ဍာငွေ အခြေအနေနှင့်အချိုးအစားအရ တစ်နှစ်ပြီးတစ်နှစ် ဖွဲ့စည်းသွားရန် အစီအစဉ်ရှိတဲ့အတွက်ကြောင့် လည်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှာ ယခင်နှစ်ကအထိတစ်နှစ်ကို ကျောင်းသား ၂၀၀ လက်ခံ နေရာကနေပြီးတော့မှ ယခုနှစ်ကျောင်းသား ၂၅၀၊ ရာခိုင်နှုန်းအားဖြင့် ၂၅ ရာခိုင်နှုန်းတိုးချဲ့ပြီးတော့မှ ဒီနှစ်က စပြီးတော့လက်ခံပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ နောင်ကိုလည်း ဒီလိုတိုးချဲ့ လက်ခံခြင်း ဟာ ကျွန်တော်တို့ဌာနကို တိုးချဲ့ဖွဲ့စည်း သွားမယ်ဆိုတဲ့အနေအထား ဖြစ်ပါတယ်။ တိရစ္ဆာန်ကူးစက် ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနဲ့ပတ်သက်ပြီး ရန်ကုန်၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ပုသိမ် ဒေသဆိုင်ရာ ဓာတ်ခွဲခန်းများကနေပြီး ထုတ်လုပ်လျက်ရှိပါတယ်။ တိရစ္ဆာန်ရောဂါရှာဖွေရေးအတွက်ကို ရန်ကုန်၊ စစ်ကိုင်း၊ တောင်ကြီး၊ ပုသိမ်ဒေသဆိုင်ရာဓာတ်ခွဲခန်းများအပြင် တိရစ္ဆာန်ထိန်းသိမ်း စစ်ဆေးရေးစခန်းများအဖြစ် ရန်ကုန်လေဆိပ်၊ မန္တလေးလေဆိပ်၊ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံတို့မှာ ဖွင့်လှစ်ထားရှိပါတယ်။

တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများဟာ ကြက်ခြေပြာတိရစ္ဆာန် ကျန်းမာရေးလုပ်သားများနဲ့ ပြည်သူလူထုပူးပေါင်းကူညီမှုနဲ့ လည်း တစ်ဖက်တစ်လှမ်းက ကြိုးစားဆောင်ရွက်လျက်ရှိရာမှာ ၁၉၈၈-၁၉၈၉ မတိုင်မီက ကြက်ခြေပြာ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၉၈၆ ဦးရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ မှာ ၁၅၂၈ ဦးအထိ တိုးတက်လာ ကြောင်း တင်ပြအပ်ပါတယ်။ ရောဂါကာကွယ်ထိန်းချုပ်ရေး မွေးမြူရေးနဲ့ဆိုင်တဲ့ ပညာပေးမှုတွေကို ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင် အဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ ပူးပေါင်းပြီး ပညာရှင် များသုတေသနစာတမ်းဖတ်ပွဲ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း သုတေသနစာတမ်း ဖတ်ပွဲများ ပြုလုပ်လျက်ရှိတဲ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာပေးသင်တန်းများ အဆက်မပြတ်ဖွင့်လှစ်ခဲ့ပြီး မကြာမီက ဝက်နားရွက်ပြာရောဂါကျရောက်ချိန်

မှာ FAO နဲ့ညှိနှိုင်းပြီး နိုင်ငံခြားသားပညာရှင်များ လာရောက်ကွင်းဆင်းပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်ခွဲခန်းများကို နိုင်ငံတော်အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအကူအညီနဲ့လည်းကောင်းတိုးချဲ့သွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဦးဉာဏ်ဆွေဝင်းရဲ့ မေးခွန်းဒုတိယပိုင်းမှာ ရောဂါကာကွယ်ရေးအပြင် တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးရေးကရတဲ့ Primary Income အပြင် ဒုတိယဝင်ငွေ Secondary Income ရရှိရေးအတွက် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်မွေးမြူခြင်း ပေါင်းစည်းလယ်ယာဆောင်ရွက်ခြင်းပြုလုပ်ရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မိန့်ကြားခဲ့ကြောင်းနဲ့ မွေးမြူဆေးကုကောင်းကျိုးပြု၊ ဝပြောကျန်းမာတို့ ကမ္ဘာဆိုတဲ့လှုပ်ရှားမှုကြီးနဲ့အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ်အနက် တစ်ခုအပါအဝင်ဖြစ်တဲ့ မွေးမြူရေးနဲ့သားငါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အင်ပြည့်အားပြည့် ထိရောက်စွာဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဟာ ကမ္ဘာ့အဆင့်မီမီသိသိသာသာ တိုးချဲ့မြှင့်တင်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းတဲ့အပိုင်း ဖြစ်ပါတယ်။ ဦးဉာဏ်ဆွေဝင်းရဲ့ မေးမြန်းချက်မှာပါတဲ့အတိုင်း ရောဂါကာကွယ်ကုသရေးလုပ်ငန်းဟာအရေးကြီးသလို တောင်သူလယ်သမားများကနေပြီးတော့မှ မွေးမြူရေးလုပ်ငန်းရှင်အထိ မွေးမြူထုတ်လုပ်မှုကနေပြီးတော့မှ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်ဖို့ကလည်းများစွာအရေးကြီးပြီး သမ္မတကြီးရဲ့လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအောင်မြင်အောင် ပညာပေးမြှင့်တင်ဆောင်ရွက်ဖို့ အထူးလိုအပ်တာကိုပြန် လည်ဆန်းစစ်ကြည့်မယ်ဆိုရင် တွေ့ရှိနိုင်ပါတယ်။ ဒါကြောင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရဲ့လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုများကို ပြန်လည်ဆန်းစစ်တဲ့အခါမှာ ရောဂါကာကွယ်ရေး၊ ကုသရေးတစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်နေတာတွေ့ရပြီး မွေးမြူရေးကဏ္ဍဆောင်ရွက်မှုများမှာတော့လိုအပ်ချက်များရှိနေတဲ့အတွက်ကြောင့် နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အဓိကရည်မှန်းဆောင်ရွက်လိုတဲ့မွေးမြူရေးရော၊ ကုသရေးရောအပိုင်းနှစ်ပိုင်းလုံးဆောင်ရွက်နိုင်တဲ့ ဌာနကြီးအဖြစ် ပြောင်းလဲဖို့လိုအပ်တဲ့အတွက် ယခုဆိုလို့ရှိရင် ရောဂါကာကွယ်ကုသရေး သပ်သပ်ရှုထောင့်မှဆောင်ရွက်တဲ့လုပ်ငန်းတာဝန်များအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်မှာ မွေးမြူရေးနှင့်သားငါးထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို လုပ်ငန်းစဉ် ၅ ရပ်ချမှတ်ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ (၁)ကတော့ တစ်ပိုင်းတစ်နိုင်ဟင်းစားအဖြစ်မွေးမြူနေရာမှ တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူရေးအဆင့်သို့ကူးပြောင်းရေး၊ (၂)ကတော့ အစာဖိုး၊ ထုတ်လုပ်မှုစရိတ်မြင့်မားမှုလျှော့ချနိုင်သည့်အပြင် ဘေးထွက်ပစ္စည်းများနဲ့ စိုက်ပျိုးရေးရော မွေးမြူရေးပါ အကျိုးရှိစွာ

ဆောင်ရွက်နိုင်တဲ့ ပေါင်းစည်းလယ်ယာစနစ်ဖြင့် ဆောင်ရွက်ရေး၊ (၃) ကတော့ ရွာတစ်ရွာမှာ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ် တစ်ယောက်တစ်မျိုးစီ မွေးမြူထုတ်လုပ်နေခြင်းကနေပြီး တော့မှ စုစည်းထုတ်လုပ် တင်ပို့ခြင်းဖြင့် ကုန်ကျစရိတ်များလျှော့ချဈေးကွက်စုစည်း ဝင်ရောက်နိုင် မယ့်နည်းလမ်းကို ဦးတည်တဲ့ တစ်ရွာကိုထွက်ကုန်တစ်မျိုး (One Village One Product) စုစည်းမွေးမြူထုတ်လုပ် ဈေးကွက် တင်ပို့ရေး၊ (၄)ကတော့ ငွေကြေးတတ်နိုင်တဲ့ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် စီးပွားဖြစ် မွေးမြူထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်ရေး၊ (၅)ကတော့ မွေးမြူရေးဇုန်များထူထောင်ပြီး ပြည်တွင်း ပြည်ပဈေးကွက်ထုတ်လုပ်ဖြန့်ချီမှုလုပ်ငန်းများကို မြှင့်တင်ရေးဆိုတဲ့လုပ်ငန်းစဉ် ၅ ရပ်ကို ဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီလို စတင်ဆောင်ရွက်ခဲ့သော်လည်းပဲ ရောဂါကာကွယ်ကုသရေးကိုသာ နှစ်ပေါင်း ကြာမြင့်စွာဇောင်းပေးဆောင်ရွက်လာမှုကြောင့် ရောဂါကာကွယ်ရေးရောမွေးမြူရေးပါ စွမ်းဆောင် ရည်ရှိရှိ ဆောင်ရွက်နိုင်ရန်အလို့ငှာ ယခင်က မွေးမြူရေးဆေးတက္ကသိုလ်မှာ ရောဂါကာကွယ်ကုသရေး ဘာသာရပ်များကိုသာ အဓိကသင်ကြားလေ့ကျင့်လျက်ရှိရာမှ ပြီးခဲ့သည့်နှစ်လသုံးလအတွင်း ပြန်လည်သုံးသပ်ပြီး နိုင်ငံတကာအခြေအနေများနှင့် တက္ကသိုလ်ပညာရေးကောင်စီမူဘောင်များ အတွင်းက ခေတ်ကာလနှင့်လိုက်လျောညီထွေရှိစေမည့် မွေးမြူရေးဘာသာရပ်များကို တတိယနှစ် ကနေစပြီး သင်ကြားလေ့ကျင့်နိုင် အောင်သင်ရိုးညွှန်းတမ်းအသစ်များရေးဆွဲပြီး သက်ဆိုင်ရာကိုတင်ပြ ထားပြီးဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းမှာ စာတွေ့သာမက လက်တွေ့ပါဆောင်ရွက်နိုင်ရန် မွေးမြူရေး ဆေးတက္ကသိုလ်မှာ ဓာတ်ခွဲခန်းများအပြင် မွေးမြူရေးခြံများပါတိုးချဲ့ပြီး လေ့ကျင့်ပညာပေးဆောင်ရွက် ရန်လည်း စီစဉ်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးများထဲမှာလည်း မွေးဆေးတက္ကသိုလ်ဆင်းများပါဝင်တဲ့အတွက်ကြောင့် မွေးဆေးတက္ကသိုလ်ရဲ့ ပြောင်းလဲမှုများကို ကွင်းဆင်းကြည့်ရှုနိုင်ပါကြောင်းနဲ့ အကြံဉာဏ်များပံ့ပိုးပေး နိုင်ပါရန် တင်ပြအပ်ပါတယ်။ အလားတူ ငါး၊ ပုဇွန်မွေးမြူရေးနှင့် ထုတ်လုပ်ရေးကဏ္ဍမှာလည်း နာဂစ်၊ ဂီရိမုန်တိုင်း ကာလထိခိုက်ဆုံးရှုံးမှု၊ ရောဂါကျရောက်မှု၊ အစာဈေးကြီးမြင့်လာချိန် ထုတ်လုပ်မှုစရိတ် မြင့်မားပြီး တွက်ခြေမကိုက်မှု၊ ငါးမြစ်ချင်းများ စုပုံတိုးချဲ့မွေးမြူမှုကြောင့် Supply Demand မမျှတဘဲ လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ ကန်ကျပ်မှ ကန်ချောင်အဖြစ်လျော့၍ မွေးမြူလာခြင်း၊ ဒေါ်လာဈေးကျဆင်းတဲ့အခါ ပိုမိုထိခိုက်ဆုံးရှုံးခြင်းစတဲ့ဖြစ်စဉ်များအပေါ် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်နှင့်အညီ ငါးမွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ငါးမွေးမြူရေးအသင်း၊ ပုဇွန်မွေးမြူရေးအသင်းနှင့် ရေထွက်ပစ္စည်း ပြင်ပတင်ပို့ရောင်းချ သူများအသင်းတို့ ညှိနှိုင်းပြီး Supply နှင့် Demand တွက်ချက်ပြီး ဈေးကွက်ဝယ်လိုအားရှိတဲ့ ငါး၊

ပုဇွန်မျိုးစိပ်များ ပြောင်းလဲမွေးမြူထုတ်လုပ်ရေး ဈေးကွက်သေချာအောင် အထူးပြုကုမ္ပဏီများ ဖွဲ့စည်းပြီး အောင်မြေမွေးမြူရေးအစုအဖွဲ့များနှင့် ချိတ်ဆက်ပြီး Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ရေးစသည့်လုပ်ငန်းများကို ငါး၊ ပုဇွန်မွေးမြူရေး အလှည့်အပြောင်းတစ်ရပ်ဖြစ်အောင် ပြန်လည်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီနေရာမှာ ငါး၊ ပုဇွန်မွေးမြူထုတ်လုပ်ရေးအလှည့်အပြောင်း Turning Point တစ်ရပ်ပြုလုပ်ဖို့အသင်းအဖွဲ့များနဲ့အောက်ခြေထိကွင်းဆင်း ညှိနှိုင်းဆောင်ရွက်ဖို့ စဥ်းစားစီစဥ်လာရခြင်းမှာလည်း ပြီးခဲ့တဲ့ဒေါ်လာဈေးကျဆင်းချိန်မှာရေလုပ်ငန်းနယ်ပယ်ထိခိုက်မှုများအနက်မှာ မွေးမြူထုတ်လုပ်မှုကဏ္ဍက အထိခိုက်ဆုံးဖြစ်တဲ့အတွက်ကြောင့် မကြာမီကပင်လယ်ငါးဖမ်းဆီးခြင်းမှရတဲ့ ဂျက်တီများ၊ ငါးလေလံဈေးများ၊ စံပြငါးဈေးများ၊ ငါးကန်များ၊ အအေးခန်းများကို ကွင်းဆင်းလေ့လာကြည့်ရှုပြီး ပြည်ပတင်ပို့သူလုပ်ငန်းရှင်များ အသင်းအဖွဲ့များ မွေးမြူသူများနှင့် တွေ့ဆုံခဲ့ပါတယ်။ ဂျက်တီများကိုလေ့လာတဲ့အခါမှာ ပြင်ပတင်ပို့သူလုပ်ငန်းရှင် အသင်းကနေ တာဝန်ရှိသူတစ်ဦးကနေပြီးတော့မှ အပတ်စဥ်ပင်လယ်ပြင်ငါးဖမ်းဆီးခြင်းမှရတဲ့ ငါးမျိုးစုံပမာဏဟာ အအေးခန်းစက်ရုံ လေးငါးရုံခန့် စာသာရှိတဲ့အတွက်ကြောင့် အအေးခန်း ၇၀၊ ၈၀ ရှိတဲ့အအေးခန်းများအားလုံးအတွက်တော့ ပင်လယ်ပြင်ကနေငါးဖမ်းလို့ရတဲ့ ကုန်ကြမ်းလိုအပ်နေပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။ ငါး၊ ပုဇွန်မွေးမြူရေးကဏ္ဍကို ကွင်းဆင်းလေ့လာကြည့်ရှုတဲ့အခါမှာ နာဂစ်ပြီးတဲ့အခါမှာ နာဂစ်ကြောင့်ထိခိုက်ပျက်ဆီးမှု၊ အဲဒီနောက်ပိုင်းမှာ လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်ကစပြီး ငါးမြစ်ချင်းများကို ဈေးကောင်းရတဲ့အတွက်ကြောင့် စုပြုံမွေးမြူလာမှု၊ အဲဒီအခါမှာ Supply နှင့် Demand ဈေးကွက်ဝယ်လိုအားနဲ့ အစာဈေးနဲ့မကိုက်တော့တဲ့ အခြေအနေကြောင့် ကွင်းဆင်းကြည့်ရှုတဲ့အချိန်မှာ ကန်များဟာ ကန်ကျပ်အဆင့်မှ ကန်ချောင်အဆင့်သို့ လျှော့ပြီးတော့မှ မွေးမြူလာတာကိုတွေ့ရှိရပါတယ်။ စံပြငါးဈေးဟာလည်း ရှေးယခင်အတိုင်းပဲ တစ်ရက်လျှင် ပိဿာချိန် ၁၂၀၀၀၀ ကနေပြီး တော့မှ ၁၅၀၀၀၀ အထိပုံမှန်ဝင်နေပြီ တိုင်းနှင့်ပြည်နယ်အားလုံးရဲ့ ငါး၊ ပုဇွန် စားသုံးမှုများနဲ့ လိုအပ်ချက်များကို ကွင်းဆင်းကြည့်ရှုတဲ့အခါမှာ စားသုံးမှုဟာ များစွာလိုအပ်နေပြီးတော့ ဈေးကွက်မှာ သယ်ယူပို့ဆောင်ရေးစရိတ်ဟာလည်း စံပြငါးဈေးမှာ တစ်ပိဿာ ၁၅၀၀၊ ၁၆၀၀ ရှိတဲ့အချိန်မှာ နေပြည်တော်မှာ အရောက်ဆိုရင် ၂၃၀၀ ကနေ ၂၈၀၀ လက်လီဈေးမှာဆိုရင် ၃၀၀၀ ကျော်အထိကွာဟပြီး တော့မှ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ Purchasing Power ဟာလည်း ကျဆင်းပြီးတော့မှ စားသုံးမှုနှုန်း calorie ဟာကျဆင်းနေပြီးတော့မှ ထုတ်လုပ်တဲ့ကန်များဟာ ထုတ်လုပ်စရိတ်မကိုက်ဘဲနဲ့ တွက်ခြေမကိုက်တဲ့အတွက်ကြောင့်လျှော့မွေးတယ်ဆိုတဲ့ ပြောင်းပြန်ဖြစ်စဥ်များကိုတွေ့ရှိလာရပါတယ်။ တစ်ဖက်ကအအေးခန်းတွေမှာ ကုန်ကြမ်းလိုအပ်တယ်။ တစ်ဖက်ကမွေးမြူတဲ့သူတွေကျတော့ ကန်ကျပ်

ကနေ ကန်ချောင်အထိကို လျှော့မွေးရတယ်ဆိုတဲ့ ဒီ Supply နှင့် Demand မှာလည်း ဒီလိုလာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒါနဲ့ပတ်သက်ပြီးတော့မှ ထိုင်းနိုင်ငံကို ကျွန်တော်တို့ တစေ့တစ်စောင်း လေ့လာကြည့်တဲ့အခါမှာ ထိုင်းနိုင်ငံကို မလေ့လာခင်မှာ ဒီပညာရှင်များရဲ့ လေ့လာချက်အရ ကျွန်တော်တို့ ပင်လယ်ပြင်ငါးဖမ်းမှုနှုန်းဟာ တစ်နာရီမှာ ရှေးယခင်တုန်းက ကီလိုဂရမ် ၃၀၀ ခန့် ရခဲ့ပြီးမှ လွန်ခဲ့သောနှစ်များက တစ်နာရီဖမ်းလို့ရှိရင် Catch Rate ဟာ ၂၀၀ ကီလိုဂရမ်အထိ လျော့နည်းကျဆင်းလာပြီး ဒီနေ့ဒီအချိန်မှာ Catch Rate ဟာ ၉၀ ကီလိုဂရမ်သာ ကျန်ရှိပါတော့တယ်။ အဲဒါကြောင့် တစ်ဖက်ကထိုင်းနိုင်ငံကို ပြန်ကြည့်တဲ့အခါမှာ ထိုင်းနိုင်ငံရဲ့ Catch Rate ဟာ တစ်နာရီငါးဖမ်းလို့ရှိရင် ကီလိုဂရမ် ၃၀ ခန့်သာရှိတော့ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရေပင်လယ်ပြင်သယံဇာတဟာ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲနဲ့ Sustaiable Fisheres Development ကိုရေရှည်သယံဇာတကိုလည်း ထိန်းသိမ်းရင်း တစ်ဖက်ကလည်း လိုအပ်ချက်တွေကို ထုတ်လုပ်တဲ့ဟန်ချက်ညီဖို့ လိုအပ်လာတဲ့အတွက်ကြောင့် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းဟာ အကန့်အသတ်နဲ့ ထိန်းသိမ်းပြီးတော့မှ ဆောင်ရွက်သွားရမယ့်အနေအထားဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ထိုင်းနိုင်ငံကိုလေ့လာတဲ့အခါမှာ ထိုင်းနိုင်ငံမှာ Catch Rate ၃၀ ကီလိုဂရမ်အထိ ကျသွားတဲ့အချိန်မှာ သူဘာလုပ်သလဲ။ သူရဲ့အအေးခန်းတွေ ရပ်တန့်သွားသလား။ သူဘယ်လိုပြန်ပြီးတော့မှ ဒီကဏ္ဍမှာ ငါး၊ ပုဇွန်တင်ပို့မှုဟာ ဒုတိယ၊ တတိယနေရာအထိကို ကျမသွားအောင် ဘယ်လိုထိန်းမလဲလို့ လေ့လာကြည့်တဲ့အခါမှာ သူဟာပင်လယ်ပြင်ငါးဖမ်းမှု ကျဆင်းတဲ့အချိန်မှာ Aquraculture ခေါ်တဲ့ ငါး၊ ပုဇွန်မွေးမြူမှုလုပ်ငန်းကို အရှိန်အဟုန်နဲ့ လွန်ခဲ့သောနှစ်များအတွင်းက မြှင့်တင်ခဲ့တာ တွေ့ရှိခဲ့ရပါတယ်။ ဒီလိုမြှင့်တင်ခဲ့တဲ့ အတွက်ကြောင့်လည်း သူရဲ့အအေးခန်းများဟာ ရပ်တန့်မသွားဘဲနဲ့ သူရဲ့ငါး၊ ပုဇွန် ထုတ်လုပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုဟာ အရှိန်အဟုန်ကို ဆက်လက်ပြီးတော့မှ ထိန်းသိမ်းသွားနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒါတွေကို ပြန်လည်သုံးသပ်ပြီးတော့မှ ကျွန်တော်တို့ရဲ့ ငါးအဖွဲ့ချုပ်နဲ့ ငါးမွေးမြူထုတ်လုပ်သူများ၊ ပုဇွန်မွေးမြူထုတ်လုပ်သူများ၊ ပြည်ပတင်ပို့သူများ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးပြီးမှ ဘယ်ဟာကို ကျွန်တော် Supply **ချိန်းမတ်ဂလတ်ဆင်**နဲ့ ချိတ်ဆက်ပြီး အောက်ခြေမှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အရ အောက်ခြေမှာ အစုအဖွဲ့တွေဖွဲ့ဖို့ အဲဒီလိုပဲ တင်ပို့ရောင်းချတဲ့သူတွေဟာ အအေးခန်းတွေကနေ နိုင်ငံခြားတိုင်းနဲ့ ချိတ်ဆက်လို့ရတာကို **ဒေါင်းစရီး** အထိကို သွင်းအားစုတွေပေးပြီးတော့မှ ဈေးကွက် သေချာအောင်ဝယ်ယူတဲ့စနစ်မျိုးကို ချိတ်ဆက်ဖို့ ဒီလုပ်ငန်းစဉ်တွေကို အသင်းအဖွဲ့တွေနဲ့ ရက်ဆက်ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်။ အလားတူ ၄

ရက်နေ့ကဆိုလို့ရှိရင်လည်း အာရှပစိဖိတ် ငါးမွေးမြူထုတ်လုပ်မှုနဲ့ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံ ၄၀၊ ၅၀ လောက် တက်ရောက်ပြီးတော့မှ Park Royal ဟိုတယ်မှာ လုပ်ခဲ့ပါတယ်။ အဲဒီအချိန်အခါမှာ ဒီဆွေးနွေးပွဲအပြင် ငါးအဖွဲ့ချုပ်မှလာပြီးတော့မှ အသင်းအဖွဲ့များနဲ့ တွံတေး၊ ညောင်တုန်းဘက်က ပုဂ္ဂိုလ်တွေပါ ဖိတ်ခေါ်ပြီးတော့မှ ငါး Species ကို ပြောင်းပြီးတော့မှ ဈေးကွက်ဝယ်လိုအားရှိတဲ့ ငါးမျိုးစေ့ကို ပြောင်းလဲပြီးတော့မှ မွေးမြူထုတ်လုပ်ဖို့နဲ့ ဈေးကွက်ကို ချိတ်ဆက်နိုင်အောင်ဆိုပြီးတော့မှ နိုင်ငံခြားပညာရှင်များနဲ့ ဒီနေ့ ငါးအဖွဲ့ချုပ်မှာ ဆွေးနွေးပွဲရှိပါတယ်။ ဒါကြောင့်မို့လို့ မွေးမြူရေးနဲ့ရေလုပ်ငန်းကဏ္ဍမှာ အလှည့်အပြောင်းတစ်ရပ်ကို ပြုလုပ်ဖို့ကို လိုအပ် လာတာဖြစ်တဲ့အတွက်ကြောင့် မွေးဆေးတက္ကသိုလ်မှာဆိုလို့ရှိရင်လည်း ကုသရေးသက်သက်သာသာ မဟုတ်ဘဲနဲ့ မွေးမြူရေးနဲ့ကုသရေး၊ မွေးမြူရေးကိုလည်း ကျွန်တော်တို့ တတိယနှစ်ကနေ ဖောင်းပေး ပြီးတော့ ဘာသာရပ်တွေထည့်သွင်းဖို့ ကျွန်တော်တို့ Structure ကို ပြောင်းဖို့လိုပါတယ်။ မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနကြီးရဲ့ Structure ဟာလည်း ကုသရေးကိုဖောင်းပေးရာမှ မွေးမြူရေး နဲ့ကုသရေးကိုဟန်ချက်ညီညီ ဖောင်းပေးနိုင်တဲ့ဌာနကြီးအဖြစ် ကူးပြောင်းနိုင်အောင် ကြိုးစားလျက် ရှိပါတယ်။ ငါး၊ ပုဇွန်မွေးမြူထုတ်လုပ်ရေးမှာလည်း ကျွန်တော်တို့ရဲ့ အခြားနိုင်ငံများရဲ့ အတွေ့အကြုံကို ယူပြီးတော့မှ ဒီအလှည့်အပြောင်းတစ်ရပ်ကို ကူးပြောင်းပြီးတော့မှ အခြေခံကျကျတည်ဆောက်ပြီး တော့မှ ဆောင်ရွက်သွားနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း တင်ပြချက်များဟာ သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့လည်း ညီညွတ်ပြီး တောင်သူလယ်သမားများ၊ မွေးမြူရေးလုပ်ငန်းရှင်များအားလုံးသာမက ယနေ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ရောဂါအသစ်အဆန်း များပေါ်ထွန်းလာမှု၊ စားနပ်ရိက္ခာလုံခြုံမှု စသည့်တို့အတွက်ကို ကြိုတင်ပြင်ဆင်နိုင်ရန် အသိပေး မေးမြန်းခြင်းဖြစ်ပြီး မွေးမြူရေးနှင့်ကုသရေးကဏ္ဍကြီး သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် မေးမြန်း ပေးတဲ့အတွက်ကြောင့် အထူးကျေးဇူးတင်ရှိပါကြောင်းနဲ့ ဖြေကြားခွင့်ရတဲ့အတွက်ကြောင့်လည်း ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စု မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးက စိတ်ရှည် လက်ရှည်နဲ့ အသေးစိတ်ရှင်းပြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအစား ဥက္ကဋ္ဌအနေနဲ့လည်း ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ဒီနေရာမှာ စိုက်ပျိုးရေးသမားများရဲ့ ကြုံတွေ့ရတဲ့အခက်အခဲ များကို အရင်အပတ်တွေမှာလည်း ဆွေးနွေးသွားပါတယ်။ ဒီနေ့ကျတော့အခါကြတော့ မွေးမြူရေး သမားများရဲ့ အခက်အခဲများကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရှင်းလင်းပြတဲ့အတွက်လည်း

ကျေးဇူးတင်ပါတယ်။ အလုပ်တစ်ခုဟာ အပြောလွယ်ပါတယ်၊ အလုပ်ခက်ပါတယ်။ မိမိတို့ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးတိုးတက်ထွန်းကားဖို့ စိုက်ပျိုးမှုထုတ်လုပ်ထွန်းကားဖို့ တွန်းအားပေး ကြိုးစားတာလည်း အားလုံးအသိပဲ။ ထိုနည်းတူစွာပဲ မွေးမြူရေးနဲ့ပတ်သက်လို့ ထုတ်လုပ်မှုမြင့်မား အောင်လည်း ပုံစံမျိုးစုံနဲ့ ကြိုးစားခဲ့ပါတယ်။ ထုတ်လုပ်မှုအပိုင်းမှာ အောင်မြင်တယ်။ သို့ရာတွင် လုပ်ငန်းအရ အောင်မြင်ပေမယ့်လို့ စီးပွားရေးအရ ရှုံးတယ်။ ဒီနှစ်ခုလည်း တွဲကြည့်လို့ ခွဲကြည့်ဖို့ မြင်ဖို့ လွယ်တယ်။ ထုတ်လုပ်မှုလုပ်ငန်းပိုင်းမှာ အောင်မြင်တယ်။ သို့သော် စီးပွားရေးမှာရှုံးတယ်။ ပြောမယ် ဆိုလို့ရှိရင်ရတဲ့ငွေက ကုန်တဲ့ငွေထက် နည်းနေတယ်။ သို့မဟုတ်လို့ရှိရင် ညီမျှတယ်။ အဲဒါကြောင့်မို့လို့ ခုနက မွေးမြူရေးဝန်ကြီး တင်ပြဆွေးနွေးသွားတဲ့နေရာမှာ ပင်လယ်ပြင်မှာ မိမိတို့ ဖမ်းလို့ရတဲ့ငါးက ကီလိုဂရမ် ၉၀ မနှစ်ကတုန်းက ၂၁၀ ၊ ထိုင်းကြတဲ့အခါ ၃၀ သို့ရာတွင် ထိုင်းနိုင်ငံကျတဲ့အခါကျတော့ ဒီစက်ရုံတွေမပိတ်ရဘဲနဲ့ လည်ပတ်ပြီးတော့ သူတို့ရဲ့ဒီသားငါးတွေ ပုံစံမျိုးမျိုး ထုတ်လုပ်ပြီးတော့ နိုင်ငံခြားကိုပို့နိုင်မယ့် အနေအထားတွေရှိပါတယ်။ မိမိတို့နိုင်ငံကျတော့ ဒီလို မဖြစ်ဘူး။ မဖြစ်တဲ့နေရာမှာ ခုနကတင်ပြဆွေးနွေးသွားသလိုပဲ ရန်ကုန်မှာဈေးနဲ့ နောက် နေပြည်တော်မှာ ရောက်ရှိတဲ့ဈေးနဲ့က တစ်ပိဿာကို ၈၀၀ လောက်ကွာတယ်။ အဲဒါဘာလဲဆိုရင် Transportation Charges ခြုံပြောမယ်ဆိုရင်တော့ Transaction Cost တွေတက်နေတယ်။ အဲဒီအတွက်မှာ မွေးမြူရေးသမားများအတွက်၊ စိုက်ပျိုးရေးသမားများအတွက် စဉ်းစားပေးရမယ့် သဘောရှိပါတယ်။ ဒီနေ့ မိမိတို့ရဲ့လွှတ်တော်မှာတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ရေလုပ်ငန်းကော်မတီ သီးခြားဖွဲ့ ထားတာဖြစ်တဲ့အတွက် ဒီကော်မတီကလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ညှိနှိုင်းပေါင်းစပ် ပြီးတော့ထုတ်လုပ်မှုတိုးတက်ရေးအပြင် မိမိတို့ထုတ်လုပ်တဲ့သီးနှံနဲ့ သားငါးများထိုက်သင့်တဲ့ ဈေးရရှိ ရေး၊ မလိုအပ်တဲ့ Transportation Cost, Transation Cost များကျဆင်းရေး အတွက်လည်း ဝိုင်းဝန်းစဉ်းစားပေး လုပ်ရမယ့်သဘောရှိပါတယ်။ အဲဒီလိုလုပ်တဲ့ အခါမှာလည်း ဒီကော်မတီ၊ ဒီဝန်ကြီးဌာန တစ်ခုတည်းမကဘဲနဲ့ ကျန်တဲ့ဝန်ကြီးဌာနများလည်း ပေါင်းစပ်လုပ်ရမယ်ဆိုတဲ့ သဘောလည်းသွားတွေ့ပါတယ်။ အဲဒါကြောင့် ဒီအသိကိုအားလုံး ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များကိုသိအောင် ရှင်းလင်းတင်ပြပေးခဲ့တဲ့အတွက် ဝန်ကြီးကိုလည်း ဒါ ကျေးဇူးတင် ပါတယ်။ အဲဒီအတိုင်းပဲ စိုက်ပျိုးထုတ်လုပ်သူများ၊ မွေးမြူရေးထုတ်လုပ်သူများ အဆင်ပြေဖို့အတွက် လည်း အခုထက်ပေါ့လေ အခုလည်း စေတနာထားဆောင်ရွက်ပေးနေသလိုပဲ ဆက်လက်ပြီးတော့ လည်း စေတနာထားဆောင်ရွက်ပေးဖို့ ပြည်သူများကိုယ်စားပေါ့လေ ဒီနေ့ ဆိုရင်တော့ မွေးမြူသူများရဲ့ ကိုယ်စား ဒီလွှတ်တော်ကတဆင့် တင်ပြပေးတဲ့လူရော၊ ရှင်းလင်းပေးတဲ့လူရော အဲဒီမိမိတို့

လွှတ်တော်အနေနဲ့ ဒါကျေးဇူးတင်၊ မှတ်တမ်းတင်ထားရမှာပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး လွှတ်တော်ဆိုင်ရာဘက်ကလည်း ဝိုင်းဝန်းကူညီညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီနေ့တော့ မေးခွန်းသုံးခုနဲ့တင်ပဲ တစ်နာရီကျော်သွားပြီ။ ဒါ့ကြောင့် အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၁း၅၀နာရီတွင် ပြန်လည် စတင်ပါမယ် ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ အသိပေးတင်ပြရန်ရှိပါတယ်။ မနက်ဖြန်မှာ ကျွန်တော်တို့ လွှတ်တော်ပုံမှန် အစည်းအဝေးကို နေ့လယ် ၁း၃၀ မိနစ် ၁၃၃၀ အချိန်မှာ စတင်ပြုလုပ်မှာဖြစ်ပါတယ်။ နေ့လယ်စာ ကိုတော့ ဒီလွှတ်တော်မှာပဲ စီစဥ်ဆောင်ရွက်ထားမှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်များအနေနဲ့ ကော်မတီအလိုက် လုပ်ငန်းတာဝန်များဆောင်ရွက်ရန်ရှိက ကြိုတင်ဆောင်ရွက်နိုင်ပါရန်နှင့် မိမိ တည်းခိုရာအသီးသီးမှာ အချိန်တွက်ဆပြီးတော့ လာရောက်နိုင်ဖို့အတွက် ကြိုတင်အသိပေး တင်ပြအပ် ပါတယ်။ နေ့လယ်စာကိုတော့ အားလုံးအတွက် ဒီမှာလက်ရှိအတိုင်းပဲ စီစဥ်ထားမှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခုနက ကျွန်တော်တင်ပြတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး ပြန်စဥ်းစားရင်းနဲ့ တစ်ခုတောင် ကျန်ပါတယ်။ ဘာလည်းဆိုတော့ ကျွန်တော်တို့ခုနကပြောတဲ့ ငါးမြစ်ချင်းတွေတော်တော်မွေးပါတယ်။ ရောင်းတဲ့အခါကျတော့ ဈေးမရဘူး။ ကျန်တဲ့ပစ္စည်းတွေလည်း ရေထွက်ပစ္စည်းတွေလည်း ရခဲ့တုန်းက ရပါတယ်။ ပြန်ရောင်းတဲ့အခါကျတော့ ဈေးမရဘူး။ ဘာ့ကြောင့်တုန်းဆိုတော့ ကျွန်တော်တို့နိုင်ငံကို ပိတ်ဆို့အရေးယူထားလို့။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာထွက်တဲ့ငါးပေါ့လေ။ ခုနက ငါးမြစ်ချင်းလိုငါး နဲ့ ရခိုင်ဘက်ကထွက်တဲ့ငါးတွေက ဘယ်ကိုရောင်းရလည်းဆိုတော့ ဒါလွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ်က အခြေအနေပါ။ ဒါဘင်္ဂလားဒေ့ရှ်ကိုပို့ရတယ်။ ဘင်္ဂလားဒေ့ရှ်ကမှ ဟိုဘက်ကိုပို့ရတယ်။ ဘင်္ဂလားဒေ့ရှ် ကိုရောင်းတဲ့အခါကျတော့ ဈေးနည်းနည်းပဲရပါတယ်။ ဘင်္ဂလားဒေ့ရှ်က ဟိုဘက်ကိုပြန်ရောင်းတဲ့

အခါကျတော့သူတို့နိုင်ငံကထုတ်တဲ့ငါးဖြစ်တဲ့အတွက်ဈေးကောင်းကောင်းရတယ်။ အကျိုးဆက်တွေက မြန်မာနိုင်ငံရဲ့အောက်ခြေလူတန်းစားများရဲ့စီးပွားရေး ယခုကဲ့သို့ဖြစ်တာ အခြားပယောဂတွေရှိတယ်။ ရည်ရွယ်ချက်ဘာနဲ့ပဲလုပ်လုပ် နောက်ဆုံးကျတဲ့အခါကျတော့ ကျွန်တော်တို့ ပြည်သူတွေပဲ ထိခိုက်တယ်ဆိုတဲ့ အသိနဲ့သတိကတော့ ကျွန်တော်တို့ဆီမှာရှိနေဖို့လိုပါတယ်။ အဲဒီလို ဝင်ငွေနည်းတဲ့အတွက်လည်း နိုင်ငံတော်မှာလည်း အခွန်နည်းတာလည်းရှိပါတယ်။အခွန်ရတာနည်းတဲ့အတွက်လည်း ခုနက လမ်းတို့၊ တံတားတို့အပါအဝင် အခြားကိစ္စတွေကျတော့လည်း လုပ်ပေးချင်သလောက် မလုပ်ပေးနိုင်တဲ့ အနေအထားလည်းရှိပါတယ်။ ဒီကျွန်တော်တို့မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံ့ချစ်စိတ်ဓာတ်အသိနဲ့ပဲ အားလုံးဝိုင်းဝန်းကြိုးစားမယ်ဆိုလို့ရှိရင်တော့ ဒီအခက်အခဲတွေ ကျော်လွှန်သွားမှာပါ။ အခက်အခဲကတော့ ကျွန်တော်တို့အတွက် အခွင့်အလမ်းတွေလို့ပဲ သဘောထားပြီးတော့ အားလုံးဝိုင်းဝန်းဖြေရှင်းသွားရပါမယ်။ ကဲကောင်းပါပြီ။ ဦးသာစိန်၊ ကျောက်တော်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသာစိန်(ကျောက်တော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များကို လေးစားဂါရဝပြုရင်း မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကပ္ပတိန်သာစိန်(ခ)ဦးသာစိန်ဖြစ်ပါတယ်။ ကျွန်တော်မေးရမယ့်မေးခွန်းကတော့ ကစ္စပနဒီမြစ်တစ်လျှောက် အခြားနေရာများတွင် ဆိပ်ခံတံတားများကို ပြုပြင်ပေးရန်နဲ့ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းများမမေးခင်မှာ နောက်ခံအကြောင်းအရာအချို့အနည်းငယ်ကို အချက်တစ်ချက်၊ နှစ်ချက်ကို တင်ပြခွင့်ပြုစေလိုပါတယ်။ (၁) ကတော့ ကျွန်တော်တို့ရခိုင်ပြည်နယ်ဟာ မိုးရေချိန်များပြားပြီးတောတောင်ထူထပ်တဲ့မြေမျက်နှာပြင် အနေအထားကြောင့် မြစ်ချောင်းပေါများပါတယ်။ လမ်းပန်းဆက်သွယ်မှုကိစ္စမှာ ယနေ့အထိ ရေကြောင်းကို အဓိကအားထားနေရဆဲဖြစ်ပါတယ်။ အဓိကအချက်ကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်တိုးတက်မယ်ဆိုလို့ရှိရင် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း လမ်းကွန်ရက်တွေကို ကောင်းကောင်းလေးလုပ်ခဲ့မယ်ဆိုရင် ရခိုင်ပြည်နယ်ဟာ တိုးတက်လာမယ်လို့ ယူဆတဲ့အတွက်ကြောင့် နံပါတ်(၁)အချက်အနေနဲ့တင်ပြလိုပါတယ်။ နံပါတ်(၂)အချက်ကတော့ ဒီမဝေးလှတဲ့ ကျွန်တော်တို့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ်အတွက် လမ်းကွန်ရက်တွေ၊ လမ်းတွေ၊ တံတားတွေ လက်ညှိုးထိုးစရာပြစရာမရှိခဲ့ပါဘူး။ ဒါပေမယ့် မဝေးလှတဲ့အတိတ်ကိုပြန်ကြည့်လိုက်တဲ့

အခါမှာ ရန်ကုန်-စစ်တွေကားလမ်း ကစ္စပနဒီတံတားတွေ အမျိုးမျိုးကိုဖြတ်ပြီးတော့ ရန်ကုန်-စစ်တွေ ကားလမ်းပေါ်ပေါက်လာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်မနဲ့အင်မတန်ဝေးနေတဲ့ ဒီနေ့ ရခိုင်ပြည်နယ်ဟာ ပြည်မနဲ့တော်တော်လေးနီးနီးစပ်စပ် တစ်ညအိပ်လောက်ကို၊ နှစ်ညအိပ်လောက်ကို ရန်ကုန်နဲ့စစ်တွေကို ရခိုင်ပြည်နယ်ကို သွားလာလို့ရခဲ့ပါပြီ။ အဲဒီအတွက်လည်း ကျွန်တော်ဟာ ၁၉၉၃ ခုနှစ်မှာ မြန်မာ့အလင်းမှာ ရခိုင်ပြည်သူကိုယ်စား ကျေးဇူးအထူးတင်ပါတယ်လို့ မြန်မာ့အလင်းမှာ ဆောင်းပါးရေးခဲ့ပါတယ်။ အခု နောက်တစ်ခုက အခွင့်ကြုံတုန်း ကျွန်တော်ပြောရရင် ပထမအကြိမ် ပြည်သူ့လွှတ်တော်အပြီးမှာ ရထားဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီး ဦးစိုးသိန်းနဲ့ ဖိတ်ကြားချက်အရ ကျွန်တော် တိုင်းရင်းသားလွှတ်တော်က ဦးခင်မောင်၊ နောက် ရသေ့တောင်မြို့နယ်က ဒေါ်ခင်စောဝေ၊ ကရင်ပြည်နယ်က နော်စေးအွာ၊ မွန်ပြည်နယ်က မိမြင့်သန်းတို့ပါ လိုက်ပါပြီးတော့ ဒီဧပြီလဆန်းမှာ ဧပြီလကုန်လောက်မှာ ကျောက်တော်-ပုဏ္ဏားကျွန်းရထားလမ်းကို ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီလို ဖွင့်လှစ်တဲ့ ကျွန်တော်တို့မှာ အိပ်မက်မမက်ဘူးတဲ့ လမ်းတစ်လမ်း၊ ရထားလမ်းတစ်လမ်းကို စီးခွင့်ရခဲ့တဲ့အတွက် ကျွန်တော်တို့ဟာ ရခိုင်သူ၊ ရခိုင်သားများဟာ အရမ်းအရမ်းကို ဝမ်းသာပါတယ်။ ဒါကြောင့် ဒီနေရာက ရခိုင်သူ၊ ရခိုင်သားများရဲ့ကိုယ်စား အဲဒီဝန်ကြီးတွေနဲ့တကွ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင် ရှိကြောင်း ဒီနေ့အခွင့်အခါကြုံတဲ့အခါမှာ ပြောကြားလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ စစ်တွေမြို့ကနေ ပြီးတော့ ကျောက်တော်-မြောက်ဦးစသည်အားဖြင့် သင်္ဘောနဲ့ခရီးထွက်ဖူးပါတယ်။ အဲလို ထွက်တဲ့ အခါမှာ ပြည်သူလူထုရဲ့ခံစားချက်ကို ကိုယ်တွေ့မျက်မြင်သိခဲ့ရပါတယ်။ သင်္ဘောတစ်စီးမှာဆိုလို့ရှိရင် ကြက်ခြံမှာကြက်တွေကိုလှောင်ထားသလို သင်္ဘောမှာလည်း လူတွေကပြွတ်သိပ်ပြီးတော့ နေရပါတယ်။ အဲဒီကြားထဲမှာ ကုလားထိုင်ဆိုပြီးတော့ Special နေရာယူပြီးတော့ အမြတ်တင်ရောင်းစားတဲ့ လူတွေလည်း အများကြီးပါ။ အဲဒီတော့ တကယ်ရိုးရိုးသားသားလိုက်တဲ့လူတွေမှာ တော်တော်လေး ကျပ်ကျပ်တည်းတည်းနဲ့ သင်္ဘောစီးရပါတယ်။ ကိုယ်ခန္ဓာကိုမလှုပ်သာအောင်၊ မလွဲသာအောင် ထားပြီးတော့မှ သင်္ဘောစီးရတာကိုတော်တော်လေးစိတ်မချမ်းသာစရာတွေ့ရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကျောက်တော်ကိုပဲသွားသွား၊ မြောက်ဦးကိုပဲသွားသွား၊ ကျွန်တော်တို့ဟာ ပုဏ္ဏားကျွန်းကို ဝင်ရပါတယ်။ အဲဒီ ပုဏ္ဏားကျွန်းဆိပ်ကမ်းဟာလည်း တစ်ပိုင်းလောက်ပဲပြတ်ထွက်သွားပြီးတော့ တစ်ပိုင်းလောက်ပဲကျန်တဲ့အတွက် သင်္ဘောက အဲဒီတံတားရှိတဲ့နေရာကို မဆိုက်နိုင်ပါဘူး။ မဆိုက်နိုင်တဲ့အခါမှာ အရင်ဆိုက်တဲ့နေရာကပဲနေပြီးတော့ ကုန်းဘောင်ခေါ်တဲ့ပျဉ်ပြားတစ်ချပ်မှာ

အချပ်တွေကိုထိုးပြီးတော့ ကျွန်တော်တို့ဟာ အဆင်း၊အတက်လုပ်ရပါတယ်။ အဲဒီယာဥ်မှာက သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေ တစ်ခါတည်းကို တစ်ယောက်နဲ့တစ်ယောက် တွန်းတက်ပြီးတော့ တော်တော်လေးဒုက္ခသုတ်ခခံပြီးတော့ ဆင်းရတယ်၊ တက်ရတယ်ဆိုတာကို ကျွန်တော်ကိုယ်တွေ့ခံစားခဲ့ရပါတယ်။ မြင်ဖူးခဲ့ပါတယ်။ အဲဒါကြောင့် ဒီတံတားတွေကို ပြန်ကြည့်လိုက်တဲ့အခါမှာ ဒီတံတားတွေကလည်း ဟိုးအရင်လွန်ခဲ့တဲ့ လွတ်လပ်ရေးခေတ်စပြီးတော့ အခုအချိန်ထိကို ဒီအတိုင်းပဲ ရှိနေသေးတဲ့အတွက် တော်တော်လေးဟောင်းနွမ်းပျက်စီးနေတဲ့ တံတားတွေဖြစ်တာကို တွေ့နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်စောစောက အစီရင်ခံခဲ့သလို ရခိုင်ပြည်နယ်မှာ ရေကြောင်းလမ်းကို အဓိကထားနိုင်တဲ့အချိန်မှာ ဒီတံတားကြီးကိုတော့ဖြင့် ပြုပြင်ဖို့အချိန်တန်ပါပြီလို့ ကျွန်တော်ယူဆတဲ့အတွက် ကျွန်တော့်ရဲ့မေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့် စစ်တွေဆိပ်ကမ်းနဲ့ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးအစရှိသည့် မြို့နယ်များ၏ ဆိပ်ခံတံတားများကို စီမံကိန်းအသစ်ဖြင့် ပြုပြင်ပေးရန်နှင့် သင်္ဘောဆိပ်များကိုလည်း ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များကို ကျန်းမာရွှင်လန်းကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်ရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ရသေ့တောင်မြို့နယ် ပြည်သူများနဲ့ ကျွန်မရဲ့မွေးရပ်ဇာတိဖြစ်တဲ့ ဘူးသီးတောင်မြို့နယ်ပြည်သူများ၏ဆန္ဒကို တင်ပြမေးမြန်းခွင့်ရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တာဝန်ရှိပြည်ထောင်စုဝန်ကြီးအား ကျေးဇူးတင်ရှိပါကြောင်း ရိုးသားစွာ အစီရင်ခံအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ရခိုင်ပြည်နယ်ဟာ ရေလမ်းခရီးကို အဓိကထားပြီး သွားလာရတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်တဲ့ စစ်တွေမှ ရသေ့တောင်၊ ရသေ့တောင်မှ ဘူးသီးတောင်ကို ခရီးသွားလာရာတွင်လည်း ရေကြောင်းခရီးဖြစ်လို့ သင်္ဘောများကို အသုံးပြုသွားလာရပါတယ်ရှင်။ ယခင်အစိုးရလက်ထက်မှာ စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင် ခရီးစဉ်အသွားအပြန် ဧညဝတီသင်္ဘော ၃ စီးရှိခဲ့ပါတယ်။ ၎င်းသင်္ဘောခရီးစဉ်များဟာ လူလတ်တန်းစားနဲ့ အောက်ခြေ

လူတန်းစား ဆင်းရဲသားပြည်သူတို့ အားထားအသုံးပြုနေသော ခရီးစဥ်သင်္ဘောများဖြစ်ကြပါတယ်။ အောက်ခြေလူတန်းစားများဖြစ်တဲ့ ဆင်းရဲသားပြည်သူများဟာ ယင်းသင်္ဘောများကို အမှီပြုပြီး ခရီးသွားလာခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ချက်များကို ပင်ကိုဆောင်ရွက်လျက်လည်းရှိကြပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြည်တွင်းရေကြောင်းဌာနမှ ရေးဆွဲနေသော ခရီးစဥ်ပေါင်း ၅၀ ကျော်ရဲ့လက်မှတ်နှုန်းထားများကို ဩဂုတ်လ ၁ ရက်မှစတင်၍ နှစ်ဆတိုးလိုက်တယ်လို့လည်း သိရှိရပါတယ်ရှင်။ ပြင်ပမှကုမ္ပဏီများကိုလည်း ဝင်ရောက်လုပ်ကိုင်ခွင့်ပေးလိုက်တာကိုလည်း သိရှိရပါတယ်ရှင်။ ယခင်အစိုးရလက်ထက်မှာ သင်္ဘောခရီးစရိတ်နှုန်းထားများဟာ လူတစ်ဦးလျှင် စစ်တွေ-ဘူးသီးတောင် ၄၀၀ ကျပ်နဲ့ ကုန်ချိန်ပိဿာ ၁၀၀ လျှင် ၁၀၀ ကျပ်ဖြစ်ပါတယ်။ ယခုအခါမှာတော့ ၎င်းအစိုးရပိုင်သင်္ဘောများကို ပြင်ပကုမ္ပဏီတစ်ခုက ငှားရမ်းလိုက်ပြီးတော့ ၁၃-၇-၂၀၁၁ ရက်နေ့မှစပြီးပြေးဆွဲခဲ့ရာမှာ လူတစ်ဦးလျှင် စစ်တွေ-ဘူးသီးတောင် ၃၀၀၀ ကျပ်ဖြစ်သွားခဲ့ပါတယ်။ ယခင်ကဈေးနှုန်းထက် ၇ ဆခွဲမြင့်တက်သွားတာကို တွေ့ရှိရပါတယ်ရှင်။ ကုန်စည်များကိုလည်း သတ်မှတ်ချက်မရှိဘဲ ကြုံသလိုကောက်ခံနေလျက်ရှိနေပါ၍ ကုန်စည်ဈေးနှုန်းများမြင့်တက်မှုဒဏ်ကိုလည်း ဆင်းရဲသောပြည်သူများက ခံစားကြရပါတယ်။ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနည်းပါးနေသော ဒေသတစ်ခုလည်းဖြစ်ပါတယ်ရှင်။ တိုးမြှင့်လိုက်တဲ့သင်္ဘောခဈေးနှုန်းမှာ အောက်ခြေလူတန်းစား၊ ဆင်းရဲသားပြည်သူများအတွက် ယင်းပမာဏမှာကြီးမားလွန်းလှပါတယ်။ သို့ဖြစ်ပါ၍ ကျွန်မ၏မဲဆန္ဒရှင် ပြည်သူလူထုများသက်သာချောင်ချိစေရေးအတွက် ပြင်ပကုမ္ပဏီများမှ စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်ခရီးစဥ်တွင် ယခင် ဈေးနှုန်းထက် ခုနှစ်ဆခွဲအထိ တိုးမြှင့်ကောက်ခံနေသည်ကို နိုင်ငံတော်မှ စေတနာမေတ္တာထားပြီး အတိုင်းအတာတစ်ခုအထိ လျော့ချပေးနိုင်ရေးနှင့် ကုန်စည်ဝန်ဆောင်ခများ လူစီးသင်္ဘောခများ အိပ်ခန်းခများကို ခရီးစဥ်အလိုက် တရားဝင် လျော့ပေါ့သတ်မှတ်ပေးနိုင်ရေးကို ပြည်သူများမှ ဆန္ဒရှိနေကြပါ၍ ပြည်သူများကိုယ်စား ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင့်။ စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်သွားအစိုးရနှစ်ထပ်သင်္ဘောပြေးဆွဲခွင့်ကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးပြီးနောက်ပိုင်း လူစီးခနှုန်းနဲ့ ကုန်စည်ပို့ဆောင်ခနှုန်းထားများမှာ ယခင်ကထက်ပိုမိုပြီး အောက်ပါအတိုင်း ကောက်ခံနေသည်ကို သိပါသလား။ လူတစ်ဦးလျှင် စစ်တွေမှရသေ့တောင်ကို ယခင် ၂၀၀ ကျပ် ယခု ၁၅၀၀ ကျပ်ဖြစ်ပါတယ်။ ရသေ့တောင်မှ ဘူးသီးတောင်ကို ယခင် ၂၀၀ ကျပ် ယခု ၁၅၀၀ ကျပ်ဖြစ်ပါတယ်ရှင်။ စစ်တွေမှဘူးသီးတောင်ကို ယခင် ၄၀၀ ကျပ် ယခု ၃၀၀၀ ကျပ်ဖြစ်ပါတယ်ရှင်။ ကျန်ကုန်ပစ္စည်း ပိဿာ

၁၀၀ ကို ယခင် ၁၀၀ ကျပ်၊ ယခုကြုံသလို ကောက်ခံနေပါတယ်ရှင်။ စစ်တွေမှ ဘူးသီးတောင် အိပ်ခန်းတစ်ခန်းမှာဆိုရင် အိပ်ကုတင်တစ်လုံးပါတာ အရင်တုန်းက ၃၂၀၀ ကျပ် အခုတော့ ၁၂၀၀၀ ကျပ်ဖြစ်နေပါတယ်ရှင်။ သိရှိပါတယ်ဆိုလို့ရှိရင် ယင်းနှုန်းထားများဟာ အစိုးရနဲ့ပုဂ္ဂလိက ချုပ်ဆိုထားသော စာချုပ်ပါနှုန်းထား ဟုတ်မဟုတ်ကို ဖြေကြားနိုင်ပါမည်လားရှင်။ မဟုတ်ပါလျှင် ဤခရီးစဥ်အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ပြည်သူများသက်သာချောင်ချိစွာ သုံးစွဲနိုင်မည့်နှုန်းထားများကို ခရီးစဥ်အလိုက် သတ်မှတ်ပေးနိုင်ပါမည်လားလို့ မေးချင်တာပါရှင်။ ကျေးဇူးတင်ပါတယ် အားလုံး။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက မေးခွန်းအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်းဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်များကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဆုံး ကျောက်တော်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန်ရဲ့မေးခွန်းကို ကျွန်တော်ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဦးသာစိန်ရဲ့မေးခွန်းကို မဖြေကြားခင် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ကျင့်သုံးနေတဲ့ ဘဏ္ဍာရေးပေါ်လစီကို အနည်းငယ်တင်ပြပါမယ်။ ကျွန်တော်တို့ဝန်ကြီးဌာနဟာ လေကြောင်း၊ ရေကြောင်း၊ ပြည်တွင်း၊ ပြည်ပပို့ဆောင်ရေးကို တာဝန်ယူရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနမှာသုံးစွဲတဲ့ရန်ပုံငွေသည် ကျွန်တော်တို့ရှာတဲ့ငွေပေါ်ကပဲ သုံးရမှာဖြစ်ပါတယ်။ အဲဒီတော့ ခုနက ကိုယ်စားလှယ်တော်ကြီးများတင်ပြတဲ့ ထိပ်တန်းပြင်ဆင်မှုကိစ္စတွေ၊ သဘော်ာဈေးနှုန်းကိစ္စတွေ၊ လေယာဥ်ပျံကိစ္စတွေအားလုံးဟာ ကျွန်တော်တို့စိတ်ထဲမှာ အစွမ်းကုန်ဆောင်ရွက်ပေးချင်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ရှာနိုင်တဲ့ငွေမကြာခင်လွှတ်တော်မှာပဲ ကျွန်တော်တို့ ဘတ်ဂျက်အစီအရင်ခံမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနက ကြိုးစားပြီးရှာတယ်။ အထူးသဖြင့် ကျွန်တော်တို့ငွေရှာတဲ့အခါမှာ တိုင်းရင်းသားပြည်သူများရဲ့အထူးသဖြင့် အောက်ခြေလူတန်း စားများနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က တတ်နိုင်သ၍ အရင်းရရန်ဆောင်ရွက်ပါတယ်။ အဓိကကတော့ နိုင်ငံခြားနဲ့ဆက်သွယ်ရတဲ့ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွေ နိုင်ငံတကာပို့ဆောင်ရေးကဏ္ဍတွေ၊ အဲဒီကိစ္စတွေမှာပဲ ကျွန်တော်တို့တတ်နိုင်သ၍ အမြတ်အစွန်းများအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပဏာမအနေနဲ့ ကိုယ့်ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်တဲ့ကိစ္စအားလုံးသည် ကျွန်တော်တို့

ရှာတဲ့ ရန်ပုံငွေအတွင်းမှာပဲ ကျွန်တော်တို့သုံးဖို့ ကျွန်တော်တို့ဝန်ကြီးဌာနက မူချမှတ်ထားပါတယ်။ ပိုတဲ့ငွေနဲ့ ကျွန်တော်တို့နိုင်ငံတော်မှာ အခြားအရေးကြီးတဲ့ကိစ္စတွေ၊ ကျွန်တော်တို့ အထူးသဖြင့် အခြေခံလူတန်းစားတွေဖြစ်တဲ့ တောင်သူလယ်သမားတွေ၊ ဆင်းရဲသားလူတန်းစားတွေကို တိုက်ရိုက် အကျိုးပြုမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ ပထမဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အဲဒါလေးကိုတင်ပြချင်ပါ တယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့ခုနက ကျောက်တော်မဲဆန္ဒနယ် ကိုယ်စားလှယ် ဦးသာစိန် မေးတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနကနေပြီးတော့ တာဝန်ယူဆောင်ရွက်ထားတဲ့ ဆိပ်ကမ်းပေါင်းဆိုလို့ရှိရင် အဓိကရန်ကုန်ဆိပ်ကမ်းဖြစ်ပြီးတော့ နယ်မှာဆိုလို့ရှိရင် ဆိပ်ကမ်းရှစ်ခု ရှိ ပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင် စစ်တွေရယ်၊ ကျောက်ဖြူရယ်၊ သံတွဲရယ် သုံးခုရှိပါတယ်။ မြစ်ဝကျွန်း ပေါ်မှာဆိုရင် ပုသိမ်ဆိပ်ကမ်းရှိပါတယ်။ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းမှာဆိုလို့ရှိရင် မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင် ဆိပ်ကမ်း ရှစ်ခုသည် ဆိပ်ကမ်းအာဏာပိုင်က တာဝန်ယူဆောင်ရွက်တာ ဖြစ်ပါတယ်။ စောစောပိုင်းက ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့ဆိပ်ကမ်းများနဲ့ ပတ်သက်ပြီးတော့ စစ်တွေဆိပ်ကမ်းဟာ ပို့ဆောင်ရေးဝန်ကြီးဌာနက တိုက်ရိုက်တာဝန်ရှိတဲ့ဆိပ်ကမ်းဖြစ်ပါတယ်။ အဲဒီ ဆိပ်ကမ်းနဲ့ပတ်သက်ပြီးတော့ခုနကကိုယ်စားလှယ်တော်ကြီးရှင်းပြတဲ့အထဲမှာကျွန်တော်တို့အသေးစိတ် တော့ ဥက္ကဋ္ဌကြီးမရှင်းပြတော့ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင် သမ္မတကြီးစီမှာသွားပြီး စစ်ဆေးပြီးဖြစ်ပါ တယ်။ အဲဒီဆိပ်ကမ်းအားလုံးကိုတော့ ဘေးအန္တရာယ်ကင်းရှင်းအောင် လာမယ့်နှစ်မှာ ကျွန်တော်တို့ ဘတ်ဂျက်ရန်ပုံငွေထည့်ပြီးတော့ ဆောင်ရွက်ပေးဖို့စီစဉ်ထားပြီး ဖြစ်ပါတယ်။ ဒုတိယဆိပ်ကမ်း ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ခုနက စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်ဆိပ်ကမ်း ကျန်တဲ့ငါးခုမှာတော့ အဲဒီကျွန်တော်တို့ စီစဉ်ထားတာတော့ ကျောက်တော် ဆိပ်ကမ်းကတော့ ဥက္ကဋ္ဌကြီး ဆောက်လုပ်ရေးကတည်ဆောက်ပေးတာဖြစ်ပါတယ်။ ဒုတိယ မြောက်ဦးဆိပ်ကမ်း မြောက်ဦးဆိပ်ကမ်းမှာတော့ ဒီနှစ်ကျွန်တော်တို့ ဘတ်ဂျက်ရန်ပုံငွေ ၁၂၉ သိန်းနဲ့ပြင်ဖို့ ရန်ပုံငွေချထားပြီးဖြစ်ပါတယ်။ ဒီမိုးကုန်တာနဲ့ ကျွန်တော်တို့ဒါကို ပြင်မှာဖြစ်ပါတယ်။ ကျန်တဲ့ဆိပ်ကမ်း ဖြစ်တဲ့ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင် အဲဒီဆိပ်ကမ်းများတော့ ဒီနှစ်ရန်ပုံငွေ ဥက္ကဋ္ဌကြီး မပါ ပါဘူး။ အဲဒါကြောင့် သို့သော်လည်းပဲ အဲဒီဆိပ်ကမ်းများကိုတော့ ကျွန်တော်တို့ သေချာသွားရောက် စစ်ဆေးပြီးတော့ လာမယ့်နှစ်ရန်ပုံငွေမှာ ရန်ပုံငွေခွဲဝေချထား ပြီးတော့ ခုနကကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်း ခရီးသွားပြည်သူများအားလုံး ဘေးအန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ကျွန်တော်ဒီမှာ ဖြေကြားအပ် ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ရသေ့တောင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ

မေးတာဖြစ်ပါတယ်။ အဓိကကတော့ ရခိုင်ပြည်နယ်မှာ ယခင်ကကျွန်တော်တို့ဝန်ကြီးဌာနကနေ ပြည်တွင်းပို့ဆောင်ရေးက ဆောင်ရွက်တဲ့ လုပ်ငန်းတော်တော်များများကို ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကျွန်တော်တို့ လွှဲပြောင်းပေးလိုက်ပါတယ်။ လွှဲပြောင်းမှုနဲ့ပတ်သက်ပြီး တော့ လက်တွေ့မှာကျတော့ စောစောပိုင်းကကျတော့ ကျွန်တော်တို့ သူတို့နဲ့ချုပ်တဲ့စာချုပ်ထဲမှာ ဈေးနှုန်းတွေမပါပါဘူး။ လက်တွေ့ကျတဲ့အခါကျတော့ အောက်ခြေမှာ ခုနကဒေါ်ခင်စောဝေမေးတဲ့ မေးခွန်းအရဆိုရင် ကျွန်တော်တို့တဖြည်းဖြည်းနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့လည်း ကျွန်တော်တို့ ထင်တာကတော့ ထိုက်သင့်တဲ့အမြတ်အစွန်းပဲယူမယ်။ တိုင်းသူပြည်သားများရဲ့ အကျိုးစီးပွားလည်း သယ်ပိုးမယ်။ ဒီလိုရည်ရွယ်ပြီး လုပ်ကိုင်တာဖြစ်ပါတယ်။ လက်တွေ့မှာတော့ ပုဂ္ဂလိကလုပ်ငန်းရှင် အများစုဟာ ဒါမြန်မာတစ်ပြည်လုံး အတိုင်းအတာနဲ့ဖြစ်ပါတယ်။ သူတို့လက်ထဲကို အာဏာအပ်လိုက် ရင် အများပြည်သူရဲ့အကျိုးထက် မိမိအကျိုးစီးပွားကို ကြည့်တာများပါတယ်။ ဒါ့ကြောင့် ဒါကိုကျွန်တော်တို့ ပြန်ပြီးသုံးသပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလွှဲပြောင်းပေးခဲ့တဲ့ ကုမ္ပဏီများက တော့ ညေထွန်းပို့ဆောင်ရေးကို ၂၉-၆-၂၀၁၁ ကရေယာဉ် တစ်စီး၊ သီဟရာဇာကုန်ပို့လုပ်ငန်းကို ၂၉-၆-၂၀၁၁ ကရေယာဉ်သုံးစီး၊ ဦးကျော်တောင်ကုန်ပို့လုပ်ငန်းကို ရေယာဉ်သုံးစီး ကျွန်တော်တို့ စုစုပေါင်း ရေယာဉ်ခုနှစ်စီးကို သူတို့ကိုလွှဲပြောင်းပေးပြီးတော့ ငှားရမ်းဆွဲပေးတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ခုနကဒေါ်ခင်စောဝေမေးထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ နံပါတ်တစ်အချက် ယခုကဲ့သို့ဈေးနှုန်းများ ဒီလိုတင်နေတယ်ဆိုတာ ကျွန်တော်တို့ သေသေချာချာတော့ ဥက္ကဋ္ဌကြီး ကျွန်တော်တို့ မသိပါဘူး။ ဒါပေမဲ့ ဒီရက်ပိုင်းမှာ ကျွန်တော်တို့ စုံစမ်းရသလောက်ကတော့ ဒီဈေးနှုန်းတွေသိလာပါတယ်။ ဒါကိုကျွန်တော်တို့သိလာပါတယ်။ ဒုတိယအချက်ကတော့ ပုဂ္ဂလိကနဲ့ ကျွန်တော်တို့ ချုပ်ဆိုတဲ့စာချုပ်ထဲမှာ ဈေးနှုန်းမပါပါဘူး။ တတိယအချက်ကတော့ ကျွန်တော်တို့ နှုန်းထားသတ်မှတ်ပေးဖို့ဆိုတာ ကျွန်တော်တို့ စာချုပ်စချုပ်ကတည်းက သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ နောက်တစ်ခါ ဒေသဆိုင်ရာအာဏာပိုင်တို့နဲ့ညှိနှိုင်းပြီးတော့မှ ဒီမြို့ ဒီဒေသမှာ ကျွန်တော်တို့ ဘယ်သူ့ကုမ္ပဏီကိုပေးရင်ကောင်းမလဲဆိုပြီး ကျွန်တော်တို့ သေချာဆွေးနွေးပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲဒေါ်ခင်စောဝေတင်ပြတဲ့အတိုင်းပဲ အများပြည်သူရဲ့ဆန္ဒ အရ တကယ်လို့များခုနက ရခိုင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် သူတို့ ကျွန်တော်တို့ ဒီကိစ္စမှာ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် သူတို့ထိုက်သင့်တဲ့ဈေးနဲ့ တိုင်းသူပြည်သား တွေကို ခရီးသွားတွေအဆင်ပြေမယ်။ ကျွန်တော်တို့လည်း အရှုံးမပေါ်ပဲဖြစ်ပါမယ်။ ဒါခုနက ဒေါ်ခင်စောဝေနဲ့ တိုင်ပင်ထားပါတယ်။ ပြီးရင်တော့ ကျွန်တော်တို့လုပ်တဲ့ လုပ်ငန်းအားလုံး ဒေသခံ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ အမျိုးသားလွှတ်တော်ကအားလုံး လွှတ်တော်က ဆောင်ရွက်ပါ။ အကုန်လုံးဆောင်ရွက်ခြင်းအားဖြင့် ထင်သာမြင်သာရှိပြီးတော့ အဆင်ပြေမယ်လို့ ကျွန်တော် အကြမ်းဖျင်း ညှိနှိုင်းထားပါတယ်။

နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်တို့ ဒီပို့ဆောင်ရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီးတော့ စောစောပိုင်းက လေကြောင်းပို့ဆောင်ရေးနဲ့ပတ်သက်ပြီးတော့ လေယာဉ်ကွင်း တည်ဆောက်ဖို့တွေ၊ လေယာဉ်ပျံ ပျံသန်းဖို့တွေ၊ နောက်တစ်ခုက ရေကြောင်းပို့ဆောင် ရေးနဲ့ပတ်သက် ပြီးတော့ ကျွန်တော်တို့ဆိပ်ကမ်းတွေပြင်ဆင် သင်္ဘောတွေပြေးဆွဲဖို့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တို့ဒီကိစ္စကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း အဓိကကျပါတယ်။ နောက်တစ်ခုကမြန်မာ ပြည်ရဲ့အနောက်ဘက်ခြမ်းဟာ ရခိုင်ပြည်နယ်အတွက် ရခိုင်ပြည်နယ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ လုံခြုံ ရေးနဲ့ National (စထရစ်) အဓိကကျပါတယ်။ ဒီပြည်နယ်ကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့အစွမ်း ကုန်ကူညီပံ့ပိုးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မြင့် မိုးမိတ်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့် (မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသောသုခနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်မှ ကိုယ်စားလှယ်ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုးမိတ်သစ်ခွဲပင်၊ တွင်းငယ်အထိ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမိတ်-သစ်ခွဲပင်-တွင်းငယ် လမ်းပိုင်းဟာ ၄၆ မိုင်ရှည်လျားပြီး မန္တလေး-ဗန်းမော် မဟာဗျူဟာလမ်းကို တွင်းငယ်မှာသွားရောက် ဆုံတွေ့တဲ့ လမ်းမကြီးတစ်ခု ဖြစ်ပါတယ်။ တွင်းငယ်မှ သစ်ခွဲပင်အထိ ၁၂ မိုင်ဟာ သပိတ်ကျင်း မြို့နယ်မှာပါဝင်ပြီး သစ်ခွဲပင်မှ မိုးမိတ်မြို့အထိ ၃၄ မိုင်ဟာ မိုးမိတ်မြို့နယ်အတွင်းမှာ ပါဝင်နေပါတယ်။ အဆိုပါ မိုးမိတ်-တွင်းငယ်လမ်းပိုင်းဟာ တံတားကြီးငယ် ၁၄၁ စင်းရှိပြီး မိုးမိတ်မြို့နယ်အတွင်းမှာ တံတား ၁၃၁ စင်း ရှိကြောင်းကိုလည်း သိရှိရပါတယ်။ အဆိုပါလမ်းပိုင်းကို ၂၀၀၂-၂၀၀၃ ခုနှစ်မှ စတင်ပြီးမှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ လမ်းအထူးအဖွဲ့ ၁၄ မှ ဖောက်လုပ်ခဲ့ရာ အရှည်မိုင် ၄၆ မိုင်၊ လမ်းအကျယ်ပေ ၃၀၊ အမာခံမြေသားလမ်းအဖြစ် ဖောက်လုပ်ဆောင်ရွက်ခဲ့သဖြင့် မိုးမိတ်မြို့နယ်မှ လုပ်သားပြည်သူများနှင့်လမ်းကြောင်း တစ်လျှောက်ကျေးရွာအုပ်စု ၇ အုပ်စု၊ ကျေးရွာ ၁၉ ရွာ ယင်းလမ်းနှင့်ဆက်စပ်လျက် ကျေးရွာ ၁၉ ရွာနဲ့ ကျေးရွာအုပ်စုမှ ကျေးရွာ ၆ ရွာတို့နေထိုင်ကြတဲ့

ကျေးလက်နေပြည်သူလူထုများ ဝမ်းသာရွှင်မြူးခဲ့ကြပါတယ်၊ဆက်လက်ပြီးတော့ ၂၀၀၈-၂၀၀၉ ခုနှစ်မှ တကောင်း-ကသာလမ်း စီမံကိန်းဌာန ၊၂၀၀၉-၂၀၁၀ ခုနှစ်မှာ အဆောက်အဦအထူးအဖွဲ့ ၆ မန္တလေးမှ တာဝန်အသီးသီးယူခဲ့ကြပါတယ်၊ ဒါပေမယ့် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ မိုးမိတ်-သစ်ခွဲပင်လမ်းပိုင်း ၃၄ မိုင် အား ကတ္တရာလမ်း ခင်းရန်အတွက် ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမိုင်တိုင် ၁၂ မှ မိုင်တိုင် ၁၄ မိုင် ၆ ဖာလုံအထိ တာဝန်ယူခဲ့ရာ ၆ ဖာလုံသာ လမ်းအပိုင်း ချိုင့်ခွက်များကို ဖာထေးခြင်း လုပ်ငန်းများကို လည်းကောင်း၊ ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မိုင်တိုင် ၁၄ မိုင် ၆ဖာလုံ မှ ၂၃ မိုင် ၆ဖာလုံအထိ ၉ မိုင် ရှည်သောလမ်းပိုင်းတွင် ၆ ဖာလုံသာ ကတ္တရာခင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ အဆောက်အဦ အထူးအဖွဲ့ ၆၊ မန္တလေးအနေဖြင့် မိုင်တိုင် ၂၃ မိုင် ၆ဖာလံမှ ၃၅ မိုင် အထိ ၁၂ မိုင် ၆ ဖာလုံလမ်းပိုင်းမှာ ပစ္စည်းများစုဆောင်းနေဆဲဖြစ်ပြီး အားလုံးလုပ်ငန်း၏ ၃၀% ကိုလည်းကောင်း၊ ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအနေဖြင့် ၃၅ မိုင် ၆ဖာလုံမှ ၄၆ မိုင်အထိ ၁၀ မိုင် ၂ ဖာလုံတွင် ၁ မိုင်သာ ကတ္တရာခင်းခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ ကြောင်းတွေ့မြင်ရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ မိုးမိတ်-တွင်းငယ်လမ်းပိုင်း တံတားများအနေဖြင့်လည်း ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းစရိတ် ချထားပေးခြင်းမရှိသည့်အတွက် ဆောင်ရွက်နိုင်မှုမရှိဘဲ ပျက်စီးသွားသောတံတားများမှာ ချောင်းရေခမ်းခြောက်ချိန်တွင် လမ်းများမှ သွားရပြီး ချောင်းရေကြီးပါက မသွားနိုင်တော့တဲ့ အခြေအနေရှိကြောင်း သိရှိရပါတယ်၊ ဒိုင်းနမစ် ဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့်လည်း သံကူကွန်ကရစ်တံတား ၆ စင်းအား လျာထားခဲ့ရာရန်ပုံငွေ ရရှိမှုအပေါ်မူတည်ပြီး တံတားများတစ်ဝက်တစ်ပျက်ဖြင့် ဆောင်ရွက်နေကြောင်းကိုလည်းသိရှိရပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့(က) အဆိုပါမိုးမိတ်-သစ်ခွဲပင်-တွင်းငယ် လမ်းမကြီးအားဆောင်ရွက်ပြုပြင်နိုင်ရန် ရန်ပုံငွေများချထားပေးရန် အစီအစဉ်ရှိပါသလား။ အစီ အစဉ်ရှိမည်ဆိုပါက မည်ကဲ့သို့သောအချိန်တွင် ချထားပေးပါမည်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးနန်းဦး၊ မိုးညိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်၊

**ဦးနန်းဦး(မိုးညိုမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ၊ မိုးညိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုးညိုမြို့နယ်ဟာ ၁၉၈၀-၁၉၈၅ ခုနှစ် အတွင်းမှာမြစ်ရေတိုက်စားမှုကြောင့်

သုံးကြိမ်းရွှေ့ပြောင်းရတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ယခုအခါမှာ မိုးညှင်းမြို့နယ်ဟာ လယ်ခင်းများ ကောင်းမွန်ပြီး ဆီထွက်သီးနှံနှင့်ပတ်သက်၍ သာယာဝတီခရိုင်ရဲ့ဆီအိုးဖြစ်တဲ့အပြင် ဂုန်လျှော် စိုက်ပျိုးမှုနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးပထမဆု လေးကြိမ်ရရှိခဲ့တဲ့မြို့တစ်မြို့ ဖြစ်ပါတယ်။ လယ်ယာ ကိုင်းကျွန်းများ ကောင်းလာတာနဲ့အမျှ စီးပွားရေးဖွံ့ဖြိုးစ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဒါကြောင့် ကုန်စည် စီးဆင်းမှုအဆင်ပြေချောမွေ့စေရေးနဲ့ ခရီးသွားပြည်သူများလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး ဟာ မိုးညှင်းမြို့မှ ရန်ကုန်-ပြည်လမ်းမကြီးသို့ အဓိကထွက်ပေါက်ဖြစ်သော မိုးညှင်း-မင်းလှလမ်းပိုင်းရှိ ထန်းပင်ကုန်း-ဘေလီတံတားသည် ၁၉၈၀-၁၉၈၂ ခုနှစ်မှာ စတင်ဖွင့်ခဲ့ပြီး မိုးအခါမှာ မကြာခဏ ဆိုသလို ခရီးသွားပြည်သူများ လမ်းဆင်းလျှောက်ရခြင်း၊ စားကုန်များ၊ ယာဉ်ငယ်များနှင့်ကဲ့ရခြင်းများ ဖြစ်ပေါ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပေအရှည် ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၃၄ ပေ ရှိထန်းပင်ကုန်း-ဘေလီတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေး ရန် ရှိ၊ မရှိ သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကိုကိုထွန်း အောင်လံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်၊

**ဦးကိုကိုထွန်း (အောင်လံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာပြီးကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် အောင်လံမြို့မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်း ဒေသကြီး၊ အောင်လံမြို့သည် အလျားအားဖြင့် ၄ မိုင်ခွဲခန့် ရှည်လျားပြီး လူဦးရေထူထပ်သည့်မြို့ တစ်မြို့ဖြစ်ပါတယ်။ မြို့တွင်းမှာဖြတ်သန်းဖောက်လုပ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ထော်လာဂျီစသည့် အနှေးယာဉ်များဖြင့်လည်းကောင်း၊ မြို့တွင်းသွား ယာဉ်ကြီးယာဉ်ငယ်များဖြင့်လည်းကောင်း၊ အဝေးပြေးကုန်တင်ယာဉ်ကြီးများဖြင့် အဝေးပြေးခရီးသည် တင်ယာဉ်ကြီးများဖြင့်လည်းကောင်းများစွာရှုပ်ထွေးပြီး မကြာခဏယာဉ်အန္တရာယ်ကြီးငယ်များဖြစ်ပေါ် လျက်ရှိကြပါတယ်။ ယခုအခါ အောင်လံမြို့၏တောင်ဘက်ရှိ ပြည်မြို့တွင်လည်းကောင်း၊ မြောက်ဘက်ရှိ မကွေးမြို့တို့တွင်လည်းကောင်း မြို့ရှောင်ကွင်းလမ်းများ ဖောက်လုပ်ပေးထားသည့်အတွက် အဝေးပြေး ကုန်တင်ယာဉ်ကြီးများအပါအဝင် အဝေးပြေးခရီးသွားယာဉ်မျိုးစုံတွေသည် မြို့ရှောင်ကွင်းလမ်းမှ

မောင်းနှင်ကြရသည့်အတွက် မြို့တွင်းမှာလမ်းရှင်းလာခြင်း၊ ယာဉ်အန္တရာယ်နည်းပါးလာခြင်း၊ မြို့တွင်းလမ်းများပျက်စီးမှု သက်သာလာခြင်း၊ မြို့အင်္ဂါရပ်နှင့်ပိုမို ညီညွတ်လာကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ အောင်လံမြို့သည်လည်း မြို့ပြကျယ်ပြန့်ပြီး မြို့နယ်လူဦးရေထူထပ်သည့် မြို့ဖြစ်သည့်အတွက် မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါ၍ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင် သာယာဝတီမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင် (သာယာဝတီမဲဆန္ဒနယ်)** ။ ။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်-ပြည်လမ်းယာဉ်သွားလာမှု လုံခြုံအေးချမ်းသာယာရေးအတွက် ၆ လမ်းသွားအဆင့်မြင့်တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ ကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပြည် မော်တော်ကားလမ်းသည် လမ်းအရှည်မိုင် ၁၈၀ ရှိပါတယ်။ လမ်းပိုင်းအနေနဲ့ ရန်ကုန်နှင့်လက်ပံတန်းသည် ၈၅ ရှိပြီးတော့ လမ်းအကျယ်မှာ ၂၂ ပေ ဖြစ်ပါတယ်။ လက်ပံတန်းနဲ့ ပြည်ခရီးမိုင်သည် ၉၅ မိုင်ဖြစ်ပြီးတော့ လမ်းအကျယ်သည် ၁၈ ပေဖြစ်ပါတယ်။ ရန်ကုန်-ပြည် မော်တော်ကားလမ်းသည် မကွေးတိုင်းဒေသကြီးမှလည်းကောင်း၊ ရခိုင်ပြည်နယ်မှလည်းကောင်းဒေသထွက်ကုန်ပစ္စည်းများနဲ့ ကုန်စည်စီးဆင်းမှု၊ ခရီးသွားလာမှုများသော လမ်းဖြစ်ပါသည်။ ၎င်းအပြင် ရန်ကုန်-ပြည် မော်တော်ကားလမ်းသည် ၁၉၈၈ ခုနှစ်က ဖောက်လုပ်ပြီးစီးခဲ့ပြီးတော့ မြန်မာနိုင်ငံမှာ အကောင်းဆုံး၊ အဝေးပြေးနိုင်လွန်ကတ္တရာလမ်းအဖြစ်လူသိများခဲ့သော ကတ္တရာလမ်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ရန်ကုန်-ပြည် မော်တော်ကားလမ်းသည် ယာဉ်များသွားလာရာတွင် လမ်းကျဉ်းမြောင်းခြင်း၊ လမ်းသက်တမ်းကြာမြင့်ခြင်း၊ လမ်းကတ္တရာအလွှာများကိုကွာနေခြင်းနဲ့ ချိုင့်များဖြစ်ပေါ်နေခြင်းကြောင့် ယာဉ်များသွားလာမှုနှောင့်နှေးရခြင်းများ ကြုံတွေ့နေရပါသည်။ ၎င်းအပြင် ကားလမ်း၏ ဘေးဝဲယာတစ်ဖက်တွင်ရှိသော လမ်းပုခုံးများသည်လည်းနိမ့်ကျ၍ ယာဉ်များရှောင်တိမ်းရာအခါမှာ အန္တရာယ်ရှိသည်နဲ့တွေ့ကြုံနေရပါတယ်။ သို့ပါ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့စေရေးအတွက် အောက်ပါမေးခွန်းများကို မေးမြန်းမှာဖြစ်ပါတယ်။ နံပါတ် (၁) မေးခွန်းက ရန်ကုန်-ပြည်ကားလမ်းဟာ အဆင့်မြင့်

ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း အစီအစဉ်ရှိ၊ မရှိနဲ့ နံပါတ် (၂) မေးခွန်းက ရန်ကုန်-ပြည်ကားလမ်းအား ၆ လမ်းသွားတိုးချဲ့ရန် ယခင်တိုင်းတာမှုများရှိခဲ့သည်ကို ကြားသိရပါ၍ ယခုအနေနှင့် ၆ လမ်းသွားအဖြစ် တိုးချဲ့ရန်အစီအစဉ် ရှိ၊ မရှိကို သိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ တောင်ကြီးမှတာချီလိတ်မြို့သို့သွားတဲ့ ပြည်ထောင်စုလမ်းမကြီးဟာ ပြည်ထောင်စုအစိုးရပိုင် ကတ္တရာခင်းလမ်းမကြီးဖြစ်ပြီး တာချီလိတ်မြို့ သို့မဟုတ် ထိုင်းနယ်စပ်ဘက်သို့သွားတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်ပါတယ်ရှင်။ တောင်ကြီးမြို့မှ ခိုလန်မြို့ထိ နိုင်ငံသားပိုင်ကုမ္ပဏီများမှ ဘီအိုတီစနစ်ဖြင့်ဆောင်ရွက်ရန် ရရှိထားကြောင်း သိရှိရပါ တယ်ရှင်။ ခိုလန်မြို့မှ တာကော်တံတားအထိ ၆၃ မိုင်ရှိတဲ့ ကတ္တရာလမ်းမှာ လွန်စွာပျက်စီးနေပြီး နိမ့်ကျုံ ချိုင့်ခွက်ကြီးများမှာ အလွန်ကြီးမားနေ၍ ဖာထေးရုံနှင့်မျှ ကောင်းမွန်နိုင်တဲ့အနေအထားမရှိပါဘူးရှင်။ နိမ့်ကျုံချိုင့်ခွက်ကြီးများမှာ ဗင်တစ်စီးစာလောက်ရှိတဲ့အတွက် လမ်းပြုပြင်နေတဲ့ဌာနမှာလည်း လွန်စွာ အခက်အခဲတွေ့နေရပါတယ်။ အဆိုပါလမ်းပြုပြင်ရာတွင် စက်ယန္တရားလုံလောက်မှုမရှိခြင်း၊ လူအင် အားလုံလောက်မှုမရှိတဲ့အတွက်ကြောင့် အချိန်ကုန်လူပင်ပန်းဖြစ်နေရပါတယ်ရှင်။ ထော်လာဂျီများဖြင့် မြေများ၊ ကျောက်များကို သယ်ပြီးမှဖို့နေရပါတယ်။ မိုးရွာလျှင် ရွှံ့ဗွက်အိုင်ကြီးအဖြစ် အသွင်ပြောင်း သွားတဲ့အတွက်ကြောင့် ပြည်သူနှင့်ယာဉ်များသွားလာမှုအလွန်ခက်ခဲပါတယ်ရှင်။ ဒါကြောင့် ခိုလန်မြို့မှ တာကော်တံတားထိ လမ်းပြုပြင်မယ့်အစီအစဉ်ကို ပြည်သူလူထုကိုယ်စားမေးမြန်းလိုခြင်းဖြစ်ပါတယ် ရှင်။ ကျွန်မမေးမယ့်မေးခွန်းကတော့ (၁) တောင်ကြီးမြို့မှ ခိုလန်မြို့အထိ လမ်းအဆင့်မြှင့်တင်ရေး အတွက် ပြုပြင်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံသားပိုင်ပုဂ္ဂလိကကုမ္ပဏီများအား ဘီအိုတီ စနစ်ဖြင့် ချထားပေးရာတွင် ခိုလန်မြို့မှ တာကော်တံတားအထိ နိုင်ငံသားပိုင်ပုဂ္ဂလိကကုမ္ပဏီများအား ဘီအိုတီစနစ် ဖြင့်ချထားပေးပါမည်လား။ (၂) ခိုလန်မြို့မှ တာကော်တံတားအထိ လမ်းအဆင့်မြှင့် တင်ရေး၊ ပြုပြင်ရေးအတွက် နိုင်ငံတော်အစိုးရက မည်ကဲ့သို့အစီအစဉ်ရှိပါသနည်း။ (၃)ခိုလန်မြို့မှ တာကော်တံတားအထိ လမ်းအဆင့်မြှင့်တင်ရေး၊ ပြုပြင်ရေးအတွက် အစီအစဉ်ရှိသည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်နည်း။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမေးတဲ့ မေးခွန်းကတော့

လမ်းပြုပြင်ဖို့အတွက်နဲ့ အဆင့်မြှင့်တင်ဖို့အတွက် နှစ်ခုစလုံးပါပါတယ်ရှင်။ ကျေးဇူးပါပဲရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးယုံဘီး၊ တနင်္သာရီမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးယုံဘီး (တနင်္သာရီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဦးစွာပထမနှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယုံဘီး ဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီမြို့နယ်မှ အဓိကဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်တဲ့ တနင်္သာရီမှကိုးမိုင်ရှည်လျား သောတနင်္သာရီ-ညောင်ပင်ကွင်း လမ်းမကြီးတစ်ခုရှိပါတယ်ခင်ဗျား။ ဒီလမ်းမကြီးက ဘန်ကလောရွာ၊ ခြောက်မိုင်ရွာ၊ စကျင်ရွာ၊ ထုံတွန်ရွာ၊ ညောင်ပင်လေးရွာ၊ အနောက်ကမ်းများနှင့် ခ.မ.ရ (၅၆၁)တပ်ရင်း များတွင် အဓိကမှီခိုအားထားရတဲ့လမ်းများဖြစ်ပါတယ်ခင်ဗျား။ ဒီလမ်းပေါ်မှာ ညောင်ပင်လေးရွာ၊ အနောက်ကမ်းများနှင့် အရှေ့ဘက်ကမ်းနှစ်ရွာကို ကိုယ့်အားကိုယ်ကိုးတံတားနှစ်ခု ဆောက်လုပ်ခဲ့ရာ ရေကြီး၍ပြိုကျပျက်စီးခဲ့တဲ့အတွက် ညောင်ပင်ကွင်းရွာ၊ အနောက်ကမ်းနှင့် အရှေ့ဘက်ကမ်းရွာများ အဆက်ပြတ်နေပြီးနယ်မြေလူထု နှစ်သောင်းခန့်ဟာလည်း အကျယ်ပေ ၃၀၀ ခန့်ရှိတဲ့ ညောင်ပင်ကွင်း ချောင်းကိုကူးတို့လှေများဖြင့် ခက်ခဲစွာကူးသန်းသွားလာနေရပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ပင်ကွင်းရွာအရှေ့ ဘက်ကမ်းမှာရှိတဲ့ အ.ထ.က ညောင်ပင်ကွင်းကျောင်းသို့ အနောက်ဘက်ကမ်းမှာနေ ကျေးရွာများ၊ ကျောင်းသူ၊ ကျောင်းသားများ နေ့စဉ်နံနက်၊ ညနေကူးတို့ လှေများဖြင့် ခက်ခဲပင်ပန်းစွာကူးနေရခြင်း၊ ကုန်စည်နဲ့သီးနှံများသယ်ယူ ရောင်းချရန် အချိန်ကြန့်ကြာ ခြင်း၊ ခက်ခဲစွာကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ မြစ်ချောင်းအတွင်းကူးသန်းရာတွင် ခရီးသည်များအန္တရာယ် ရှိခြင်းတို့ကြောင့် ညောင်ပင်ကွင်းရွာ ချောင်းကူးတံတားအား ခိုင်ခံ့သော ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် နယ်မြေအတွင်းရှိ ပြည်သူလူထုကအားကိုး မျှော်လင့်လျက်ရှိပါတယ်ခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော် မေးခွန်းလေးသုံးခုကို မေးပါရစေခင်ဗျား။ (၁)တနင်္သာရီ မြို့နယ် အတွင်းရှိ ညောင်ပင်ကွင်းတံတားကို ခိုင်ခံ့သော ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါ သလား။ (၂)အကယ်၍ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောက်လုပ် ပေးရန်စီစဉ်ထားရှိပါသနည်း။ (၃) ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါက အခြားမည်သည့် အစီ အစဉ်များ လုပ်ဆောင်ပေးနိုင်ရန်ရှိပါသနည်း။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်ဝင်း ပန်းတောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ဝင်း (ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြား ထားသောဧည့်သည်တော်များ မင်္ဂလာပါလို့ပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတာကတော့ ပန်းတောင်း-ပြည် ကားလမ်းပေါ်ရှိ ဆင်မင်း-နဝဒေးတံတားလမ်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပန်းတောင်းမြို့နယ်ဟာ ပြည်မြို့ကိုအဓိကထားပြီး ဆက်သွယ်နေရတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ အဲဒီမြို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက နဝဒေးတံတားနှင့် မြို့တွင်းလမ်းများကို ပြုပြင်ပေးတဲ့အတွက် မြို့သူ မြို့သားအားလုံးက ကျေးဇူးတင်လျက်ရှိပါတယ်။ အဲဒီလမ်းတစ်လျှောက်မှာရှိတဲ့ ဆင်တဲကျေးရွာနဲ့ နဝဒေးတံတားလမ်းပိုင်းဟာတော့ ၂ မိုင်လောက်ကွာဝေးပါတယ်။ အဲဒီ လမ်းပိုင်းဟာ တောင်ကမ်းပါး ယံကြောမှဖြတ်ပြီးတော့ ဖောက်လုပ်ထားတာဖြစ်ပါတယ်။ အဲဒီဖြစ်တဲ့အတွက် တစ်ဘက်မှာမြစ်ကမ်းပါး ရှိပြီးတော့ တစ်ဘက်မှာကျောက်တောင်ကမ်းပါးယံတွေရှိပါတယ်။ အဲဒီကျောက်တောင်ကမ်းပါးယံတွေ ကိုသွားရတဲ့အခါမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းကိုပြုပြင်ပေးထားသော်လည်း တစ်ခါတစ်ခါ မိုးရွာသွန်းမှုများတဲ့အခါမှာ ကမ်းပါးများပဲ့ကျပါတယ်။ လမ်းကျဉ်းပါတယ်။ အဲဒါကြောင့်မို့လို့ ကားလေး များပင်လျှင် ကားတစ်စီးနဲ့တစ်စီးရှောင်လို့မလွယ်ပါဘူး။ အဲဒီမှာ ကားကြီးတွေ၊ နောက် Express ယာဉ်များမသွားနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဆင်တဲကျေးရွာမှာရှိတဲ့ နိုင်ငံပိုင်စက်ရုံကြီး ၂ ရုံနဲ့ မိုးကောင်းစက်မှုသင်တန်းကျောင်းက ပစ္စည်းတွေသယ်ပို့ရာမှာလည်း ကျွန်တော်တို့ ကုန်ကြမ်း သယ်မယ်၊ ကုန်ချောတွေပြန်ပို့မယ်ဆိုလို့ရှိရင် ဒီလမ်းကိုအသုံးမပြုနိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ အဲဒီ ၂ မိုင်လောက်ကို ကျဉ်းနေတဲ့နေရာလေးကို တိုးချဲ့ပြီးတော့ လမ်းအဆင့်မြှင့်တင်ပေးမယ် ဆိုလို့ရှိရင် ပန်းတောင်းမြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုလည်း အထောက်အကူပြုရာရောက်ပါတယ်။ စက်ရုံကြီး နှစ်ရုံအတွက်လည်း ကုန်ကျစရိတ်ပိုမိုသက်သာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပန်းတောင်းမြို့သူ မြို့သားများက ဆင်တဲ-နဝဒေးတံတားလမ်းပိုင်းကို အဆင့်မြင့်တိုးချဲ့ပေးစေလို့တဲ့ ဆန္ဒရှိပါတယ်။ သို့ပါ၍ ကျွန်တော့်အနေနဲ့ မေးလိုတာကတော့ ဆင်တဲ-နဝဒေးတံတားလမ်းပိုင်းကို အဆင့်မြှင့်တိုးချဲ့ ပေးရန်အစီအစဉ် ရှိ၊ မရှိ ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက မေးခွန်းများအလိုက် ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ မေးခွန်း(၇)ခုကို ဆက်လက်ပြီးရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ်၊ မိုးမိတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခေါ်) ဦးဖိုးတုတ်ကနေပြီးတော့ မေးထားသောမေးခွန်းဖြစ်ပါတယ်။ ဒါကတော့မိုးမိတ်-သစ်ခွဲပင်-တွင်းငယ်လမ်းမကြီးများအား ဆက်လက်ပြုပြင်ရန်အတွက် ရန်ပုံငွေချထားမည့် အစီအစဉ်များရှိပါသလား။ အစီအစဉ်ရှိလျှင် မည်ကဲ့သို့ မည်သည့်အချိန်မှာဆောင်ရွက်မည်ကို သိရှိလိုပါတယ်ဆိုတဲ့မေးခွန်းကို ရှင်းလင်းတင်ပြပါ့မယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်ရှိ တွင်းငယ်မှာဆိုလို့ရှိရင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲခရိုင်ရှိတဲ့ မိုးမိတ်မြို့တို့ကိုဆက်သွယ် ထားတဲ့လမ်းဖြစ်ပါတယ်။ တွင်းငယ်-မိုးမိတ်လမ်းဟာ ၄၆ မိုင် အရှည်ရှိပါတယ်။ ၂၀၀၀-၂၀၀၁ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းကို စတင်ဖောက်တာကတော့ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၄)ကနေပြီးတော့၊ ဒု-အင်ဂျင်နီယာမှူးကြီးအဖွဲ့ကနေပြီးတော့ တာဝန်ယူပြီးဆောင်ရွက်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ကျတော့ တကောင်း-ကသာလမ်းစီမံကိန်းအဖွဲ့ကနေပြီးတော့ လမ်းတံတားလုပ်ငန်းများလွှဲပြောင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ခုနှစ်၊ ဘဏ္ဍာရေးနှစ်ကျတဲ့အခါကျတော့ လမ်းတံတားလုပ်ငန်းများကို အဆင်မြင့်တင်ဆောင်ရွက်နိုင်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ဆောင်ရွက်တဲ့ တွင်းငယ်-မိုးမိတ်လမ်း ၃၁-၅-၂၀၁၁ ရက်နေ့အခြေအနေကိုတင်ပြရရင် မန္တလေးတိုင်းအပိုင်းမှာ ကတ္တရာလမ်း ၂ မိုင် နဲ့ ကျောက်လမ်းကတော့ ၉ မိုင် ၆ ဖာလုံ၊ စုစုပေါင်း ၁၁ မိုင် ၆ ဖာလုံဟာ မန္တလေးတိုင်းအပိုင်းမှာပါ ပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်းအပိုင်းကတော့ ကတ္တရာလမ်း ၁ မိုင် ၃ ဖာလုံ၊ ကျောက်လမ်း ၈ မိုင် ၄ ဖာလုံ၊ မြေလမ်း ၂၄ မိုင် ၃ ဖာလုံ၊ စုစုပေါင်း ၃၄ မိုင် ၂ ဖာလုံပါရှိသော လမ်းပိုင်းဖြစ်ပါတယ်။ တွင်းငယ်-မိုးမိတ်လမ်းပေါ်မှာရှိတဲ့ တံတားတွေကိုတင်ပြရရင် ၂၀ ပေအောက်တံတား ၅၅ စင်းနဲ့ ၂၀ ပေမှ ၅၀ ပေအောက်တံတား ၅၁ စင်း၊ ၅၀ ပေမှ ၁၀၀ ပေအောက်တံတား ၁၁ စင်း၊ ၁၀၀ ပေမှ ၁၈၀ ပေအောက် တံတား ၂ စင်းနဲ့ ၁၈၀ ပေ အောက်တံတား ၁ စင်းရှိပါတယ်။ စုစုပေါင်းတံတားအားလုံး အစင်းပေါင်း ၁၂၀ ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေနဲ့ လုပ်ဆောင်ထားတဲ့ လုပ်ငန်းတွေကတော့ မန္တလေးတိုင်းဒေသကြီးအပိုင်းမှာတော့ ကတ္တရာခင်းလုပ်ငန်း ၂ ဖာလုံပါ

ပါတယ်။ လမ်းချိုင့်ခွက်ပေါက်တဲ့ဟာတွေကို ကျောက်များဖြင့်ဖာထေးကြိတ်ခြင်းဟာ ၁၅ မိုင် ပါပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း အပိုင်းတင်ပြရရင်တော့ ကတ္တရာခင်းခြင်းလုပ်ငန်း ၂ ဖာလုံပါပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ခွဲဝေတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနဲ့ကြတော့ ပါဝင်တဲ့လုပ်ငန်းတွေကတော့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၁၁ မိုင် ၆ ဖာလုံနဲ့ ၄၀ ပေအကျယ် မြေသားလမ်းတာဘောင်တင်ခြင်းဟာ ၉ မိုင် ၆ ဖာလုံ၊ ၅၀ ပေ အောက် သစ်သားတံတားယက်မနဲ့ ကြမ်းခင်း၊ ဘီးလမ်းများနှင့်လက်ရမ်းများပြုပြင်ခြင်းဟာ ၄ စင်းတို့ ပါပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရှမ်းပြည်နယ်မြောက်ပိုင်း၌ ရွှေလီ ၃ ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်တဲ့အတွက် ၎င်းရဲ့လုပ်ငန်းသုံးတင်တဲ့ပစ္စည်းမော်တော်ယာဥ်ကြီးတွေ မန္တလေး၊ ကျောက်ပန်းတောင်းမြို့နယ်ကနေ၊ ပုပ္ပါးတောင်ကနေ ပိုဗိုလန်သွားမယ့်ယာဥ်ကြီးတွေအပါအဝင် ယာဥ်ပေါင်းမြောက်များစွာ အသုံးပြုနေတာဖြစ်ပါတယ်။ တွင်းငယ်-မိုးမိတ်လမ်းပေါ်မှာတံတားငယ်များ၊ တံတားကြီးများ၊ သစ်သားတံတားများဖြစ်ပြီး ဝန်ခံနိုင်မှုအားနည်းတဲ့အတွက် တံတားများဟာ ပျက်စီးမှုများရှိနေပါတယ်။ ယခုနှစ်မှာလည်း မိုးရွာသွန်း မှုများပြားတဲ့အတွက် သစ်သားတံတားများ ရေတိုက်စားပြီးတော့ ပျက်စီးမှုတွေလည်းရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တွင်းငယ်-မိုးမိတ်လမ်းဟာမူလမြေလမ်းကနေကျောက်လမ်းအဆင့်သို့တဖြည်းဖြည်းမြှင့်တင်ဆောင်ရွက်လျက်ရှိတဲ့လမ်းဖြစ်ပါတယ်။ ရွှေလီ ၃ ရေအားလျှပ်စစ်ဆောင်ရွက်နေတဲ့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ တည်ဆောက်ရေးကာလအတွင်းမှာ၊ လမ်းအသုံးပြုနေစဥ်အတွင်းမှာ လမ်းအဆင့်များနိမ့်ကျမသွားစေရန်နဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်းပြုပြင်ခြင်းများကို အခုဝန်ကြီးဌာနနှစ်ခုပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးမေးခွန်းနံပါတ်(၂)ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၂) ကတော့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦးမှမေးမြန်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက် ပြည်သူများအဆင်ပြေရေးအတွက် ပေ ၅၀၀ အရှည် အကျယ်နဲ့ ၁၂ ပေအကျယ်ရှိတဲ့ အမြင့် ၃၄ ပေရှိတဲ့ ထန်းပင်ကုန်း ဘေလီတံတား ပြုပြင်ဆောင်ရွက်ခြင်း ရှိ၊ မရှိနဲ့ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်မှာ ဆောင်ရွက်ပေးနိုင်မည်ဆိုတဲ့ မေးခွန်းများ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးညိုမြို့နယ် မင်းလှ-မိုးညိုလမ်းပေါ်မှာ ထန်းပင်ကုန်း ဘေလီတံတားဟာ ၁၀ မိုင် ၅ ဖာလုံမှာရှိပါတယ်။ တံတား အရှည် ၅၀၀ ပေ ရှိပြီးတော့အကျယ်ကတော့ ၁၂ ပေရှိပါတယ်။ ဘေလီတံတားအမျိုးအစားဖြစ်ပါတယ်။ တံတားအမြင့်

ကတော့ ၃၂ပေရှိပြီး မေခမြစ်ကိုဖြတ်သန်းပြီးတော့ တည်ဆောက်ထားတဲ့ တံတားဖြစ်ပါတယ်။ ထန်းပင်ကုန်း တံတားရဲ့ ခန်းဖွင့်ဖွဲ့စည်းပုံကိုတင်ပြရရင် အရှည် ၁၂၀ ပေ တစ်လွှာတစ်ထပ်ဘေလီဖြစ်ပါတယ်။ အရှည်ပေ ၈၀ ပေ နှစ်လွှာတစ်ထပ်ဘေလီလည်းပါပါတယ်။ အရှည်ပေ ၃၀၀ ပေ တစ်လွှာတစ်ထပ် ဘေလီများနဲ့ပေါင်းစပ်ပြီးတော့ တည်ဆောက်ထားတာဖြစ်ပါတယ်။ တံတားတိုင်များကတော့ သစ်သား တိုင်စင်များနဲ့သာလျှင် တည်ဆောက်ပေးနိုင်တာဖြစ်ပါတယ်။ ထန်းပင်ကုန်းတံတားကို ၁၉၈၀ ခုနှစ်က တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ နှစ်ကာလကလည်းကြာမြင့်ပြီးဖြစ်ပါတယ်။ သစ်သားတိုင်စင်များ လည်းဆွေးမြေ့လာပြီဖြစ်တဲ့အတွက် သံမဏိ၊ သံဘောင်များအားနည်းခြင်းလည်းဖြစ်ပါတယ်။ ဆောက် လုပ်ရေးဝန်ကြီးဌာနကနေ သာယာဝတီခရိုင်၊ အင်ဂျင်နီယာမှူးနဲ့အဖွဲ့ကို နှစ်စဉ်ခွဲဝေပေးသော ရန်ငွေနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှာ သစ်သားကြမ်းခင်း၊ ဘီးလမ်းများအသစ်များလဲခြင်း ဆက်လက် ဆောင်ရွက်လျှက်ရှိပြီး သစ်သားတိုင်များလဲလှယ်ခြင်းကိုလည်း ရေနည်းချိန်ပွင့်လင်းရာသီမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးညိုမြို့နယ်၊ မင်းလှ-မိုးညို လမ်းပေါ်ရှိတဲ့ ထန်းပင်ကုန်းဘေလီတံတားအား အခိုင်အမာသံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက် သွားရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ် ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၃)ကိုရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၎င်းကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်းရဲ့ မေးမြန်း ထားသောမေးခွန်း ဖြစ်ပါတယ်။ ဒီကတော့ ကျွန်တော်တို့ ဒီလမ်းကြောင်းနဲ့ပတ်သက်လို့ အောင်လံမှာ မြို့ရှောင်လမ်းတည်ဆောက်ပေးနိုင်မယ့်အခြေအနေ မေးထားတဲ့မေးခွန်းကို ကျွန်တော်တို့ တင်ပြသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အောင်လံ မြို့နယ်ကို အဓိကဖြတ်သန်းသွားတဲ့ ပြည်ထောင်စုလမ်းမကြီးဟာ ရန်ကုန်-ပြည်-မကွေးလမ်းမကြီး ဖြစ်ပါတယ်။ ရန်ကုန်-ပြည်-မကွေးလမ်းတွင် အောင်လံမြို့နယ်အပိုင်းမှာမိုင်တိုင် ၁၉၃မိုင်၊ ၇ဖာလုံ ကနေ ၂၃၁မိုင်၊ ၇ဖာလုံထိ ၃၈ မိုင်ပါဝင်မှာဖြစ်ပါတယ်။ အဆိုပါ လမ်းမကြီးကို မက်စ်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကနေပြီးတော့ ၂၈-၆-၂၀၁၁ မှာ စပြီးတော့ အဆင့်မြှင့်တင်ဆောင် ရွက်နေတာဖြစ်ပါတယ်။ ဘီအိုတီစနစ်ကိုရယူပြီး လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုထားသောကုမ္ပဏီဖြစ်ပါ တယ်။ မိုင်တိုင် ၂၂၀ ကနေပြီးတော့ မိုင်တိုင်၂၂၆မိုင် အထိ ၆မိုင်ဟာ အောင်လံမြို့တွင်းလမ်းဖြစ်ပါ တယ်။ ၃၁-၅-၂၀၁၁ နေ့လမ်းအခြေအနေတင်ပြရရင်တော့ ၁၆ ပေအကျယ် ကတ္တရာလမ်း ၃ မိုင်

ရှိပါတယ်။ ၃၂ ပေအကျယ်ကတ္တရာ လမ်း ၃ မိုင်ရှိပါတယ်။ ရန်ကုန်-ပြည်-မကွေးလမ်းရဲ့ အောင်လံမြို့အတွင်းလမ်းအပိုင်းဖြစ်တဲ့ ၂၂၁ မိုင် ၄ ဖာလုံကနေပြီးတော့ ၂၂၄ မိုင် ၄ဖာလုံထိ ၃ မိုင် အရှည်ကို ၃၂ ပေအကျယ်ရှိတဲ့လမ်းအပိုင်းကို လမ်းအလယ်ဗဟိုမှာ မီးတိုင်များနဲ့ ပိုင်းခြားထားပါတယ်။ ဘီအိုတီစနစ်နဲ့ဆောင်ရွက်လျက်ရှိတဲ့ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီဟာလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာပွင့်လင်းရာသီမှစပြီးတော့ အောင်လံမြို့တွင်းလမ်းပိုင်းဖြစ်တဲ့ ၂၂၁ မိုင် ၄ ဖာလုံကနေပြီးတော့ ၂၂၄ မိုင် ၄ဖာလုံထိ ၃ မိုင်ကို ယန္တရားကြီးများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ၃၂ ပေအကျယ်ကတ္တရားလမ်းအဆင့်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လမ်းတိုးချဲ့ခြင်းဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြပြီးတော့ စက်ဘီးလမ်း၊ ဆိုင်ကယ်လမ်းများ သီးခြားလမ်းနယ်များခွဲခြားပြီးဆောင်ရွက်မှာဖြစ်ပါတယ်။ တစ်နေ့လျှင် ပျမ်းမျှဖြတ်သန်းသွားတဲ့ယာဉ်စီးရေတိုးတက်လာတာနဲ့အမျှ ယာဉ်စီးရေနဲ့လိုက်လျောညီထွေဖြစ်သော အောင်လံမြို့၊ မြို့ရှောင်လမ်းကိုလည်းဖောက်လုပ်နိုင်ရေးအတွက် တိုင်းတာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာတော့ ပြည်-အောင်လံ-မကွေးလမ်းအား စနစ်တကျစံချိန်စံညွှန်းနဲ့အညီ တည်ဆောက်သွားမှာဖြစ်ပြီး အောင်လံမြို့အတွက် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန်အစီအစဉ်လောလောဆယ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးမေးခွန်းနံပါတ်လေးကိုရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်လေးကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်မြေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်မေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်-ပြည် မော်တော်တိုင်းတာလမ်းပန်းဆက်သွယ်ရေးကောင်းဖို့အတွက် ခြောက်လမ်းသွားဆောက်လုပ်နိုင်ဖို့နဲ့ အဆင့်မြှင့်တင်ဖို့အခြေအနေရှိ၊ မရှိ မေးမြန်းထားတဲ့မေးခွန်းကိုတင်ပြထားပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပြည်-မကွေးလမ်းဟာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မိုင် ၇၀ မိုင် ၆ ဖာလုံကနေပြီး ၁၉၃ မိုင် ၇ ဖာလုံအထိ ၁၂၃ မိုင် ၁ ဖာလုံ ပါဝင်လျက်ရှိပါတယ်။ မက်စ်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီကနေပြီးတော့ ၂၈-၆-၂၀၁၁ ခုနှစ် နေ့မှာ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ထံကနေပြီးတော့လမ်း၊ တံတားအဆင့်မြှင့်တင် တည်ဆောက်ရန်လုပ်ငန်းများ လွှဲပြောင်းယူပြီး ဘီအိုတီစနစ်နဲ့ တာဝန်ယူဆောက်ရွက်လျက်ရှိပါတယ်။ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဟာ ၂၈-၆-၂၀၁၁ နေ့ကစပြီး ရန်ကုန်-ပြည်-မကွေးလမ်းမကြီးအား ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်တဲ့ ကြိုတင်ရောကျောက်ကတ္တရာနဲ့ လမ်းပေါက်များ ဖာထေးခြင်း၊ လမ်းပုခုံးများအား စက်ယန္တရားများ ဖြင့်ညှိခြင်း၊ တံတားနှင့်ရေပြွန်များ ရေစီးရေလာကောင်းရန်ဆောင်ရွက်ခြင်းတို့ ယာဉ်သွားလာမှု အဆင်ပြေစေရန်

ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့အတွက် ယခုအခါမှာ ပဲခူးတိုင်းဒေသကြီးအတွင်း ကုန်တင်ယာဉ်များ၊ ခရီးသည်ယာဉ်များ ယာဉ်အန္တရာယ်ကင်း ရှင်းစွာနဲ့သွားလာနိုင်ပြီဖြစ်ပါတယ်။ ဘီအိုတီစနစ်ဖြင့် လမ်းအဆင့်မြှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ၁၉၉၆ ခုနှစ် မူလပဋိညာဉ်စာချုပ်အရ ယာဉ်သွားလမ်းဟာ ၂၄ ပေ အကျယ်သတ်မှာထားသော်လည်း အချို့သောလမ်းအပိုင်းဟာ ယာဉ်သွားလာမှုနည်းပါးသေးတဲ့အတွက် ၎င်းလမ်းအပိုင်းတွေဟာ ဘီအိုတီ စနစ်နဲ့ဆောင်ရွက်တဲ့ကုမ္ပဏီနဲ့ လုပ်ငန်းအဆင်ပြေစေရန်အတွက် လမ်းအကျယ်ကို တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ သွားလာမှုပေါ်မူတည်ပြီးတော့ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသောလမ်းများအနေနဲ့ အာရှလမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများအဖြစ် သတ်မှတ်ထားသောလမ်းများကို အနည်းဆုံးယာဉ်သွားလမ်းအကျယ် ၂၄ ပေအထိ ရောက်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပြည်ကားလမ်းရဲ့ တိုက်ကြီး-သာယာဝတီလမ်းအသုံးပြုခကောက်ခံရေးစခန်းများမှာ ၂၀၁၁ ခုနှစ်မေလ၊ ဇွန်လက စပြီး တော့ ယာဉ်သွားလာမှုကို ကောက်ယူစံနှုန်းအရ ယာဉ်စီးရေမှာ ၁၈၁၂ စီးရှိပြီးတော့ လက်ရှိလမ်း အကျယ်နဲ့လုံလောက်စွာ သွားလာနိုင်သောနေရာမှာ ကြည့်မယ်ဆိုရင် အချို့နေရာတွေမှာ လမ်သား အကျယ်က ၁၈ ပေနဲ့ တချို့နေရာတွေမှာ ၂၂ ပေအကျယ်၊ တချို့နေရာမှာ ၂၄ ပေရရှိရန် အတွက် မက်စ်မြန်မာဆောက်လုပ်ရေး ကုမ္ပဏီကနေပြီးတော့ ပွင့်လင်းရာသီမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရန်ကုန်-ပြည်လမ်းကြီး ခြောက်လမ်းသွားအဆင့်တိုးမြှင့်ရန် လက်တလောအစီအစဉ် မရှိသေးကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၅)ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့ မေးမြန်းချက်ကို ဖြေကြားသွား မှာ ဖြစ်ပါတယ်။ ဒါကတော့ ခိုလန်-တာကော်လမ်းနဲ့ပတ်သက်လို့ BOT ပေးနိုင်ခြင်း၊ အဆင့်မြှင့်လမ်း တည်ဆောက်နိုင်ခြင်းအစီအစဉ်များနဲ့မေးမြန်းချက်ကိုဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးမြို့မှ ခိုလန်မြို့နယ်ခွဲသို့ ဆက်သွယ်ထားသောလမ်းဟာ မိတ္ထီလာ- တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ တောင်ကြီးမြို့မှနမ့်စန်အထိ ၁၆၆ မိုင် ၀ ဖာလုံမှ ၁၈၉ မိုင် ၀ ဖာလုံအထိ ၇၃ မိုင်ကို တိုင်းရင်းသားကုမ္ပဏီလုပ်ငန်းရှင်ဖြစ်တဲ့ နေမင်းရောင် ကုမ္ပဏီကနေ BOTစနစ်နဲ့ လမ်းထိန်းသိမ်းရေး ပြုပြင်ခြင်းများ၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကိုဆောင်ရွက်လျက်ရှိပါတယ်။ ယခင်ကထက် ချောမွေ့စွာသွားလာနိုင်တဲ့ အခြေအနေရှိပါတယ်။ ကျန်လမ်းအပိုင်းဖြစ်တဲ့ နမ့်စန်-ခိုလန်-တာကော်

လမ်းအပိုင်း ၁၈၉ မိုင်၊ နမ့်စန်ကနေပြီးမိုင်တိုင် ၂၈၃ မိုင် ၄ ဖာလုံ၊ တာကော်အထိဟာ ၉၄ မိုင် ၄ ဖာလုံကို တိုင်းရင်းသားလုပ်ငန်းရှင် BOT စနစ်နဲ့ ဆောင်ရွက်လိုကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနကို တင်ပြလာလို့ရှိရင် စည်းကမ်းသတ်မှတ်ချက်များနဲ့ အညီစိစစ်ပြီးတော့ ခွင့်ပြုပေးမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း တိုင်းရင်းသားလုပ်ငန်းရှင်များ ဖိတ်ခေါ်၍လည်း လမ်းတံတားလုပ်ငန်းများကို BOT စနစ်ဖြင့်ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းပညာများလည်း ပံ့ပိုး ပေးလျက်ရှိပါတယ်။ နမ့်စန်-ခိုလန်-တာကော်လမ်းပိုင်းအပိုင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လွိုင်လင်ခရိုင် အင်ဂျင်နီယာမှူးအဖွဲ့၊ နမ့်စန်မြို့နယ် အင်ဂျင်နီယာအဖွဲ့၊ ခိုလန်မြို့နယ်ခွဲ အင်ဂျင်နီယာအဖွဲ့၊ ကွန်ဟိန်းမြို့နယ် အင်ဂျင်နီယာအဖွဲ့၊ ကာလိမြို့နယ်ခွဲ အင်ဂျင်နီယာအဖွဲ့တို့ကနေပြီးတော့ လမ်းများကို ဆောင်ရွက် လျက်ရှိပါတယ်။ ၎င်းလုပ်နေတဲ့လမ်းပိုင်းကတော့သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၉၄ မိုင်နဲ့ ၄ ဖာလုံ၊ လမ်းကြမ်းသောအပိုင်းများမှာကတ္တရာလမ်းအနိမ့်အမြင့်ညှိခြင်း၊ ရေပိတ်လွှာလောင်းခြင်းက ၁၇ မိုင်၊ ကတ္တရာလမ်းပေါက်များဖာထေးခြင်းက ၅၀ မိုင်၊ သစ်သားတံတားများကို ပြင်ဆင်ခြင်းက ၁၁ စင်းတို့ရှိ ပါတယ်။ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးဟာ ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းကို ဆက်သွယ်ထားတဲ့ အရေးပါသောလမ်းမကြီးဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီးတော့အပိုင်းလိုက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက် တာဖြစ်တဲ့အတွက် ဆက်သွယ်သွားလာမှု ချောမွေ့လျက်ရှိပါတယ်။ တောင်ကြီး- လွိုင်လင်လမ်းပိုင်း၊ လွိုင်လင်-နမ့်စန်လမ်းပိုင်းများဟာ BOT စနစ်နဲ့လမ်းတံတား အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက် တာဖြစ်တဲ့အတွက် ချောမွေ့နေပြီဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ နမ့်စန်-ခိုလန်-တာကော်လမ်းပိုင်း လမ်းပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ တင်ပြတောင်းခံပြီးတော့ ဆက်လက်ပြီး ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးမေးခွန်းနံပါတ်(၆)ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ တနင်္သာရီမြို့နယ်၊ တနင်္သာရီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယုံဘီးကနေပြီးတော့ မေးထားတဲ့မေးခွန်း ဖြစ်ပါတယ်။ တနင်္သာရီမြို့နယ်မှာရှိတဲ့ ပြည်သူများ နေ့စဉ်ဖြတ်သန်းသွားနေတဲ့ နေရာမှာ ပေ ၃၀၀ အရှည်ခန့်၊ အမြင့်ပေ ၅၀ ရှိတဲ့ ညောင်ပင်ကွင်းချောင်းကူးတံတားတည်ဆောက် ပေးနိုင်မှု အခြေအနေ ရှိ၊ မရှိ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်မှာ လမ်းအရှည် ၆၉ မိုင်ရှိသော တနင်္သာရီ-ညောင်ပင်ကွင်း-သဘောလိပ်-သဲဖြူ-မောတောင်လမ်းမိုင်တိုင် ၉ မိုင် ၄ ဖာလုံမှာ အကျယ် ၃၀၀ ပေရှိတဲ့ ညောင်ပင်ကွင်း ချောင်းဖြတ်သန်းစီးဆင်းလျက် ရှိပါတယ်။ ညောင်ပင်ကွင်းရွာသည် ချောင်းရဲ့အရှေ့ဘက်နဲ့ အနောက်ဘက်တွင်ခွဲပြီးတော့ တည်ရှိလျက် ရှိပါတယ်။ ညောင်ပင်ကွင်း အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းကို ညောင်ပင်ကွင်းရွာမနှင့် အ.ထ.က ကျောင်းများသို့ နေ့စဉ် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ဖြတ်သန်းသွားလာ ကူးလျက်ရှိပါတယ်။ နွေရာသီမှာတော့ ရေနိမ့်တံတားထိုးပေးနိုင်သော်လည်း မိုးရာသီမှာတော့ တံတားထိုးနိုင်ခြင်းမရှိတဲ့အတွက် စက်လှေများ ဖြင့်သာ ကူးလူးသွားလာနေရကြောင်းသိရပါတယ်။ ယုဇနဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီကနေပြီး တော့ တနင်္သာရီ-ညောင်ပင်ကွင်း-သဘောလိပ်-သဲဖြူ-မောတောင်လမ်းကို BOT စနစ်ဖြင့် လမ်း-တံတားအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လမ်းအပိုင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ BOT စနစ်နဲ့ဆောင်ရွက်နေသော ယုဇနဆောက်လုပ်ရေးကုမ္ပဏီမှ တနင်္သာရီမြို့နယ်၊ ညောင်ပင်ကွင်းချောင်းကူးတံတားဆောက်လုပ်ရန် လောလောဆယ်အစီအစဉ်မရှိ သေးပါကြောင်း၊ ကုမ္ပဏီကလည်းပြန်ကြားထားပါတယ်။ ဒါကြောင့်မို့လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ လောလောဆယ် ညောင်ပင်ကွင်းချောင်းကူးတံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ်မရှိ သေးကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး မေးခွန်းနံပါတ်(၇)အား ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ နံပါတ်(၇)ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းရဲ့မေးခွန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်း မြို့နယ်၊ ဆင်တဲ-နဝဒေးတံတားလမ်းပိုင်း အဆင့်မြှင့်တိုးချဲ့ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုတဲ့မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်နှင့် ပြည်မြို့နယ်တို့ကိုဆက်သွယ်ထားသော ဆင်တဲနှင့်နဝဒေးချဉ်းကပ်လမ်းဟာ ပန်းတောင်း- တောင်ကုတ်ကားလမ်း မိုင်တိုင် ၁ မိုင် ၇ ဖာလုံမှနေပြီး ၄ မိုင် ၃ ဖာလုံအထိ ၂ မိုင် ၄ ဖာလုံရှည်လျားပြီး ၁၂ ပေ အကျယ်ကတ္တရာလမ်း ဖြစ်ပါတယ်။ ပန်းတောင်း-တောင်ကုတ်လမ်း နဝဒေးလမ်းချဉ်းကပ်လမ်းပိုင်းကနေပြီးတော့ ဆင်တဲအထိလမ်းပိုင်း အချို့နေရာတွေဟာ ဧရာဝတီမြစ် ကမ်းဘေးတောင်တန်းများ တစ်လျှောက်မှာ ကွေ့ပတ်ဖောက်လုပ်ထားသောလမ်း ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ခွဲဝေ ရန်ပုံငွေအရ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ၁ မိုင် ၇ ဖာလုံမှနေပြီး ၄ မိုင် ၃ ဖာလုံအတွင်း ဧရာဝတီမြစ်ကမ်းပါးဘေးတောင်ပတ်လမ်းကို အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ မိုးရာသီမှာ ကတ္တရာလမ်းပေါက်များကြိုတင်ရောကတ္တရာဖြင့်

ဖာထေးခြင်းလုပ်ငန်း ၂ မိုင် ၄ ဖာလုံ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းတာဘောင်ပြုကျခြင်းဟာ အရှည် ၆၄ ပေ၊ အမြင့် ၁၈ ပေ ရှိတဲ့ကျောက်စီ မြေထိန်းနံရံများ တည်ဆောက်ပေးလျက်ရှိပါတယ်။ လမ်းတာဘောင်မြေဖို့ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၅ ပေအရှည်၊ ၂၄ ပေအကျယ်ရှိတဲ့ သံကူကွန်ကရစ်တံတား ၂ စင်းတည်ဆောက်ခြင်းဟာလည်း ၆၀ ရာခိုင်နှုန်းရှိပြီးဖြစ်ပါတယ်။ ပွင့်လင်းရာသီမှာ တောင်ပတ်လမ်းအစအဆုံး၊ လမ်းအနိမ့်အမြင့်ညှိခြင်းနဲ့ ရေပိတ်လွှာခင်းခြင်း၊ လမ်းချောခြင်း သွားလာနိုင်ရန်အတွက် ဆောင်ရွက်ပြီးတော့ လိုအပ်တဲ့လမ်းခင်း ပစ္စည်းတွေဟာလည်း ၁၀၀ ရာခိုင်နှုန်း စုဆောင်းပြီး ဖြစ်ပါတယ်။ နဝဒေးချဉ်းကပ်လမ်းကနေပြီးဆင်တဲသို့ ဆက်သွယ်တဲ့ လမ်း၊ ဧရာဝတီမြစ်ကမ်းဘေးဟာတောင်တန်းတစ်လျှောက် ကွေ့ပတ်ဖောက်လုပ်ထားတဲ့ အတွက် လမ်းချဲ့မည်ဆိုပါက အနည်းဆုံးလမ်းတာဘောင် ၃၀ပေအကျယ်မှ ၄၀ ပေ အကျယ်ချဲ့ရန်လိုမှာ ဖြစ်ပါတယ်။ ဆင်တဲကျေးရွာအဝင်လမ်းတစ်လျှောက် လူနေအိမ်များဟာ လမ်းတာဘောင်ပေ ၄၀ အတွင်းမှာ ကျရောက်နေတာဖြစ်ပါတယ်။ လူနေအိမ်ခြေများကို ဖျက်သိမ်းရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သာသနာ့ အဆောက်အဦများဖြစ်တဲ့ ငွေဘုံသာဘုရားတန်ဆောင်း၊ တန့်ကြည်တောင်ဘုရား တန်ဆောင်း၊ ဗိုလ်ရုံကျောင်းတိုက်များဟာလည်း လမ်းတိုးချဲ့မယ့်လမ်းထဲမှာ၊ ဧရိယာထဲမှာကျရောက်တာကိုတွေ့ ရမှာဖြစ်ပါတယ်။ ကျောက်တောင်နံရံကြီးများအား လမ်းချဲ့ရာတွင်မိုင်းများ၊ ယမ်းများနှင့် အသုံးပြုတဲ့ အခါမှာ အနီးဆုံးရှိတဲ့ ကာကွယ်ရေးပစ္စည်းစက်ရုံများ၊ ယာဉ်သွားလာမှုများ အတွက်လည်း အနှောင့်အယှက် ဖြစ်မှာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပန်းတောင်းမြို့နယ်၊ ဆင်တဲနှင့်နဝဒေးတံတား ချဉ်းကပ်လမ်းအပိုင်း အဆင့်မြှင့်တင်ရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှလော လောဆယ်လမ်း တာဘောင်ချဲ့ရန်အတွက် အစီအစဉ်မရှိသေးကြောင်းနဲ့ လမ်းပြင်ဆင်ထိန်းသိမ်းရေးများကိုလည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာရရှိသော ရန်ပုံငွေများပေါ်မှာတည်ရှိ၍ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လည်စာစားသုံးရန်အတွက် အစည်းအဝေးကို ၁း၀၀ နာရီခန့်ရပ်နား ပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၃၂ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစသည့် သဘာဝသယံဇာတတို့ကို လုပ်ငန်းသဘော အရပဏ္ဏာမများစွာသုံးစွဲနေမှုမှလည်းကောင်း၊ ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်အတွက် လည်းကောင်း၊ ရေသယံဇာတအသုံးပြုမှုတို့က အများပြည်သူကောင်းကျိုးရှိမှုနှင့် ရေသယံဇာတ ထိန်းသိမ်းရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးနိုင်ပါရန်အဆိုနှင့် စပ်လျဉ်းပြီးဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ် ၅ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောအထူးဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခနှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယမန်နေ့က စမ်းချောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးဝင်းအဆိုတင်သွင်းသွားတဲ့ မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေ စသည့်သဘာဝသယံဇာတတို့ကို လုပ်ငန်းသဘောအရပဏ္ဏာမများစွာ သုံးစွဲနေမှုမှသော်လည်းကောင်း၊ ရေထုညစ်ညမ်းမှုအန္တရာယ်မှကာကွယ်မှုပေးနိုင်ရန်အတွက်လည်းကောင်း၊ ရေသယံဇာတအသုံးပြုမှု တို့ကအများပြည်သူကောင်းကျိုးရှိမှုနှင့် ရေသယံဇာတထိန်းသိမ်းရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးနိုင်ပါ ရန်အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဘဘာဝကပေးထား သော မြစ်ချောင်းအများအပြားတည်ရှိသော နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးများဟာ အမိမြန်မာပြည်အတွက်အရေးပါသော တန်ဘိုးမဖြတ်နိုင်သောသဘာဝ လက်ဆောင်ကြီးများဖြစ်ပါတယ်။ မြစ်ချောင်းများဟာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စားနပ်ရိက္ခာ အတွက် သား၊ ငါးများကိုဖြစ်ပေါ်ပေါက်ဖွားစေသော နေရာများလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေအတွက် လည်းအသုံးပြုကြရပါတယ်။ နိုင်ငံတော်အတွက်အရေးပါတဲ့ ရေသယံဇာတများမကုန်ခမ်း၊ မပျောက် ပျက်ရအောင် နိုင်ငံသားအားလုံးက ကာကွယ်စောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကမ္ဘာကြီးကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ၇၅ ရာခိုင်နှုန်းသည် ရေထု ဖြစ်တယ်လို့ သိရှိရပါတယ်။ အဲဒီရေထုထဲမှာမှ အသုံးပြုနိုင်တဲ့ရေချိုပမာဏဟာ ၃ ရာခိုင်နှုန်းခန့်သာ ရှိကြောင်းလည်း သိရပါတယ်။ လက်ရှိအချိန်တွင် ဘဘာဝပတ်ဝန်းကျင်များပျက်စီးမှုများပြီး နှစ်စဉ် တိုးတက်လျက်ဖြစ်ပေါ်နေပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စက်ရုံ၊ အလုပ်ရုံကြီးများကြောင့် ဖြစ်ပေါ် လာသော သဘာဝပျက်စီးမှုများ၊ စွန့်ပစ်ပစ္စည်းများကြောင့် ရေထုမသန့်ရှင်းမှုများရှိသကဲ့သို့ ရေနံတင် သင်္ဘောကြီးများနှင့် ကမ်းလွန်ပင်လယ်ပြင်ရေနံတွင်းများ ရေနံယိုဖိတ်မှုများကြောင့် ပင်လယ်ရေများ ညစ်ညမ်းပြီး ရေနေသတ္တဝါများ သေကြေပျက်စီးမှုများလည်း ဖြစ်ပေါ်ခဲ့ကြပါတယ်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် နောက်ဆက်တွဲအကျိုးဆက်အဖြစ် သဘာဝပတ်ဝန်းကျင်များ ညစ်ညမ်း မှုဖြစ်ပေါ်လာခြင်း၊ ဂေဟစနစ်များပြောင်းလဲလာခြင်းစသည့် အကျိုးဆက်များကြောင့် ကမ္ဘာကြီးပူနွေး လာပြီး ရေခဲတောင်များအရည်ပျော်ဝင်မှုများပြားလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် တစ်ကမ္ဘာလုံးက တောင်းဆိုနေကြပြီလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံနဲ့ပတ်ဝန်းကျင်နိုင်ငံတွေမှာ ပြန်ကြည့်မယ်ဆိုလို့ရှိရင် မြစ်ကြီးအချို့ဟာသမိုင်းနဲ့ချီပြီး ပျောက်ဆုံးနေကြတဲ့ အခြေအနေတွေကိုတွေ့ရမှာ ဖြစ်ပါတယ်။ တစ်ချိန်ကပျူလူမျိုးတွေဟာ မြစ်ကမ်းဘေးမှာ ကုန်စည်ကူးလူးပြီးနေထိုင်ကြတဲ့ သမိုင်းအထောက် အထားတွေရှိခဲ့ပါတယ်။ နှစ်ပရိစ္ဆေဒကြာလာတဲ့အခါ မြစ်ကျိုးအင်းများဖြစ်ပေါ်ပြီး မြစ်ကြီးများ ပျောက်ကွယ်သွားကြတယ်လို့ သမိုင်းသုတေသီအချို့က ဆိုထားတာကို ဖတ်ရှုခဲ့ရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ကျွန်တော်တို့တွေ အားထားရတဲ့မြစ်ကြီး တွေမှာ ရွှေတူးဖော်ခြင်းလုပ်ငန်းတွေ၊ လူအများရဲ့ မဆင်မခြင်စွန့်ပစ်တဲ့ပစ္စည်းတွေကြောင့် မြစ်ကြမ်း ပြင်များ မြင့်တက်မှုတွေ၊ သောင်များပေါ်ပေါက်မှုတွေဖြစ်ပေါ်လာပြီး ရေကြီးရေလျှံမှုတွေ မကြာခဏ ဖြစ်ပွားနေကြပါတယ်။ လူအများကိုအကျိုးပြုနေရာကလူများအတွက်အန္တရာယ်ရှိသောအရာများအဖြစ် ပြောင်းလဲတော့မယ်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အထင်ကရဖြစ်တဲ့ ရေကန်ကြီးတွေ၊ အင်းလေးကန်၊ အင်းတော်ကြီးကန်များမှာလည်း လူတွေရဲ့မဆင်မခြင်သုံးခဲ့တဲ့ အမှိုက်သရိုက်တွေကြောင့် ကန်ရေ သိုလှောင်မှုပမာဏ တွေလျော့နည်းလာပြီးပြုပြင်မှုမရှိပါက ပိုမိုဆိုးဝါးတဲ့ အခြေအနေကို တဖြည်းဖြည်း ရောက်ရှိလာတော့မယ်ဖြစ်ပါတယ်။ ဒါတွေဟာ အထူးသတိပြုရမယ့်အချက်တွေ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ရေဝေ၊ ရေလွှဲသစ်တောများ ပြုန်းတီးမှုကြောင့်လည်း မြေဆီလွှာဆုံးရှုံးမှုများသည်လည်း

အဓိကအကြောင်းတစ်ရပ် ဖြစ်နေတာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ သစ်တောကာကွယ်ရေးလုပ်ငန်းများကိုလည်း စီမံချက်များချမှတ်ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အလျဥ်းသင့်လို့ ကျွန်တော့်ရဲ့ဇာတိမြေမှာ သယံဇာတတွေဆုံးရှုံးမှုများနဲ့ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်ကမြစ်ချောင်းများ ပေါကြွယ်ဝတဲ့ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်မှာရှိတဲ့ ပြန်မလေ့ာမြစ်ရဲ့ဘေးက ကန်ဘက်ဆိုတဲ့ ရွာလေးမှာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ တစ်ချိန်ကကျွန်တော်တို့ငယ်စဥ်ဘဝတုန်းက ဒီပြန်မလေ့ာမြစ်ရေဟာ ရေချိုအဖြစ်သောက်သုံးလို့ရရှိပါတယ်။ ယခုအချိန်မှာတော့ ရေငန်ဝင်ရောက်မှုများလာတဲ့အတွက် ဒီမြစ်ရေဟာလည်း ရေငန်ဖြစ်နေတဲ့အတွက် စိုက်ပျိုးဖို့အခက်အခဲတွေဖြစ်လာတယ်။ သောက်သုံးရေအတွက်လည်း အခက်အခဲတွေကြုံတွေ့နေရပါတယ်။ နောက်အချက်က ကျွန်တော်တို့ရေချိုအညာမှ ရေချိုဆင်းသက်မှုအားနည်းလာတဲ့အခါ ကျွန်တော်တို့ ပင်လယ်က ရေငန်ဝင်ရောက်မှုများလာတဲ့အခါမှာ ကျွန်တော်တို့ ဒေသတွေဟာ ရေငန်ဒေသတွေလိုဖြစ်ပြီးတော့ တဖြည်းဖြည်းနဲ့ကျွန်တော်တို့ အခက်အခဲတွေနဲ့ကြုံတွေ့ခဲ့ရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ သဲနုန်းများကျဆင်းမှုကြောင့် သောင်များပေါ်ထွန်းမှုဟာလည်း များပြားခဲ့ပါတယ်။ အဓိက ကျွန်တော်တို့ငယ်ရွယ်စဥ်တုန်းက ကျွန်တော်တို့ ဒီမူလတန်း၊ အလယ်တန်းကျောင်းသားဘဝ ဘောလုံးကစားနေတဲ့ သဲသောင်ပြင်ဟာ နှစ်ပေါင်း ၂၀ လောက်အတွင်းမှာ ၆ မိုင်၊ ၇ မိုင်လောက်ရှည်တဲ့ ကျွန်းကြီးတစ်ခုဖြစ်သွားပါတယ်။ အဲဒီကျွန်းကြီးဟာ တစ်ကယ်တော့ ဒီပြန်မလေ့ာမြစ်ကြီးဟာ တစ်ချိန်တုန်းကကျွန်တော်တို့ရေမိုးပြင်းထန်တဲ့အတွက် လှေသမ္ဗာန်တွေတောင် သွားရခက်တဲ့အတွက် မဖြတ်ပါနဲ့၊ မကူးပါတော့နဲ့၊ ပြန်ပါတော့ဆိုပြီးတော့ ဒီပြန်မလေ့ာမြစ်ကို နာမည်ပေးထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ အခုဟာဒီမြစ်က မြစ်ကျဥ်းသဘောလေး ပြန်ဖြစ်သွားပါတယ်။ ဒါကလည်းသဘာဝအရ ကျွန်တော်တို့ နုန်းချမှုများပြီး သောင်တွေဖြစ်ထွန်းမှုတွေများလာတဲ့အတွက် ဒီသဘာဝပျက်စီးမှုကိုဖြစ်ပါတယ်။ တစ်ချိန်တုန်းက ကျွန်တော်တို့ဒေသမှာ ကျွန်တော်တို့ရေ၊ ဒီရေတောတွေတော်တော်များများရှိခဲ့ပါတယ်။ အဲဒီ ဒီရေတောတွေမှာ ကျွန်တော်တို့ပုဇွန်၊ သား၊ ငါးတွေခိုအောင်းပြီးတော့ အင်မတန်ပေါကြွယ်ဝပါတယ်။ သို့သော်လည်း ယခုအချိန်မှာတော့ ကျွန်တော်တို့ဒီပုဇွန်လည်း၊ ပုဇွန်ဆိတ်တွေလည်း မခုန်နိုင်တော့ပါဘူး။ အဲဒီတော့ ဒီဒေသမှာလည်းအခုပုဇွန်ဆိုတာလည်း တော်တော်ကိုရှာဖွေရတဲ့ အနေအထားမျိုးတွေ ဖြစ်ပေါ်နေပါတယ်။ ဒါဟာ သဘာဝသယံဇာတပျက်စီးမှုတွေနဲ့ ပတ်သက်နေတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကို ၂၀၀၈ ခုနှစ်ကစပြီး ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့ရဲ့ အကူအညီနဲ့စတင်ရေးဆွဲပြီး နိုင်ငံတကာမှပညာရှင်ကြီးများ၊ ပြည်တွင်းမှ ပညာရှင်ကြီးများပါဝင်လာကာ ဥပဒေကြမ်းကို ပြည်တွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက လုပ်ငန်းဆက်စပ်မှုရှိသည့် ပညာရှင်ကြီးများ ပါဝင်ကာ အလုပ်ရုံဆွေးနွေးပွဲများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ သဘာဝပတ်ဝန်းကျင်ကို သတိပြုအလေးထား ထိန်းသိမ်းရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနကိုလည်း စက်တင်ဘာ ၆ ရက်နေ့တွင် လွှတ်တော်ရဲ့အတည်ပြုချက်ဖြင့် ယခင် သစ်တောရေးရာဝန်ကြီးဌာနကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေဟာလည်း မကြာမီပေါ်ပေါက်လာတော့မယ်လို့ ယုံကြည်ပါတယ်။ သို့ပါ၍ နိုင်ငံသားများမျှတတဲ့ သဘာဝပတ်ဝန်းကျင်တွင် နှစ်ပေါင်းမြောက်မြားစွာနေထိုင်ပြီး ရေကောင်းရေသန့်လုံလောက်စွာ သုံးစွဲနေနိုင်ရေးအတွက် ရေသယံဇာတအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းသင့်ပါသဖြင့် စမ်းချောင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့အဆိုသည် ယခုအချိန်အခါမှာ လျော်ကန်သင့်မြတ်တဲ့အဆိုဖြစ်ကြောင်း ဆွေးနွေးရင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ဦးညွန့်လှိုင်၊ ဖြူးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်လှိုင်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စမ်းချောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းသော မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစသည့် သဘာဝသယံဇာတတို့ကို လုပ်ငန်းသဘောအရ ပမာဏများစွာသုံးစွဲနေမှုမှလည်းကောင်း၊ ရေထုညစ်ညမ်းအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ရေသယံဇာတအသုံးပြုမှုတို့ကို အများပြည်သူကောင်းကျိုးရရှိရန်နှင့် ရေသယံဇာတထိန်းသိမ်းရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးနိုင်ပါရန် အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ အကြံပြုချက်ကို စာဖြင့်ဖတ်ကြားတင်ပြ ခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာရင်းဇယားတွက်ချက်မှုများအရ ကမ္ဘာပေါ်မှာရှိသော ရေထု၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာမှာရှိကြပြီး ကျန်ရေထု ၃ ရာခိုင်နှုန်းသာ သုံးစွဲနိုင်သော ရေချိုအဖြစ်ရေခဲတောင်များ၊ မြစ်ချောင်းအင်းအိုင်များ၊ မြေအောက်ရေအရင်းအမြစ်များအဖြစ်တည်ရှိကြပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့် အခြားသောမြစ်လက်တက်များစွာတို့သည် အဓိကရေချိုအရင်းအမြစ်များ ဖြစ်ကြပါတယ်။ မြေအောက်ရေနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှာ ပေ ၅၀ မှ ပေ ၁၀၀၀ အတွင်းတူးဖော်ရုံနဲ့ မြေအောက်ရေကို ရရှိပါတယ်။ အလားတူရေရရှိဖို့အတွက် Isreal နိုင်ငံမှာ ပေ ၈၀၀၀ မှ ပေ ၁၂၀၀၀ အထိတူးဖော်ရပါတယ်။ ဒီလောက်ခက်ခဲတဲ့အတွက် Isreal နိုင်ငံမှာ စိုက်ပျိုးပင်များကို ရေကိုချွေတာသောအားဖြင့် ရေဖျန်းစနစ် Sprinkler ingration အစက်ချစနစ် Drip ingration System တို့ဖြင့် ရေပေးဝေရပါတယ်။ ဥပမာ တစ်စက္ကန့်လျှင် တစ်စက်နှုန်း၊ တစ်စက္ကန့်လျှင် တစ်စက်နှုန်း၊ ၁ မိနစ်လျှင် အစက် ၃၀ ဖြင့် ချ၍ စိုက်ပျိုးထားသောလိမ္မော်ခင်းများ၊ ပန်းသီးခင်းများသည် Isreal နိုင်ငံ၏ နိုင်ငံခြားငွေ US ဒေါ်လာကို ရှာဖွေပေးသောလုပ်ငန်းကြီးများဖြစ်ကြပါတယ်။ မြေအောက်ရေများသည် မိုးရွာချသော ရေများကို သစ်တောသစ်ပင်များက ထိန်းသိမ်းပြီးမြေအောက်မှာစုဆောင်းသိုလှောင်သောစနစ် Water Retaiming Capacity များဖြစ်ကြပါတယ်။ ဒါကြောင့် သစ်တောများထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးတို့သည် တိုက်ရိုက်အကျိုးပြုကြောင်းတွေ့ရှိရပါတယ်။ သစ်တောများလျော့ပါးသည်နှင့်အမျှ မြေအောက်ရေများလည်း ပျောက်ဆုံးလျော့ပါးသွားမှာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ သဲကန္တာရဘဝသို့ ပြောင်းသွားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ရေအသုံးပြုမှုနှင့် ပတ်သက်၍ မြို့ပြ၊ ကျေးရွာ အိမ်သုံးသောက်သုံးရေအဖြစ်လည်းကောင်း၊ Domastic Use စက်မှုလက်မှုလုပ်ငန်းသုံးရေအဖြစ်လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသုံးရေအဖြစ်လည်းကောင်း၊ ရေကြောင်းသွားလာရေး ရေအဖြစ်လည်းကောင်း၊ ရေနေသတ္တဝါများ ပေါက်ဖွားရှင်သန်ကြီးထွားရာ ရေအဖြစ်လည်းကောင်း အသုံးပြုကြပါတယ်။ ယခုအခါ စက်မှုလက်မှုလုပ်ငန်းစက်ရုံများမှထွက်ရှိသော စက်ရုံစွန့်ပစ်ရေ Industrial Waste Water၊ မြို့ပြများမှထွက်ရှိသော အညစ်အကြေးစွန့်ပစ်ရေ Town Waste Water စိုက်ပျိုးရေးလုပ်ငန်းများမှ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများသုံးစွဲ၍ ထွက်ရှိသောရေဆိုး Agricultural Waste Water ဥပမာ- အင်းလေးကန်ဒေသရေခြံများ၊ ခရမ်းချဉ်စိုက်ပျိုးရာမှာ ပိုးသတ်ဆေး၊ မှိုသတ်ဆေးအလွန်သုံးစွဲရေး၊ အင်းလေးကန် ရေထုညစ်ညမ်းမှုဖြစ်ပေါ်လာခြင်း၊ ထိုအချက်များကြောင့်

ရေရဲ့အရည်အသွေးသည် ရေကောင်းရေသန့်အခြေအနေ၊ ရေဆိုးများအခြေအနေသို့ လူ့ပယောဂ ကြောင့် ပြောင်းလဲပျက်စီးသွားကြပါတယ်။ စက်ရုံများမှ ထွက်သောရေဆိုးများ Industrial Waste Water များကို စက်ရုံများအနေဖြင့် သန့်စင်ပေးဖို့ တာဝန်ရှိပါတယ်။ အဆင့်ဆင့် ပြာဖြင့်စစ်ဆေးခြင်း၊ သဲဖြင့်စစ်ဆေးခြင်း၊ ဘက်တီးရီးယားပိုးမွေးမြူ၍ သန့်စင်ခြင်း၊ ထုံးဖြင့်သန့်စင်ခြင်း Alkali ဖြင့်သန့်စင်ခြင်း၊ ဆားဖြင့်သန့်စင်ခြင်း၊ ကာဗွန်ဖြင့်သန့်စင်ခြင်း၊ စစ်ကန်များတွင် အနယ်ထိုင်စနစ်ဖြင့် သန့်စင်ခြင်း၊ ဗေဒါပင်ကဲ့သို့ အပင်များမွေးမြူ၍ သန့်စင်ခြင်းများပြုလုပ်၍ ပြန်လည်အသုံးချခြင်း Waste Water Recycling အသုံးပြု၍ရပါတယ်။ စိုက်ပျိုးရေးကွင်းများသို့ မြေဩဇာဖျော်ရည် Nutrient Solution အဖြစ်လည်းကောင်း၊ သဘာဝမြေဩဇာအဖြစ်လည်းကောင်း၊ မြစ်ထဲချောင်းထဲသို့ အဆင့်ဆင့်သန့်စင်သောစနစ် ရီထရေးရှင်း Process ဖြင့် သန့်ရှင်းစွာ စွန့်ပစ်ခြင်းတို့ကို ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ထိုသို့သန့်စင်ခြင်း Water manage Waste မပြုလုပ်ဘဲ မြစ်များ၊ ချောင်းများအတွင်းသို့ တိုက်ရိုက်၊ မြောင်းများ၊ ပိုက်များဖြင့်စွန့်ပစ်ခြင်းသည် ရေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေပြီး ယင်းရေကိုသောက်သုံးနေကြသောမြစ်ရိုး၊ ချောင်းရိုးတစ်လျှောက်ရှိလူများအတွက်လည်းကောင်း တိရစ္ဆာန်များအတွက်လည်းကောင်း ရေနေသတ္တဝါများအတွက်လည်းကောင်း အန္တရာယ်ဖြစ်လျက်ရှိပါတယ်။ ကျန်းမာရေးထိခိုက်လျက်ရှိပါတယ်။ ယခုအခါ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ဖျားများမှာ ရွှေတူးဖော်ရေးလုပ်ငန်းများကြောင့် ရေထု၊ ညစ်ညမ်းလျက်ရှိ ဖြစ်နေပါသည်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရည်အသွေးကောင်းမို့လိုအပ်သလို လိုအပ်သောရေပမာဏပြည့်ဝစွာရှိဖို့လည်း လိုအပ်ပါတယ်။ good quality and quantity water ဖြစ်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေ ဖြင့် ရေအရင်းအမြစ် water resources potential ပေါများသော်လည်း ညစ်ညမ်းသောရေ polluted water ဖြစ်နေပါက လူနှင့်တိရိစ္ဆာန်များ၊ ရေနေသတ္တဝါများကို အန္တရာယ်ဖြစ်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူကြောင့်ဖြစ်သောရေလူထုညစ်ညမ်းမှုများကို ထိန်းသိမ်းကာကွယ်ရန် အထူးလိုအပ်ပါတယ်။ ၂၀၁၀ ခုနှစ်၊ မေလတွင် အလွန်ပူပြင်းသော ရာသီဥတုလာနီညာ Effect ကြောင့် အင်းလေးကန်ကြီးအပါအဝင် မြစ်ချောင်းအင်းအိုင်များ၊ ရေနည်းခြင်း၊ ရေခမ်းခြောက်ခြင်းတို့ကို ခံစားတွေ့ရှိရပါတယ်။ ထို့ကြောင့် ရေသယံဇာတအရင်းအမြစ်များကို ယခုမှစ၍ ထိန်းသိမ်းကာကွယ်မှုမပြုပါက အနာဂတ်ကာလမှာ မြန်မာ့ရေအရင်းအမြစ်များ ရှားပါးပျောက်ကွယ်မှုဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ယခုလည်း အာဖရိကတိုက်မြောက်ပိုင်း နိုင်ငံအချို့မှာ ရေရှားပါးမှုကြောင့် လူနှင့်ကျွဲနွားတိရိစ္ဆာန်များ၊

စိုက်ပျိုးပင်များ ဒုက္ခတွေ့နေတာကို သိရှိရပါတယ်။ ထို့ကြောင့် ရေအရင်းအမြစ်သယံဇာတထိန်းသိမ်းရေးနဲ့ ပတ်သက်၍ ရေအရင်းအမြစ်ကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်း Water Resources Protection and Concervation ရေထုညစ်ညမ်းမှုကို ကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်း Water Pollution Prevention and Control ရေသန့်နည်းပညာဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အသုံးပြုခြင်း (development and application of clean technology)၊ မြေအောက်ရေကိုထိန်းသိမ်းကာကွယ်ခြင်း(ground water protection)၊ ရေနေသတ္တဝါများ ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ခြင်း Protection of aquatics eco-system၊ ရေနေသတ္တဝါများကို ထိန်းသိမ်းကာကွယ်ခြင်း Protection of water living resources၊ ရေအရင်းအမြစ်များနှင့် ရေတွင်ပါဝင်သောအညစ်အကြေးများကို စောင့်ကြည့်ကာကွယ်ခြင်း monitoring and **ဘာဗလဲ့** of water resources and water receiving waste တို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဦးစိုးဝင်း၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်သွင်းသွင်းသော မြစ်ရေ၊ ချောင်းရေမြေအောက်ရေစသည့် သဘာဝသယံဇာတတို့ကို ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်မှုပေးနိုင်ရန်အတွက်လည်းကောင်း၊ ရေသယံဇာတအသုံးပြုမှုတို့ကို အများပြည်သူကောင်းကျိုးရှိရန်အတွက် ရေသယံဇာတ ထိန်းသိမ်းရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးနိုင်ပါရန် အဆိုကိုလေးစားစွာဖြင့် အကြံပြုထောက်ခံ ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မြေက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းတင်သွင်းသွားတဲ့အဆိုကို ထောက်ခံတင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးစိုးဝင်းရဲ့အဆိုမှာ မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစတဲ့ သဘာဝသယံဇာတတွေကို ရေထုညစ်ညမ်းမှုအန္တရာယ်မှကာကွယ်ရန်နဲ့ အရှည်တည်တံ့ဖို့အတွက် အမျိုးသားရေသယံဇာတထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းပေးဖို့ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ ကျယ်ပြန့်နက်ရှိုင်းတဲ့ အဆိုဖြစ်တယ်ဆိုတာ သိပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့ လက်တွေ့အနီးကပ်ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေ Events အဲဒီအဖြစ်အပျက်တွေ အကျိုးဆက်တွေ Consequences တွေနဲ့ ပတ်သက်ပြီး ထင်ဟပ်

ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအစိုးရသစ် အဖွဲ့ထဲမှာသစ်တောရေးရာဝန်ကြီးဌာနအမည်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လို့ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့ပါတယ်။ အလွန်သင့်မြတ်စရာဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်နေသူများက ပြင်ဆင်မှုကိုကြိုဆိုခဲ့ကြ ပါတယ်။ မိုးလေဝသနဲ့ ဇလဗေဒပညာရှင်တစ်ဦးကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဝန်ကြီးဌာန တစ်ခုအနေနဲ့ မဖြစ်မနေလုပ်ရတော့မှာဖြစ်တဲ့ အကြောင်းမှတ်ချက်ပြုခဲ့ပါတယ်။ ဒို့ပြင်လည်း လူမှုအစု အဖွဲ့ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ECCDI) နှင့် ဒီရေတောနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေး ထိန်းသိမ်းရေးကွန်ရက် (MERN) ကလည်း အမည်ပြောင်းတာ ကောင်းမွန် သောခြေလှမ်းဖြစ်သော်လည်း ဝန်ကြီးဌာနတစ်ခုထဲ မပြီးပဲ၊ အခြားဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပါဝင်ရန် လိုအပ်တယ်လို့ ထောက်ပြအကြံပြုခဲ့ပါတယ်။ ဥပမာ ဆည်မြောင်းတို့ သတ္တုတွင်းတို့ ပါ ပါရန် လိုအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ဆိုရာမှာ မိုးလေဝသ၊ မြစ်၊ ချောင်း၊ အင်းအိုင်ကိစ္စများ ရေညစ်ညမ်းမှုမဖြစ်စေရန် စီမံဆောင်ရွက်ရန်များနဲ့ ရေသယံဇာတထိန်းသိမ်းရန် ပါဝင်လာတော ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိခင်မြန်မာနိုင်ငံဟာ သဘာဝကပေးတဲ့ သယံဇာတတွေ နေရာမလွဲပေါကြွယ်နေတာကို စာဖွဲ့ပြဖို့လိုမယ်မထင်တော့ပါဘူး။ ဇီဝမျိုးကွဲတွေ နားရာနေရာကြီးလည်းဖြစ်လို့ Material Value သာမက Sentimental Value နဲ့ပါ အဖိုးထိုက်တန် လှပါတယ်။ ဒါပေမယ့် သစ်တောပြုန်းတီးမှုတွေ၊ တရားမဝင်မြေသုံးမှုတွေ၊ စည်းကမ်းနဲ့အညီရော၊ စည်းကမ်းနဲ့မညီရော၊ ဓာတ်သတ္တုထုတ်လုပ်မှုတွေ၊ မြစ်တွေ၊ ချောင်းတွေထဲကို တာဝန်မဲ့အန္တရာယ်ဖြစ် စေတဲ့အညစ်အကြေးစွန့်ပစ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါတွေကို အချိန်မီပြုပြင်ရန်အစီအမံတွေ ချမှတ်ဖို့လိုအပ်တယ်ဆိုတာဘယ်သူမျှ ငြင်းပယ်လိမ့်မည်မထင်ပါဘူး။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ မကြာခင်ရက်ပိုင်းက ထုတ်ပြန်တဲ့ခိုင်မာတိကျတဲ့ ပညာရပ်ဆိုင်ရာသုတေသနစာတမ်းတစ် စောင်မှာ လှိုင်သာယာစက်မှုဇုံမှစက်ရုံကြီး ၈ ခုတို့ရဲ့ နွေမိုးဆောင်း စွန့်ပစ်ရေများကို ရေတွင်ပါဝင် သည့် ဓာတ်သတ္တုများ စစ်ဆေးတိုင်းတာနိုင်သည့် Atomic Absorption Spectroscopy စက်ဖြင့် တိုင်းတာရာတွင် ဘက်ထရီစက်ရုံကြီးအနီးရှိ စွန့်ပစ်ရေ၌ အာဆင်းနစ်များ အများဆုံးပါဝင်မှုဟာ ၆.၈၅၆ PPb ဖြစ်ပြီး အခြားစက်ရုံကြီး နှစ်ရုံအနီးတစ်ဝိုက်မှာ ၆.၁၀၀ PPb ရှိကြောင်းဖော်ပြထား ပါတယ်။ လူကိုအန္တရာယ်ဖြစ်စေတဲ့ အခြားဓာတ်သတ္တုများဖြစ်တဲ့ ခဲ၊ ပြဒါး၊ ကြေးနီ၊ ဓာတုဗေဒ

ဓာတ်များကိုလည်း နွေ၊ မိုး၊ ဆောင်းရာသီအလိုက် ပါဝင်မှုပမာဏပိုမိုများပြားလာကြောင်း ယင်းစာတမ်းမှာ ဖော်ပြတာ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာတမ်းပြုစုတဲ့အဖွဲ့က ဒီသုတေသနပြုချက်ကို စက်ရုံတွေက တိုက်ရိုက်ခွင့်မပြုတဲ့အတွက် စက်ရုံပတ်ဝန်းကျင်နားက ရေကိုယူပြီး စမ်းသပ်ခဲ့ရတယ်လို့ သိရပါတယ်။ ဒီအဖြေတွေ့ရဖို့အတွက် အချိန် ၃ နှစ်ပေးခဲ့ရတယ်လို့ ဆိုပါတယ်။ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနက လှိုင်သာယာစက်မှုဇုန်အတွင်းမှ လှိုင်မြစ်အတွင်း အဆိပ်အတောက်ဖြစ်စေသော သတ္တုဓာတ်များဆက်လက်စွန့်ပစ်နေဦးမည်ဆိုပါက ဖြစ်အတွင်းရေနေသတ္တဝါများ မျိုးသုန်းနိုင်မည့်အခြေအနေအပြင် မြစ်ကမ်းတစ်လျှောက် နေထိုင်သူတွေကိုလည်း ကင်ဆာအစရှိတဲ့ ရောဂါဆိုးများ ဖြစ်ပွားနိုင်တယ်လို့ သုံးသပ်တင်ပြထားတာ ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်အတွင်းမှာ ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများက ဥရုချောင်းကမ်းပါးတစ်လျှောက် ကမ်းပါးသဖွယ်စုပုံထားတဲ့ စွန့်ပစ်မြေများကို ရွှေ့ပြောင်းလုပ်သားများဖြစ်တဲ့ ရေမဆေးကျောက်စိမ်းရှာဖွေသူများက ရွှေမျှောတိုက်ခြင်းကြောင့် စက်အလုံး ၁၀၀ ခန့်ကို သိမ်းဆည်းခဲ့ရပါတယ်။ ယခုနှစ် မိုးရာသီမှာ ဥရုချောင်းအတွင်း ရေကြီးမှု နှစ်ကြိမ် ဖြစ်ပေါ်ခဲ့ရာ ဆယ်စုနှစ် နှစ်ခုအတွင်းမှာ အကြီးဆုံးစံချိန်တင် ရေကြီးမှုတွေ ဖြစ်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေကန်များ၊ ရေချိုတွင်းများအတွင်း ဝင်ရောက်လာမှုကြောင့် ရန်ကုန်မြစ်ရိုးတစ်လျှောက်ရှိ ရေတွင်းများ ပျက်စီးလာတာကို မကြာခဏ ကြားသိနေရပါတယ်။ မြစ်ရေထုပါးလာပါက နုန်းတင်ခြင်း၊ အနယ်ပို့ခြင်းများ များပြားလာပြီး ရေငန်ဝင်ရောက်မှုကို ဟန့်တားစေပါတယ်။ ပညာရှင်တွေကတော့ လေ့လာသုံးသပ်ချက်အရ ပြည်မြို့လောက်ထိအောင် ရေငန်တက်လာတာ တွေ့ရတယ်လို့ ထောက်ပြနေကြပါပြီ။ ရေသယံဇာတထိန်းသိမ်းရေးနှင့် စပ်လျဉ်းပြီး တွေ့မြင်ကြားသိနေရတာတွေကတော့ များပြားလှပါတယ်။ မြန်မာနိုင်ငံရဲ့ ဒုတိယအရှည်လျားဆုံး မြစ်ဖြစ်တဲ့ သံလွင်မြစ်အောက်ပိုင်း ကျိုက်ခမီပင်လယ်၊ ဘီလူးကျွန်း(ချောင်းဆုံ)နဲ့ မော်လမြိုင်မြို့ကြားရှိ မြစ်ကြောင်းတစ်လျှောက်မှာ ငါးသလောက်၊ ငါးမျိုးစိတ်တွေ ယခုနှစ် သိသိသာသာရှားပါးလာတယ်လို့ ဆိုပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနက သန်လျင်မြစ်အတွင်း ငါးသလောက်၊ ငါးမြင်း နိုင်ငံခြားမှ ဈေးကောင်းပေးဝယ်လျက်ရှိတဲ့ ငါးပုတ်သင်၊ ကကတစ်ငါးများကို စိုက်ထည့်ပေးနေသော်လည်းပဲ ဒီရေတောများ ပျက်ယွင်းမှုကြောင့် ထိရောက်မှုနည်းပါးတယ် ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော် တဝန်းလုံးမှာ ပြည်ထောင်စုသားတိုင်းရင်းသားလူမျိုးပေါင်းစုံ စားသောက်မှုမှာ ဆန်စပါး ပြီးလျှင် ဒုတိယအစားသုံးဆုံး အစားအစာဟာ

ငါးဖြစ်ပါတယ်ဆိုတာ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြအပ်ပါတယ်။ ငါးဟာလူတို့ နေ့စဉ်လိုအပ်တဲ့ အသားဓာတ်ကို အခြားအသားများထက် အစိမ်းအစိုအခြောက်အခြမ်း၊ ငါးခြောက်၊ ငါးပိ၊ ငံပြာရည်၊ ငါးချဉ် စသည်ဖြင့် ပုံစံအမျိုးမျိုးနဲ့ စားသုံးကြပါတယ်။ ဒီလိုစားသုံးရာမှာလည်း ကုန်ကျစရိတ် အသက်သာဆုံးနဲ့ စားသုံးနိုင်တာကို တွေ့ရပါတယ်။ နိုင်ငံခြားဝင်ငွေကိုလည်း နှစ်စဉ် ဒေါ်လာသန်း ၅၀၀ အထက်မှာ ရှာဖွေပေးလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးထုတ်လုပ်နိုင်တဲ့ မြစ်ချောင်း အင်းအိုင်များဟာ မြန်မာနိုင်ငံရဲ့ ၂၀ ရာခိုင်နှုန်းကို ဖုံးလွှမ်းနေပါတယ်။ လူများတည်ဆောက်တဲ့ ဆည်များ၊ ရေလှောင်ကန်များမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုပေါ်ထွန်းလာလျက်ရှိပါတယ်။ နိုင်ငံ အတွင်းရှိ အင်းပေါင်း ၃၇၀၀ ကျော်ခန့်မှာ မွေးမြူဖမ်းဆီးရေးစနစ်သစ် Cultural Base Capture System နဲ့ ငါးထုတ်လုပ်မှု ပိုမိုမြင့်မားလာတဲ့အမျှ နိုင်ငံတော်ရဲ့ အခွန်ဝင်ငွေဟာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ အမျိုးသားစီးပွားရေးကဏ္ဍမှာ လယ်ယာ၊ စက်မှု၊ သစ်တော၊ သတ္တုကဏ္ဍများနည်းတူ ငါးမွေးမြူရေးလုပ်ငန်းဟာလည်း ထိပ်ဆုံးမှာနေရာယူလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာမှာ ရေဟာ အဓိကကျတဲ့နည်းတူ နိုင်ငံအတွင်း သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းတို့မှာလည်း ရေဟာ မရှိမဖြစ် အရေးကြီးလှပါတယ်။ ရေရဲ့ အရည်အသွေး မြင့်မားရေးနဲ့ သုံးစွဲရာမှာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ငါးနဲ့ ဇီဝမျိုးစုံထိန်းသိမ်းရေး၊ ရေကို စနစ်တကျ ထုတ်လုပ်သုံးစွဲရေး၊ ဂေဟစနစ်နဲ့ ပတ်ဝန်းကျင်သယံဇာတတည်တံ့ရေး၊ ထုတ်လုပ်မှုမြင့်မားရေးတို့အတွက် မြစ်ရေ၊ ချောင်းရေ မြေကြီးအောက်ရေတို့ကို ရေညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်ရန်နှင့် အရှည်တည်တံ့ဖို့ အတွက် ရေသယံဇာတထိန်းသိမ်းရေး ဥပဒေကို မလွဲမသွေ ပြဋ္ဌာန်းသင့်ကြောင်း ထောက်ခံတင်ပြအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ စက်တင်ဘာလ ၁၀ ရက်နဲ့ ၁၁ ရက်အထိ ကျင်းပပြုလုပ်ခဲ့တဲ့ Malaysia –China Trade and Investment International Conference မှာ ရေမြေသဘာဝ သယံဇာတများကို ကာကွယ်ဆောင်ရွက် လုပ်ကိုင်နေသူများ စွန့်ပစ်ပစ္စည်းကို အနည်းဆုံးလျှော့ချရန် ဆောင်ရွက်နေသူများကို ဆုချီးမြှင့်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ Asean နိုင်ငံများထဲမှာ အကောင်းဆုံးဆောင် ရွက်နိုင်တဲ့ နိုင်ငံကိုလည်းပဲ Grand Champion ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ ရေအသက်တစ်မနက်လို့ ပြောဆိုကြပါတယ်။ အခုအခါမှာတော့ ရွှေကိုမလို ရေကိုသာလိုသည်ဆိုတဲ့ ခေတ်နဲ့လျော်ညီတဲ့ ဆောင်ပုဒ်ကိုလည်း ဆန်းသစ်ချမှတ်လာပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်ရန်နဲ့ ရေသယံဇာတ အရှည်တည်တံ့ ကြွယ်ဝနိုင်ရေး အတွက်

အမျိုးသားသယံဇာတထိန်းသိမ်းရေး ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရန် အမှန်လိုအပ်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့ရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အရင်ဆွေးနွေးတင်ပြသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများက ပညာရပ်ဆိုင်ရာရှုထောင့်မှ ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားကြတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ သာမန်ပြည်သူတစ်ဦးအနေနဲ့ အမြင်ရှုထောင့်ကနေပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော် ရေဥပဒေတစ်ရပ်ရှိခဲ့သော်လည်း မြန်မာတစ်မျိုးသားလုံး အတွက် အကျိုးစီးပွားဖြစ်စေနိုင်ရန် ၎င်းအကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ယခုအခါ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားရေး သယံဇာတဥပဒေတစ်ရပ် လိုအပ်နေသည်ဟု ယူဆမိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကြောင့် ရေသယံဇာတအရင်းအမြစ်တို့ဟာ ဆုတ်ယုတ်လာနေသည်ကို ထိတ်လန့်ဖွယ် ကြားသိရပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ရေကောင်းရေသန့်ရရှိရန် သဘာဝစိန်ခေါ်မှုများနှင့်ကြုံတွေ့နေရပြီးဖြစ်ပါတယ်။ ရေသယံဇာတသည် စိုက်ပျိုးရေးတွင်သာမက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအတွက်ပါ ကမ္ဘာ့လူသားတို့အတွက် မရှိမဖြစ်အသက်နှင့်ထပ်တူအရေးကြီးသည့် သယံဇာတပစ္စည်းလည်းဖြစ်နေပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူများစုဖြစ်သော အခြေခံလူတန်းစားတို့ဟာ သောက်သုံးရေအတွက် မြစ်ရေ၊ ချောင်းရေများကို မှီခိုနေကြရပါသေးတယ်။ စိုက်ပျိုးရေးအဓိက နိုင်ငံဖြစ်သောကြောင့်လည်း မြစ်ချောင်းတို့ရဲ့ ရေစီးရေလာပေါ်မှာ အမှီသဟဲပြုနေရပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကမြစ်ကြီးများသည် မြောက်မှတောင်သို့ ပင်လယ်ထဲသို့ စီးဝင်နေကြတာဖြစ်ပါတယ်။ ကမ္ဘာ့မြောက်ခြမ်းမှာရှိတဲ့ ရေခဲလွင်ပြင်ကြီးဟာလည်း ကမ္ဘာကြီးပူနွေးလာမှုဒဏ်ကြောင့် သုံးပုံတစ်ပုံခန့် တစတစပြိုကြခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ မြစ်ကြီးများအပါအဝင် တောင်မြောက်တန်းလျက်တည်ရှိသော ကမ္ဘာ့မြစ်ကြီးများအတွက် တစ်နှစ်ပတ်လုံး ရေစီးရေလာပမာဏ ယခင်ကကဲ့သို့ စီးဆင်းနိုင်ရေးမှာ မရေရာတော့ပါ။ ထို့အပြင် မြစ်ညာရှိဆည်များ

ကြောင့်ဖြစ်စေ၊ မြစ်ကြောင်းမှန်စွာ မတူးဖော်နိုင်၍ဖြစ်စေ၊ ရေစီးရေလာနည်းပါး၍ ဖြစ်စေမြစ်ကြောင်းများဟာ တိမ်ကောလာခြင်းကြောင့် အကျိုးဆက်အနေဖြင့်

(က) ရေကြောင်းကုန်ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးကို များစွာထိခိုက်စေခြင်း၊

(ခ) ရေအရင်းအမြစ်တို့ ရှားပါးလာမှုကြောင့် ဒေသအသီးသီးရှိ လူများအားလုံးအတွက် ရေသယံဇာတခွဲဝေသုံးစွဲမှု မမျှတမှုနှင့် ကြုံတွေ့နိုင်ခြင်း၊

(ဂ) မြစ်ကြီးများ၏ ရေစီးရေလာလျော့နည်းလာမှုကြောင့် ပင်လယ်ဆားငန်ရေတို့ တိုးဝင်မှုကိုထိန်းသိမ်းထားနိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်ယာစိုက်ပျိုးရေးကို ထိခိုက်စေနိုင်ခြင်း၊

(ဃ) ဒီရေတောနှင့် သန္တာကျောက်တန်းများ ဖုံးလွှမ်းခံရခြင်းကြောင့် သဘာဝဘေးအန္တရာယ်တို့ကို တားဆီးနိုင်မှု ကင်းမဲ့စေခြင်း၊

(င) မြေအောက်ရေတူးဖော်ထုတ်လုပ်ရေး၌ပါ တစ်စိတ်တစ်ပိုင်းအားဖြင့် ထိခိုက်ခြင်းတို့ကို အကျိုးဆက်အနေဖြင့် ကြုံတွေ့ရမည်ဖြစ်ပါတယ်။

ထို့ကြောင့် အမျိုးသားရေသယံဇာတ ဥပဒေကို ပြဋ္ဌာန်းကာကွယ်ပေးနိုင်ရန်အတွက် စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိုးဝင်း တင်သွင်းသောအဆိုအား လေးလေး နက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်များမှာ တစ်ချို့ကိန်းဂဏန်းပါတဲ့အတွက် မှတ်စုကိုင်ဖတ်ကြားခွင့်ပေးပါခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းသော ရေသယံဇာတထိန်းသိမ်းရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးနိုင်ရန်ဟူသော အဆိုမှာ မည်သည့်နိုင်ငံနှင့်မျှ ခွဲဝေသုံးစွဲရခြင်းမရှိတဲ့ ကိုယ်ပိုင်မြစ်၊ ချောင်းပေါများတဲ့ ကိုယ်ပိုင်ရေဝေ၊ ရေလဲ၊ ရေထွက်၊ ရေခဲတောင်အရင်းအမြစ်ပေါများတဲ့ ကျွန်တော်တို့နိုင်ငံမျိုးအနေနဲ့ ဒီဥပဒေမျိုးရှိသင့်တဲ့ နိုင်ငံဖြစ်ပါတယ်။ ရေပိုင်ဆိုင်မှု ရှေ့ကကိုယ်ပိုင်လို့ သုံးနှုန်းပြောဆိုရတဲ့ အဓိပ္ပာယ်ကနောင်လာနောက်သား မျိုးဆက်သစ်တွေအတွက် ရေထုညစ်ညမ်းမှု ရေသယံဇာတဆုံးရှုံးမှု၊ ရေထုအဆိပ်သင့်မှုတစ်ခုခု ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့ရင် တစ်ခြား မည်သည့်

နိုင်ငံကိုမျှ လက်ညှိုးထိုးပြအပြစ်လွှဲချလို့မရတဲ့ မဖြစ်တဲ့အခြေအနေပါလို့ ဒီအခ်ိပ္ပာယ်ပေါ်လွင်နေကြောင်း ကိုယ်ပိုင်ဆိုတဲ့စကားရပ်ကို မီးမောင်းထိုးပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ဆွေးနွေးချက် ဆက်လက်မတင်သွင်းခင်မှာ လွှတ်တော်ထဲမှ အဲ့သြလေးစားလောက်တဲ့ ပညာရှင်တွေ ပါနေတာကို ဒီနေ့ ထပ်မံသိရှိရပါတယ်။ သူတို့ဟာ အချိန်ကို ငဲ့ညှာလို့ Agenda မှာ ဝင်ရောက် နေရာမယူတော့ဘဲ ကျွန်တော့်ဆီမှာပဲ တစ်ယောက်တစ်ပိုဒ်ဆီ လာဖြည့်ထားတာရှိတာကို **(အော်နာ)** ထားပြီးတော့ အရင်းအတိုင်း တိုတိုတုတ်တုတ် တင်ပြလိုပါတယ်။ ယနေ့ ကမ္ဘာပေါ်မှာ a global water movement for a world ဆိဂျူး a world ရည်ရွယ်ချက်နဲ့ world water council ဆိုတဲ့ INGO တစ်ခု ဖွဲ့စည်းပြီးတော့ အရေးတကြီးကို လုပ်ဆောင်နေပါတယ်။ အောက်ပါ ရည်မှန်းချက်(၄)ရပ်ထားပြီးတော့ သုံးနှစ်တစ်ကြိမ် Forumn ကျင်းပနေပါတယ်။ ရည်မှန်းချက်မူရင်းကတော့ (1) to rate the important of water on the political agenda (2) to Support the depending of dicustion to work the solution of international water issue in the 21st century (3) to formulate ကွန်ကရစ် Proposal and green their important to the worlds attentions and the last no-4. To generate political commitment စသည်တို့ ဖြစ်ပါတယ်။ ငါးကြိမ်မြောက် ဒီ water forumn ကို ၂၀၀၉ ခုနှစ်မှာ တူရကီနိုင်ငံ အစ္စတန်ဘူလ်မှာ ကျင်းပခဲ့ပြီးတော့ အခုလာမယ့် ၂၀၁၂ အတွက် (၆)ကြိမ်မြောက် forumn ကို ပြင်သစ်နိုင်ငံ မာဆေးလ်မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါက ကမ္ဘာ့အနေအထားနဲ့ ရေအတွက် ယနေ့ လှုပ်ရှားမှုဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ တကယ်တော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက ဥပဒေကြမ်းတစ်စောင်ရေးဆွဲနေတာ အတော်ခရီးရောက်နေပြီလို့ သိရပါတယ်။ ထို့အတူ ဒီဝန်ကြီးဌာနနဲ့ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ရေအရင်းအမြစ်ထိန်းသိမ်းရေးနဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနနှင့်လည်း ပေါင်းစပ်ညှိနှိုင်းပြီးတော့ ပြည့်ပြည့်စုံစုံပါဝင်အောင် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ရေသယံဇာတ အပြောင်းအလဲတွေရဲ့ အသေးစိတ်အကြောင်းကို မဆွေးနွေးတော့ဘဲနဲ့ အရေးအကြီးဆုံးဖြစ်တဲ့ဥပဒေကို ကိုင်တွယ်ထိန်းသိမ်းခြင်း Law Handling နဲ့ ဥပဒေကိုအကောင်အထည်ဖော်ပေးခြင်း၊ Law Enforcement အကြားမှာ အထူးသဖြင့် ဖြစ်လေ့ဖြစ်ထရှိတဲ့ ဥပဒေအရည်ပျော်သွားခြင်း သဘောတရားကို ဆွေးနွေးလိုပါတယ်။ မြင်သာအောင် ဥပမာပေးရလျှင် မော်တော်ယာဥ်ဥပဒေနဲ့ လမ်းအသုံးပြုသူများ စည်းမျဉ်းကို Handling လုပ်တာက ရထားပို့ဆောင်ရေးဝန်ကြီးဌာနပါ။ Enforcement လုပ်နေတာက ရဲတပ်ဖွဲ့ဖြစ်ပါတယ်။ မီးပွိုင့်တစ်ခုရဲ့

ယာဉ်ကြောပြောင်းပြန်မှာ နေရာလုပြီးတော့ ရှေ့ကပိတ်ရပ်ထားတဲ့ ဘတ်စ်ကားတစ်စီးကို မီးပွိုင့်စောင့်တဲ့ တာဝန်ကျရဲက အရေးမယူဘဲ ထိုင်ကြည့်လိုက်မိပြီဆိုရင် အဲဒါဟာ ဥပဒေ စည်းမျဉ်းစည်းကမ်းတစ်ခု အရည်ပျော်သွားတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ ဒီလိုပါပဲ စက်ရုံတစ်ရုံ အကြောင်း စီမံကိန်းတစ်ရပ်အကြောင်းကို တာဝန်ရှိတဲ့အထက်ဌာနကို ယနေ့ လွှတ်တော်က မေးခွန်းပို့လိုက်လျှင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်မထိခိုက်စေရေးကို ဘယ်လို စီမံချက်တွေ ရေးဆွဲပြဋ္ဌာန်းထားကြောင်း ဘယ်လိုအဆင့်ဆင့်ညွှန်ကြားထားကြောင်း ပြည့်ပြည့်စုံစုံ အဖြေပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ ဒါပေမယ့် လုပ်ငန်းခွင်က အလုပ်သမားတစ်ဦးက ညွှန်ကြားချက် တစ်ခုကို လိုက်နာမှုမရှိလိုက်တာနဲ့ အဲဒီစီမံချက်တစ်ခုလုံး အရည်ပျော်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဆိုရှင်နဲ့ကိုယ်စားလှယ်တော်ကြီးများ စိတ်ပူသင့်တာက ရေသယံဇာတဥပဒေမျိုး အတည်ဖြစ်လာပြီးတဲ့နောက်မှာ မလိုက်နာလျှင် ဘယ်လိုအရေးယူကြမလဲ။ အရေးယူမယ့် အဖွဲ့အစည်း ကိုရော ဘာတွေပြဋ္ဌာန်းပေးမလဲ။ ကျန်းမာရေးဝန်ကြီးဌာနအောက်က FDA နဲ့ ဘယ်လိုပေါင်းစပ်ပေး နိုင်မလဲ။ သက်ဆိုင်ရာလွှတ်တော်ကော်မတီကရော ဘယ်ဥပဒေကိုကိုင်ပြီး စောင့်ကြည့်တည့်မတ်ပေး မလဲ ဆိုတာတွေကို ဥပဒေကြမ်း ဒီမှာတင်သွင်းပြီဆိုတာနဲ့ ပြည့်ပြည့်စုံစုံလွှမ်းခြုံနိုင်အောင် ပယ်ပယ်နယ်နယ် အချိန်ပေးဆွေးနွေးကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို အချိန်ပေးဆွေးနွေးရမယ်ဆိုတဲ့အပိုင်းမှာ ပြီးခဲ့တဲ့ရက်ကတည်းက လွှတ်တော်ရဲ့ အချိန်အသုံးပြုပုံကို ကျွန်တော်တို့ကတိ၊ အာမခံချက်စိစစ်ရေးကော်မတီကိုယ်စား တင်ပြဖို့ ကျွန်တော့်ရဲ့ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဒီနေရာမှာ တိုတိုတုတ်တုတ် ဖြည့်စွက် တင်ပြခွင့်ပြုပါခင်ဗျား။ အစည်းအဝေးရဲ့ ၃၃ ရက်မြောက် ဒီနေ့မနက် ၁၂နာရီ ၅၃ မိနစ်အထိ ကိုယ်စားလှယ်တော်ကြီး ၂၃၁ဦးက မေးခွန်းပေါင်း ၂၅၄ ပုဒ်ကို မေးမြန်းခဲ့ပြီးပါပြီ။ ကတိကဝတ် ရရှိတာက ၁၆၂ ပုဒ်၊ မရရှိတာက ၄၄ ပုဒ်၊ ရှင်းလင်းဖော်ပြရုံသက်သက်က ၄၁ ပုဒ်နဲ့ ရုပ်သိမ်းတာက ၆ ပုဒ်၊ မေးခွန်းတူ ၁ ပုဒ်၊ စုစုပေါင်း ၂၅၄ ပုဒ်ရှိခဲ့ပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၂၉(ဂ)မှာ မည်သို့ပင်ဆိုစေကာမူ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ရင်ဝယ်သားကဲ့သို့ စေတနာရှေ့ထားရက်ရောမှုကို အကြောင်းပြုပြီးတော့ ရင်ဖွင့်လိုက်ကြတာဟာ မေးခွန်းစာသားက အဆိုစာသားကို ကျော်သွားတာခပ်များများဖြစ်ပါတယ်။ နောက်လူတွေအတွက် ရက်အလှည့်တောင် မကျန်တော့သလောက် ဖြစ်ပါတယ်။ တရုပ်ဇာတ်ကား ထဲကလို ဒါဆိုလည်း အားမနာတော့ဘူး အားမနာတော့ဘူးဆိုတဲ့ဟာမျိုးလိုဖြစ်နေပါတယ်။ အဲဒီအထဲက

အဆိုတစ်ခုဆိုလျှင် အဆိုရှင်တစ်ဦးနဲ့ ဆွေးနွေးသူ(၇)ဦးက၊ ဆွေးနွေးပြီးတော့ ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်နေကြောင်းပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒါနဲ့ခပ်ဆင်ဆင်မေးခွန်းတစ်ပုဒ်ကို ပြည်ထောင်စုအဆင့်ကပဲ မေးခွန်းထပ်ဖြေထားပါတယ်။ ဒါကိုခေါင်းစဉ်ပြောင်းပြီး နောက်တစ်ရက်မှာ အကြောင်းအရာတူမဆိုကို နောက်တစ်ဦးက ထပ်တင်တဲ့အခါ (၄)ဦးထပ်ဆွေးနွေးပါတယ်။ ပြည်ထောင်စုအဖွဲ့အစည်းက ဒီအဖြေကိုပဲထပ်မံဖြေကြားပါတယ်။အကြောင်းတူ-အဖြေတူဒီကိစ္စအတွက် ကျွန်တော်တို့ လွှတ်တော်ထဲမှာ မိနစ်ပေါင်း၂၀၀ နီးပါး အချိန်သုံးစွဲခဲ့ပါတယ်။ သူရဲ့နောက်မှာ ကပ်လျက်တက်လာတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို သုံးသပ်အတည်ပြုဖို့ နှစ်ရက်ပေါင်း ၅၂ မိနစ်သာ အသုံးပြုခဲ့ပါတယ်။ နောက်ထပ် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုဖို့ နှစ်ရက်ပေါင်း ၄၅ မိနစ်သာ အသုံးပြုခဲ့ပါတယ်။ အထက်က မိနစ် ၂၀၀ နဲ့ ကိုယ်စားလှယ်တော်ကြီးများ နှိုင်းယှဉ်နိုင်အောင် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထက်သန်သောစေတနာနဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကိုဝိုင်းသုံးသပ်ကြမည်ဆိုပါလျှင် ရိုးဖြောင့်သောစေတနာနဲ့ ဇာတ်လမ်းဇာတ်ကွက်တစ်ပုဒ်လိုခံစားပြီး ကြည့်ရှုပေးသင့်လှပါတယ်။ ခါတ်ကြွင်းစွန့်ပစ်မှုစနစ်တစ်ခုခုကို စက်ရုံဝန်ထမ်းတစ်ဦးက လိုက်နာဖို့ပျက်ကွက်ခဲ့ပြီဆိုတာနဲ့ ရေချိုငါး၊ ပုဇွန်တွေကို တိုက်ရိုက်ဆက်စပ်ပါတယ်။ ပြင်းထန်တဲ့အဆိပ်သင့်လို့ ငါး၊ ပုဇွန်တွေသေပြီး ရေပေါ်ပေါလောပေါ်ရင်တော့ လူသားတွေက ထိတ်လန့်တတ်ကြပါတယ်။ စားသုံးဖို့ ငြင်းပယ်ကြပါတယ်။ ဒါပေမယ့် ခါတ်ကြွင်းမိပြီး တဖြည်းဖြည်းခံနိုင်ရည်ရှိလာတဲ့ မသေတော့တဲ့ သတ္တဝါတွေကိုကျတော့ ငါးဖမ်းသူတွေက သတိမပြုမိတော့ပါဘူး။ အင်းအိုင်တွေဆိုတာကလည်း ရေကြီးလျှင်မြစ်ပြင်နဲ့ တသားတည်းဖြစ်ပါတယ်။ ဥပမာ ကျွန်တော်တို့ ဧရာဝတီဘက်က အအေးခန်းကားတွေဟာ ညဘက်ထွက်ခွာပြီးတော့ သန်းခေါင်ယံမှာ ရန်ကုန်စံပြငါးဈေးမှာ ရောင်းဝယ်ဖလှယ်ကြပါတယ်။ နောက်ထပ် ၁၀ နာရီအတွင်း ဒီနေပြည်တော်ကိုရောက်ပါတယ်။ နောက်ထပ် ၄ နာရီအတွင်း မန္တလေးဈေးကွက်ကိုရောက်ပါတယ်။ ရေချိုထွက်ကုန်ကို စိတ်ချလက်ချစားသုံးတဲ့ မြန်မာပြည်ဈေးကွက်ကလည်း ကြီးမားနေဆဲဖြစ်တယ်ဆိုတာကို သတိပြုကြစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားလင်းကြီးနယ်ဘက်က ပညာရှင်လွှတ်တော်ကိုယ်စားလှယ်ရဲ့ဖြည့်စွက်ချက်မှာလည်း ကြေးနီစီမံကိန်းမျိုးမှာ ဆာလဖြူရစ်အက်စစ်ကို လီးဂျင်းမတ်သတ်နဲ့အောက်က ပလတ်စတစ်ခံပြီး ထုတ်နေတယ်လို့ပြောလာပါတယ်။ အဲဒီအောက်ခံပလတ်စတစ်အမျိုးအစားက

ဘယ်လောက်တောင်ကောင်းအောင်၊ မပေါက်မပြဲအောင်လုပ်ထားသလဲဆိုတာ ဥပဒေကြမ်းထဲမှာ ခြုံငုံမိသင့်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက အမျိုးသားအဆင့်အရှုံးအမြတ် (National Level Benefit & Lost) ဆိုတဲ့အမြင်နဲ့ သုံးသပ်ကြဖို့ဖြစ်ပါတယ်။ ဥပမာ တနင်္သာရီတိုင်းရေပြင်မှာ Block (၇) ခုလောက်သတ်မှတ်ပြီးတော့သဲတွေစုပ်ကာ နိုင်ငံခြားကိုရောင်းပါတယ်။ နိုင်ငံခြားကိုရောင်းတဲ့အတွက် နိုင်ငံခြားဝင်ငွေရပါတယ်။ သဲလာစုပ်တဲ့သူက သတ်မှတ်နေရာမစုပ်လို့ တပ်မတော်ရေတပ်က မောင်းထုတ်ရတဲ့ သာဓကတွေရှိပါတယ်။ အမိတိုင်းပြည်အတွက် စွန့်စွန့်စားစားနဲ့အဲဒီလိုမောင်းထုတ် ပစ်ခဲ့ရတဲ့၊ ပစ်ဖူးတဲ့တပ်မတော်ရေတပ်အရာရှိတွေ ဒီလွှတ်တော်ထဲမှာ ကိုယ်စားလှယ်အဖြစ်သက်သေ ရှိပါတယ်။ သဲဟောင်းစုပ်တဲ့နေရာကို သဲအသစ်ဖို့ကြတာတွေ ဘာအန္တရာယ်မှမရှိဘူးလို့ လူသားတွေ က တွေးပါတယ်။ ငါးသတ္တဝါတွေကဒီလိုမတွေးပါဘူး။ သူမြင်နေကျနေရာ အရာမဟုတ်တဲ့ သဲအသစ် နယ်ပယ်ကို ရောက်နေပြီဆိုပြီးတော့ ဥမချတော့ပါဘူး။ သားမပေါက်တော့ပါဘူး။ ငါးဖမ်းနှုန်း မကောင်းတော့လို့ လုပ်ငန်းပြောင်းရသူတွေ စက်ရုံမပိတ်ချင်လို့ သူများနိုင်ငံကအသားကို န၀လီ စီအမ်ပီလုပ်ချင်သူတွေ၊ အခုလွှတ်တော်ရဲ့ စီးပွား/ကုန်သွယ်ကော်မတီကို အရေးဆိုနေတာ လက်တွေ့ ဖြစ်ပါတယ်။ ဒီနေ့မနက်ပဲ မြန်မာ့ပင်လယ်ပြင်မှာ Cash Rate ကျနေကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးကလည်း သက်သေခံပြောကြားသွားပြီး ဖြစ်ပါတယ်။ ဒါတောင်မှ သဲစုပ်သင်္ဘော တွေက တန်ချိန် သောင်းဂဏန်းဆိုဒ်ပဲ ဝင်လာတာဖြစ်ပါတယ်။ သူတို့တကယ်လာချင်တာက တန် ၃ သိန်းအထက် Carrier Vessel တွေဖြစ်ပါတယ်။ အဲဒီလိုတန်ချိန်သိန်းချီတဲ့ Carrier Vessel တွေက နော်ဝေမှတ်ပုံတင်အောက်မှာ ရှိနေပြီးတော့ American Section ကြောင့်သာလာလို့မရလို့ မလာတာဖြစ်ပါတယ်။ ဒီတော့ တစ်နှစ်ပတ်လည်မှာ ရလိုက်တဲ့ သဲရောင်းလိုက်တဲ့တန်ဖိုးနဲ့ နှစ်စဥ် ဆုံးရှုံးသွားမယ့် ငါးတန်ဖိုး ရေသယံဇာတတန်ဖိုးဟာ သင်္ချာနဲ့တွက်ထုတ်လို့ရတဲ့ ခေတ်ကိုဒီနေ့ ရောက်ရှိလို့လာပါပြီ။ ဒါကြောင့် ဥပဒေကြမ်းမှာ ဒါမျိုးတွေကိုလည်း ခြုံငုံမိစေချင်ပါတယ်။ ဒီလိုဒီလိုတွေစဥ်းစားမိရင် ဥပဒေကြမ်းတက်လာတဲ့အခါမှာ လွှတ်တော်ရဲ့အချိန်ကို မိနစ် ၃၀ ပဲ သုံးမှာလား။ မိနစ် ၃၀၀ အထိသုံးမှာလားဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ ဒါကြောင့် ဆောင်ရွက်ဆဲ ရေသယံဇာတဆိုင်ရာဥပဒေကြမ်း တက်လာဖို့လည်း အချိန်ပေးရမှာဖြစ်သလို တက်လာ တဲ့အခါမှာလည်း အင်းလေးကန်ကြီးလည်း ပါစေချင်ပါတယ်။ အင်းတော်ကြီးအိုင်၊ ရိ(ဒ်)ရေအိုင် တို့လည်း ပါစေချင်ပါတယ်။ မြောက်ဖျားရေခဲတောင်ကစလို့ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊

တနင်္သာရီ၊ ဂျိုင်း၊ အတ္တရံ၊ သောင်ရင်း၊ ကစ္စပနဒီ၊ ဒုဋ္ဌဝတီတစ်ခုမှ မလွတ်စေလိုပါဘူး။ မြို့ပြအသီးသီးရဲ့ ရေပေးဝေရေးစနစ်တွေလည်း ပါရပါမယ်။ ရေချိုရေငန်နယ်စပ်တွေလည်း မလွတ်စေလိုပါ။ ရေထိန်း သစ်တောနဲ့တကွ တာတမံဆည်မှန်သမျှကိုလည်း ခြုံငုံမိနိုင်အောင်လို့ ဒီအဆိုကို မှတ်တမ်းသာ တင်လျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက ဆောင်ရွက်ဆဲပြီးစီးပါက တက်ရောက်လာမယ့်ဥပဒေကြမ်းကို ဖြစ်မြောက်အောင် ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့လို့ အားလုံးကို လေးလေးစားစားဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ယခုကဲ့သို့ စမ်းချောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်ပြတဲ့ နိုင်ငံတော်နဲ့ မိမိတို့ ပြည်သူများအတွက် အင်မတန်မှ အရေးကြီးတဲ့ကိစ္စရပ်အပေါ်မှာ အားလုံးက အပြုသဘောနဲ့ ရှေးရှု ပြီးတော့ ဆွေးနွေးခဲ့ကြတာ ကြားသိရတဲ့အတွက်ကြောင့်မို့လည်း အင်မတန်မှကျေးဇူးတင်ဝမ်းမြောက် ပါကြောင်း ထည့်သွင်းပြောကြားလိုပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ဖြင့် ဒီကိစ္စအလို့ငှာ သက်ဆိုင်မှုဖြစ်ကြတဲ့ ဝန်ကြီးဌာနများဖြစ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီး ဌာနများရဲ့ကိုယ်စား လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်နေတဲ့ အခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ သိရှိနိုင်ရန် ကျွန်တော် အကျဉ်းချုံးပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံတွင် ရေသယံဇာတများ ထိန်းသိမ်းရေးအတွက်စနစ်များရေး ဆွဲထားရှိပြီး ဖြစ်ပါတယ်။ အဓိကကျတဲ့ အချက်များကို ထုတ်နှုတ်တင်ပြရမယ်ဆိုရင် ၁၉၉၇ ခုနှစ်က ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေး ၂၁ ရာစုအစီအစဉ် Myanmar Agenda 21 အခန်း ၁၂ မှာ ရေချိုသယံဇာတများ ရေရှည်စီမံခန့်ခွဲမှုနှင့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ဘက်စုံရေသယံဇာတအုပ်ချုပ်မှုဆိုင်ရာမူဝါဒ၊ စီမံချက်နှင့် စီမံခန့်ခွဲမှုစနစ်များရေးဆွဲရေးကိုလည်း ဖော်ပြထားပါတယ်။ ၂၀၀၉ ခုနှစ်က ထုတ်ပြန်ခဲ့သော အမျိုးသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ National Sustatiable Development Strategy အပိုင်း ၃၊ သယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲခြင်းကဏ္ဍမှာ ရေချိုသယံဇာတများ စီမံခန့်ခွဲခြင်းကိုလည်း ဖော်ပြထား

ပါတယ်။ စက်ရုံအလုပ်ရုံများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျစွန့်ပစ်ရေး အတွက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းရေးကိစ္စကိုလည်း ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ကပဲ အစိုးရအဖွဲ့ရုံးက သဘောတူပြီးဖြစ်တဲ့ အတွက်ကြောင့်မို့ ဆက်စပ်သောဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၂၁ဦးပါဝင်သည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်မယ့်လုပ်ငန်းများကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်တွင်ရှိသော စက်ရုံအလုပ်ရုံများမှထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းမှုမဖြစ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်စေရန်အတွက် ရေထုနှင့်လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးစီမံချက်(တည်မြဲအမိန့်အမှတ်-၃)ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ၁၉၉၅ ခုနှစ်က ထုတ်ပြန်ခဲ့ပါတယ်။ ထို့နည်းတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှလည်း စက်မှုလုပ်ငန်းများမှ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းအရည်များကို သန့်စင်ပြီးမှစွန့်ပစ်ရေးအတွက် သန့်စင်စက်ရုံများ တည်ဆောက်ရန်နဲ့ အခြားညစ်ညမ်းမှုထိန်းချုပ်သည့် စည်းကမ်းများကိုလည်း ဆောင်ရွက်ရန် ၁၉၉၄ ခုနှစ်မှာ ကြေငြာချက်တစ်ရပ် ထုတ်ပြန်ထားရှိခဲ့ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့တော့ဖြင့် ၁၉၉၅ ခုနှစ်မှစတင် ပြီးတော့ သစ်တောဦးစီးဌာနလက်အောက်မှာ ရေဝေရေလဲဒေသများ အုပ်ချုပ်ရေးဌာနတစ်ခုကို သီးခြားဖွင့်လှစ်ခဲ့ပါတယ်။ ဖွင့်လှစ်ပြီးတော့ ရေဝေရေလဲဒေသ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါတယ်။ ရေဝေရေလဲစိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတော ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကိုလည်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်တွင် လက်ရှိကျင့်သုံးလျက်ရှိသည့် သစ်ထုတ်လုပ်မှုစနစ်သည် သစ်အမျိုးအစားအလိုက် အရွယ်အစားနှင့် ခုတ်လှဲရမည့်အချိန်ကာလများသတ်မှတ်ပြီး၊ အရွယ်ရောက်ပြီး အပင်များကိုသာ ရွေးချယ် ခုတ်လှဲနည်းစနစ်ဖြင့်သာ ဆောင်ရွက်ပြီးစိုက်ပျိုးမြေများ ဖော်ထုတ်ခြင်းနှင့်ဆည်များ၏ ရေဝပ်ဧရိယာများမှအပ အပြောင်ရှင်းခုတ်လှဲမှုအား ခွင့်ပြုခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ သစ်တောဥပဒေ ၁၂(က)နှင့် သစ်တောနည်းဥပဒေပုဒ်မ ၂၀(က)တို့ကို အခြေခံပြီး သတ္တုတူးဖော်မှုခွင့်ပြုရာတွင်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များ ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးတို့ကို ဟန်ချက်ညီညီချိန်ဆ၍ အလေးထားပြီး စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ အဓိက မြစ်ချောင်းများ၊ ဆည်၊ ရေလှောင်တမံများကို ထိခိုက်မှုရှိနိုင်တဲ့ ရေဝေရေလဲ

ဒေသများတွင် ရွှေနှင့် သတ္တုအမျိုးမျိုးတူးဖော်ခြင်းကို လုံးဝကန့်သတ်ထားပါကြောင်း ခွင့်ပြုပေးခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်များကို ဆက်လက်ပြီးတော့ တင်ပြလိုပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ရွှေများတူးဖော်ခြင်းကြောင့် ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြမ်းပြင်မြင့်တက်လာခြင်း၊ မြစ်ကမ်းပါးများပြိုကျပျက်စီးခြင်း၊ ရွှေနှင့် ကျောက်စိမ်းတူးဖော်မှုကြောင့် ဥရုချောင်းတစ်လျှောက် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊ အလားတူ ချင်းတွင်းမြစ်၏သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေးအတွက် ဖားကန့်ရတနာမြေအပါအဝင် ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအတွင်း ရွှေနှင့်သတ္တုတူးဖော်မှုများအပေါ် မြန်မာ့သတ္တုတွင်းဥပဒေပါ အချက်အလက်များနှင့်အညီ ဖြစ်စေရေးအထူးဝါယမစိုက်ထုတ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ရွှေအပါအဝင် ဓာတ်သတ္တုတူးဖော်ခြင်း လုပ်ငန်းများကို မြစ်ချောင်းများအတွင်း ယခင်ကလည်း လုံးဝခွင့်ပြုထားခြင်းမရှိသည့်အပြင် လက်ရှိ ဆောင်ရွက်နေမှုများအပေါ်လည်း ဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်ခြင်းများ ဆက်လက်ဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့တော့ဖြင့် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေပါပြဋ္ဌာန်း ချက်အခန်း(၄)၊ အပိုဒ်(၅)၊ အပိုဒ်ခွဲ(ဂ)တွင် မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးအနားတို့တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းမရှိစေရန် စီမံဆောင်ရွက်ခြင်း၊ အပိုဒ်ခွဲ(ဇ)တွင် ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် ကွပ်ကဲခြင်းများဆိုပြီးတော့ ဖော်ပြပါရှိပါတယ်။ ထို့အပြင် ရွှေသတ္တုတူးဖော်ခွင့်ပြုရေးနှင့် ပတ်သက်ပြီး မြစ်ကြောင်းများ မပျက်စီးစေရန်နှင့် ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်ရည်ရွယ်ပြီး ဥပဒေအခန်း(၄)၊ အပိုဒ်(၆)၊ အပိုဒ်ခွဲ (ဆ)တွင် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲစုပ်ယူခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်လုပ်ခြင်း၊ ရွှေကျင်ခြင်း၊ သတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်း ရေလမ်းကြောင်းများ ထိခိုက်နိုင်ခြင်းရှိ၊ မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းသို့ ထောက်ခံချက် ထုတ်ပေးရခြင်းဟူ၍ ဖော်ပြပါရှိပါတယ်။ အဆိုပါဥပဒေပြဋ္ဌာန်းချက်ပါ မြစ်ချောင်းနယ် အတွင်း ရေညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း ရွှေကျင်ခြင်း၊

ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ယူခြင်း၊ ရေကြောင်းသွားလာအသုံးပြုခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းများနှင့်ပတ်သက်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများကို ရေးဆွဲပြီးတော့ ယခုအချိန်မှာ နောက်ဆုံးအဆင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားရှိပြီးဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ရေနဲ့ပတ်သက်သည့် လွှမ်းခြုံရေးဆွဲထားသောစီမံချက် (Water Master Plan)တစ်ခုနှင့် ရေချိုနှင့်မြေအောက်ရေတို့ကို အခွန့်ရှည်စွာသုံးစွဲနိုင်ရေးအတွက် ဘက်စုံရေစီမံခန့်ခွဲမှုမဟာဗျူဟာ (Integrated water resources management strategy) တို့ကိုရေးဆွဲနိုင်ရေးအတွက် ၂၀၀၄ ခုနှစ်ကစတင်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ UNESCAP နှင့် FAO အဖွဲ့တို့နှင့်ပူးပေါင်းပြီး ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် နည်းဗျူဟာရေးဆွဲဖော်ထုတ်ရေးတို့အတွက် အစပြုဆောင်ရွက်ခဲ့ပါတယ်။ ပို့ဆောင်ရေး ဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်လည်းပဲ လုပ်ငန်းအဆင့်တိုင်းမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အချိန်မှာ မြန်မာနိုင်ငံရေသယံဇာတ မိတ်ဖက်အဖွဲ့အစည်း Myanmar Water Partnership ဖွဲ့စည်းဆောင်ရွက်နိုင်ရန် အဆင့်ဆင့်စိစစ်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ မြန်မာနိုင်ငံရေသယံဇာတ မိတ်ဖက်များအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရေသယံဇာတ မိတ်ဖက်များအဖွဲ့အစည်း ဖွဲ့စည်းပြီးပါက ရေအရင်းအမြစ်ဆိုင်ရာမူဝါဒ Water Resources Policies နှင့် အမျိုးသားအဆင့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုနည်းဗျူဟာ National Water Resources Management Strategy တို့ကို ရေအရင်းအမြစ်နဲ့သက်ဆိုင်တဲ့ ဌာနအဖွဲ့အစည်းများပူးပေါင်းပြီး အမြန်ဆုံးဖော်ထုတ် ဆောင်ရွက်သွားရန်လည်း ရည်မှန်းချက်ထားရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ အဆိုပြုချက်မှာဖော်ပြထားတဲ့ အင်းတော်ကြီးကန်နှင့် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့်နှင့် ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေတို့ရဲ့ မေးခွန်းများကို ဖြေကြားရာတွင် ပြည့်စုံစွာဖြေကြားပြီးဖြစ်သည့်အတွက် ထပ်မံပြီးတော့ တင်ပြလိုခြင်းမပြုတော့ပါဘူးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ ဆည်ကန်၊ မြစ်ရေတင်နှင့် မြေအောက်ရေထုတ်ယူသုံးစွဲရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင်အသိပေးလိုသည့်အချက်များအနေဖြင့် မြန်မာနိုင်ငံရှိချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ မဲခေါင်မြစ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများအတွင်း

စီးဆင်းသောမြစ်ချောင်းများအတွင်းရှိ ရေသယံဇာတစုစုပေါင်းမှာ ဧကပေသန်းပေါင်း ၈၇၀ ခန့်ဖြစ်ပြီး လက်ရှိဆည်ကန် ၃၇၁ ခု မြစ်ရေတင် လုပ်ငန်း ၃၆၇ ခုတို့မှ တစ်နှစ်ပတ်လုံး အသုံးပြုသောရေမှာ အထက်ဖော်ပြပါ ရေသယံဇာတစုစုပေါင်း၏ ၆ ရာခိုင်နှုန်းခန့်သာရှိကြောင်း တင်ပြအပ်ပါတယ်။ မြေအောက်ရေထုတ်ယူသုံးစွဲမှုနဲ့ ပတ်သက်ပြီးတော့လည်း မြန်မာနိုင်ငံအတွင်း မြေအောက်ရေ ပမာဏမှာ ဧကပေသန်းပေါင်း ၄၀၀.၇၂ ရှိပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တူးဖော်ထားသည့် စိုက်ပျိုးရေနှင့် သောက်သုံးရေအပြင် အခြားသုံးမြေအောက်ရေ ထုတ်လုပ်မှု၊ သုံးစွဲမှုစုစုပေါင်းပမာဏမှာ ဧကပေသန်းပေါင်း ၃.၂၈၄ ဖြစ်တဲ့အတွက် စုစုပေါင်းမြေအောက်ရေသယံဇာတ၏ ၀.၈၁ ရာခိုင်နှုန်းကိုသာလျှင် ထုတ်ယူသုံးစွဲလျက်ရှိကြောင်း တင်ပြအပ်ပါ တယ်။ မြန်မာနိုင်ငံအတွင်း စီးဆင်းရေပမာဏနဲ့ မြေအောက်ရေပမာဏများအရ ထုတ်ယူသုံးစွဲသောရေပမာဏမှာ အလွန်နည်းပါးသေးသည့် အခြေအနေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့သော် မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစသည့်သဘာဝသယံဇာတတို့ကို ပြည်သူလူထု၏အကျိုးငှာ လုပ်ငန်းသဘောအရထုတ်ယူသုံးစွဲရာမှာ ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးနှင့် ရေသယံဇာတအသုံးပြုမှုတို့ကို အများပြည်သူကောင်းကျိုးရှိမှုနှင့် ရေသယံဇာတထိန်းသိမ်းရေးတို့အတွက် တည်ဆဲရေအရင်းအမြစ်ဆိုင်ရာဥပဒေများကို အလေးထားလိုက်နာရန်လိုအပ်မှာဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနတွင် လက်ရှိပြဋ္ဌာန်းထားသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေရှိပြီးဖြစ်ပါတယ်။ ထို့အပြင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ရန် အဆင်သင့်ဖြစ်ပြီမို့ ဒီဥပဒေ၊ နည်းဥပဒေများအရ ထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်ခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနကပြုစုပြီး ပြဋ္ဌာန်းရန်တင်ပြထားတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည်လည်း ယခုလွှတ်တော်ကျင်းပနေဆဲအချိန်မှာပဲ ဆောင်ရွက်နေသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုချက်ရရှိလိမ့်မည်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။ တစ်ဆက်တည်းမှာပဲ အချိန်မကြန့်ကြာစေရန်အလို့ငှာရင်းဥပဒေမူကြမ်းကိုလည်း အမျိုးသားလွှတ်တော်၊ဥပဒေကြမ်းများစိစစ်ရေးကော်မတီမှလည်း ပဏာမသက်ဆိုင်ရာတာဝန်ရှိသူများကို ခေါ်ယူစစ်ဆေးမေးမြန်းစုံးစမ်းခဲ့သည့်အဆင့်လည်းရောက်ရှိပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ မကြာမီကာလမှာတော့ လွှတ်တော်ကြီးသို့တင်ပြနိုင်လိမ့်မည်လို့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ယုံကြည်ပါတယ်။ ဒီဥပဒေတွင်လည်း မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစတဲ့ မြေသယံဇာတတို့ကို ရေရှည်သုံးစွဲရန်နှင့် ရေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်မှုပေးနိုင်ရန်

အချက်အလက်များကို ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ အဆိုပါဥပဒေကို နိုင်ငံတော်မှ တရားဝင် ထုတ်ပြန်ပြီးသည့်အခါ ရေအရင်းအမြစ်နဲ့ ရေသယံဇာတများကို ယခုထက်ပိုမို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်မှာဖြစ်ပါတယ်။ဒါကြောင့်မို့လို့ ဤအဆိုပါရေအရင်းအမြစ်နဲ့ ပတ်သက်သည့် သီးခြားဥပဒေတစ်ရပ် ထုတ်ပြန်ရန် လိုအပ်၊ မလိုအပ်ကိုတော့ဖြင့်ရင် လွှတ်တော်မှ သုံးသပ်ဆုံးဖြတ်မှုပြုနိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်ရဲ့ တင်ပြချက်အဆိုကို ကိုယ်စားလှယ် ၅ ဦးနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးက အသီးသီးဆွေးနွေး သွားကြပါတယ်။ မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေဆိုတဲ့နေရာမှာ အတိအကျပြောရမယ်ဆိုရင်တော့ ရေချို Soft Water ကို ပဲဆိုတယ်လို့ပဲ သဘောပေါက်မှာဖြစ်ပါတယ်။ ဒီနေ့ ဒီရေချိုဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြားနိုင်ငံများနဲ့စာလို့ရှိရင် ပြည့်စုံလုံလောက်မှုရှိတယ်။ သို့ရာတွင် ပြည့်စုံ လုံလောက်မှုရှိပြီးတော့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်ပြားစေသောအပြုအမူများ၊ များပြားလာ လို့ရှိရင် ဒီရေချိုများဟာ ပျက်စီးဆုံးရှုံးပြီး လူနဲ့တိရိစ္ဆာန်နဲ့ အခြားသတ္တဝါများကိုလည်း သေကြေပျက်စီး နိုင်တယ်။ ဒါကြောင့်မို့လို့ မြေသယံဇာတထိန်းသိမ်းရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန် အဆို တင်ခဲ့ခြင်းဖြစ်ပါတယ်။ တင်ခဲ့တဲ့နေရာမှာလည်း ကိုယ်စားလှယ်ကြီးများက အားလုံးထောက်ခံ အတည်ပြုဆွေးနွေးပါတယ်။ အင်မတန်လည်း မှတ်သားစရာကောင်းပါတယ်။ ထိုနည်းတူစွာပဲ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းတင်ပြတဲ့အခါမှာလည်း ဒီရေသယံဇာတ ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဥပဒေများပြဋ္ဌာန်းနိုင်ဖို့အတွက် ဥပဒေကြမ်းအဆင့်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း လွှတ်တော်အနေနဲ့ သီးခြားဥဒေတစ်ရပ်ပြဋ္ဌာန်းဖို့ လို၊ မလို ဆိုတာကတော့ လွှတ်တော်ကပဲ ဆုံးဖြတ်နိုင်ပါတယ်ဆိုတဲ့အကြောင်း ဒီလို တင်ပြသွားတဲ့နေရာမှာ ဒီဥပဒေဟာ လောလော ဆယ်တင်ပြ တဲ့အဆိုနဲ့အဆို Cover ဖြစ်ပြီးတော့ ဒီအဆိုကို ပါဝင်ထားတဲ့ ဥပဒေတစ်ရပ်ဖြစ်မယ်လို့ပဲ ယူဆပါ တယ်။ ဒီနေရာမှာ ဥပဒေဆိုတဲ့နေရာမှာကတော့ အချိန်ကာလအခြေအနေပေါ်မူတည်ပြီးတော့ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းဆိုတာရှိပါတယ်။ ဒါကြောင့် ဒီအချိန်အခါ ဒီကာလနဲ့ ကိုက်ညီတဲ့ ဥပဒေတစ်ရပ်အတွက် ရေးဆွဲပြဋ္ဌာန်းထားတယ်လို့ ယူဆတဲ့အတွက် သီးခြားဥပဒေတစ်ရပ် တော့ ပြဋ္ဌာန်းရန် မလိုသေးဘူးလို့ ဒီလိုပဲ မိမိအနေနဲ့ သုံးသပ်ပါတယ်။ ဒါကြောင့်မို့လို့ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းတဲ့ မြစ်ရေ၊ ချောင်းရေ၊ မြေအောက်ရေစတဲ့ သဘာဝသယံဇာတတို့ကို လုပ်ငန်းသဘောအရ ပမာဏများစွာ သုံးစွဲနေမှုကလည်းကောင်း၊ လေထု

ညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်အတွက်လည်းကောင်း ရေသယံဇာတအသုံးပြုမှု တို့က အများပြည်သူကောင်းကျိုးရှိမှုနဲ့ ရေသယံဇာတထိန်းသိမ်းရေး ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်း ပေးနိုင်ရန်အဆိုကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တင်ပြပါ အဆို အားလွှတ်တော်က မှတ်တမ်းတင်ထားရှိဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ကျွန်တော် တင်ပြစရာရှိပါတယ်။ ကျွန်တော် ဒီအဆိုကို တင်တဲ့ရည်ရွယ်ချက်ကလည်း ကျွန်တော်တို့နိုင်ငံအတွက်၊ နိုင်ငံနဲ့တစ်မျိုးသားလုံးအတွက် လွှတ်တော်ကနေ ပြီးတော့ကျတော့ လိုအပ်တယ်လို့ ကျွန်တော်ယူဆတဲ့အတွက် ဉာဏ်မီသလောက် ကျွန်တော် စုစည်းတင်ပြပြီး အဆိုတင်တာ ဖြစ်ပါတယ်။ အချိန်ကို ဖြုန်းတီးဖို့ရာအတွက် ရည်ရွယ်တာလည်းမရှိပါဘူး။ ဝန်ကြီးစောစောတုန်းက ရှင်းပြသွားပါတယ်။ အင်းလေးကန်တို့၊ အင်းတော်ကြီးတို့နဲ့ ပတ်သက်လို့လည်း မေးခွန်းတွေမေးပြီး ဖြေသွားတာမှန်ပါတယ်။ ကျွန်တော့်ရဲ့ ဒီအဆိုကို ကျွန်တော်တင်ခဲ့တာက ဩဂုတ်လ ၂၂ ရက်နေ့ကပါ အဲဒါကြောင့်မို့ ဒီဖြေသွားပြီးတဲ့ဟာ နောက်ပိုင်းမှာ ဖြေသွားတဲ့အတွက်ပါ။ ဒီဖြင့်ဟာနဲ့ပါတဲ့အတွက် ကျွန်တော် ဒါကိုဖြုတ်မပေးတော့ဘဲနဲ့ တင်ထားပြီးသားဖြစ်လို့မို့လို့ ဒါကိုဖတ်ကြားသွားတာပဲဖြစ်ပါတယ်။ နောက်တစ်ခု အနေနဲ့ကလည်း ကျွန်တော်တို့ဟာ အများစုက ဘယ်လိုဖြစ်နေသလဲဆိုတော့ ရေကိုကြိုက်သလို သုံးလို့ရ တယ်။ ခပ်ပေါပေါပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာရေအရင်းအမြစ် ရေချိုအရဆုံး ၁၀ နိုင်ငံ စာရင်းထဲမှာပါတဲ့အခါကြတော့ ရေကိုရေတန်ဘိုးသိပ်မထားပါဘူး။ တကယ်ဆိုရင်၊ ဒါပေမယ့်လို့ ကမ္ဘာ့ပတ်ဝန်းကျင်နိုင်ငံတွေမှာကျတော့ ရေနဲ့ပတ်သက်လို့ အခက်အခဲအများကြီးတွေ့နေပါတယ်။ တရုတ်ပြည်မှာဆိုရင်လည်း ကျွန်တော်တို့ ဒီရေမရတဲ့အတွက် အခုသူတို့ရေချိုရရှိဖို့ရာအတွက် သူတို့ပညာရှင်တွေနဲ့ အများကြီးဆွေးနွေးနေရတာတွေရှိနေသလို အိန္ဒိယတို့ ကျွန်တော်တို့ပတ်ဝန်းကျင် နိုင်ငံတွေမှာလည်း ဒီရေချိုရရှိရေး အတွက်ရေအရင်းအမြစ်ထိန်းသိမ်းဖို့လုပ်နေတာတွေကို ကျွန်တော်တို့ လေ့လာတွေ့ရှိနေရလို့ ဒီအဆိုကို တင်တာပါ။ တင်တဲ့နေရာမှာလည်း ကျွန်တော်က လွှတ်တော်အနေနဲ့ ကျွန်တော်တင်တဲ့အဆိုကို ဘာပဲဖြစ်ဖြစ် ငါတင်တာ ပြည်သူ့အတွက် လိုအပ်လို့

တင်တာပဲ။ အောင်တာ၊ မအောင်တာ ထောက်ခံမှုရတာ၊ မရတာ ကျွန်တော်စိတ်ထဲမှာ မထားပါဘူး ခင်ဗျား။ ကျွန်တော်ပြောတာက တင်သင့်တင်ထိုက်လို့တင်တယ်လို့ပဲ ကျွန်တော် ဖြစ်ပါတယ်ခင်ဗျား။ အဲဒီကျတော့ အားလုံးကိုပဲ ဆွေးနွေးသွားတဲ့ဟာတွေကိုလည်းကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာမှာ No Water ၊ No Future ဆိုပြီးကျတော့တောင်မှ ဆောင်ပုဒ်တောင်မှ ရေမရှိရင် အနာဂတ်မရှိဘူးဆိုတဲ့အဆင့်ထိအောင်တောင်မှပဲ ဒါကြွေးကြော်တဲ့အပိုင်းတွေလည်း ရှိနေပါတယ်။ ရှိနေတဲ့ အချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ ရေဟာလိုချင်သလိုရတာပဲဆိုတာမျိုး ဖြစ်နေလို့တော့ ကျွန်တော်တို့ လူထုမှာကိုက ဒီစိတ်ဓာတ်တွေ ပြင်ရမှာမို့လို့ ကျွန်တော်တို့ လွှတ်တော်က နေပြီးတော့ကျတော့ ဦးဆောင်ပြီးတော့ကျတော့ ဒါဟာ ဘာပဲဖြစ်ဖြစ် လုပ်ရမယ့်ကိစ္စတစ်ခု ဟာဆိုတဲ့ဟာမျိုးကြောင့် ကျွန်တော်အခုလို တင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဟုတ်ကဲ့ပါ။ ကျွန်တော် အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကောင်းပါတယ်။ အများကလည်း ဒီလိုပဲယူဆပြီးတော့ ဦးစိုးဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဝန်ကြီးအလှည့်ရောက်တဲ့အခါကျတော့လည်း ဝန်ကြီးအနေနဲ့ ဒီလို ဆောင်ရွက်ထားပြီဆိုတဲ့အကြောင်း တင်ပြပြီးတဲ့အခါမှာ သီးခြားဥပဒေတစ်ရပ် ထပ်မံပြဋ္ဌာန်းဖို့ လိုမလိုဆိုတဲ့ဟာလေးကို ဒါဖြည့်စွက်ပြီးတော့ အားလုံးလည်းသိအောင် တင်ပြသွားတဲ့ သဘောပဲဖြစ်ပါတယ်။ ဒီနေရာမှာ ဦးဝင်းသန်းဆွေးနွေးတဲ့နေရာမှာလည်း ဥပဒေကြမ်းကို ပြည့်ပြည့်စုံစုံ ပါအောင်လုပ်ဖို့၊ ပြီးတဲ့အခါမှာ ဥပဒေကြမ်းတက်လာလို့ရှိရင်လည်း အချိန်ယူပြီးတော့ ဆွေးနွေးဖို့ ဆိုတာလည်းပါပါတယ်။ အခုဆိုရင်တော့ ကျွန်တော်တို့ ဥပဒေကြမ်းတစ်ခု အတည်ပြုပြဋ္ဌာန်းမယ် ဆိုလို့ရှိရင် ထိုက်သင့်တဲ့အတွေ့အကြုံရပါပြီ။ ဒါကြောင့်မို့လို့ အခုသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက တင်ပြလာမယ့် ဥပဒေကြမ်းမိမိတို့ လက်ဝယ် ရောက်လာတဲ့အခါမှာ ဥပဒေကြမ်းထဲမှာ မပါတဲ့ အချက်အလက်တွေကိုလည်း သက်ဆိုင်ရာ ကိုယ်စားလှယ်ကြီးများအနေနဲ့ ပြင်ဆင်ချက်အဆိုများ တင်ပြခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဒီဥပဒေကြမ်း မိမိတို့လက်ဝယ်၊ မိမိတို့လွှတ်တော်ရောက်တဲ့အခါမှာ ဥပဒေကြမ်းကို သေချာဖတ်ပြီး တော့လိုအပ်တဲ့နေရာမှာ ဖြည့်စွက်လို့ရပါတယ်။ အဲဒီအခွင့်အရေးလည်း ရှိပါတယ်။ ဥပဒေကြမ်းရဲ့ သဘော ဟာလည်း တင်လိုက်တဲ့ဟာအားလုံးပြည့်စုံတယ်၊ မှန်မယ်ဆိုပြီးတော့မဟုတ်ပါဘူး။ ဒါကြောင့် ခုနက ကြားမှာ လည်း တင်ပြသွားတယ်။ တင်ပြသွားတဲ့အထဲမှာ ပြည့်စုံဖို့လိုတယ်။ နောက်ပြီးတဲ့အခါမှာ ကိုယ့်လက်ဝယ် ရောက်လို့ရှိရင် သေချာဖတ်ဖို့လိုတယ်။ မဖတ်ဘဲနဲ့တော့ ဥပဒေကြမ်းကို ပြင်ဆင်ချက်အဆို မဖြစ်နိုင်ဘူး။ ဆွေးနွေးတဲ့ဟာက အချိန်သိပ်ပြီးတော့ မကြာနိုင်ဘူး။ ဒါပေမယ့်လို့

ဖတ်ပြီးတဲ့အခါမှာ ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ စဉ်းစားရတဲ့အလုပ်က ပိုပြီးတော့ကြာပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့လက်ဝယ်ရောက်လာတဲ့ ဥပဒေကြမ်းများကို ဒီအတိုင်းမထားဘဲနဲ့၊ ဒီအတိုင်း မထားဘဲနဲ့ဆိုတာ လွှတ်တော်ခန်းမထဲရောက်မှ ဖတ်တာ မဟုတ်ဘဲနဲ့ သေချာဖတ်ပြီးတဲ့အခါမှာလိုမယ့် အဆိုပြင်ဆင်ချက်များ ထည့်ဖို့လည်းလိုပါတယ်။ ပြန်ချုပ်မယ် ဆိုလို့ရှိရင်တော့ ဦးစိုးဝင်းတင်ပြတဲ့၊ တင်သွင်းတဲ့အဆိုကို သက်ဆိုင်ရာဝန်ကြီးကနေပြီးတော့ အပြစ်တင်တဲ့ သဘောမဟုတ်ပါဘူး။ ကျွန်တော် နားလည်ပါတယ်။ အဲဒီအတိုင်းပဲ ဒီမှာရှိတဲ့ ကိုယ်စားလှယ်တွေကလည်း ဒီအဆိုနဲ့ ပတ်သက်လို့ အားလုံးထောက်ခံပြီးတော့ အချိန်ယူပြီးတော့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အတွက် ကျွန်တော်တို့လည်း ပိုပြီးတော့ Knowledge ပေါ့ဗဟုသုတတွေရသွားပါတယ်။ အဲဒီအတိုင်းပဲ ဗဟုသုတနဲ့အတူပဲ စဉ်းစားစရာတွေလည်း ပိုပြီးတော့ရသွားပါတယ်။ ရသွားတဲ့အတွက် ဒီအဆို တင်သွင်းတာဟာ ခုနက နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အင်မတန်မှ အကျိုးရှိမယ့်ကိစ္စတစ်ခု ရှိတယ်ဆိုတာလည်း ဒီလိုပဲမှတ်ယူရမှာ ဖြစ်ပါတယ်။ အရင်ကျွန်တော်တို့ ပြောပြောနေပါတယ်။ ကမ္ဘာမှာ ခြိမ်းခြောက်နေတဲ့ ပြဿနာကြီးလေးခုရှိတယ်။ ဒါပေမယ့် နောက်တစ်ခု တိုးပါတယ်ဆိုတာ။ အရင်လေးခုကတော့ အကြမ်းဖက်ပြဿနာ၊ ရိက္ခာရှားပါးမှုပြဿနာ၊ အဲနောက်တစ်ခုကျတော့ ဘာလဲဆိုတော့ Clamate Change ရာသီဥတုပြောင်းလဲလာတဲ့ ပြဿနာအပြင် ခုနကဆွေးနွေး သွားတဲ့ ရေချိုပြဿနာ ရှိလာမှာဖြစ်တဲ့အတွက် ကမ္ဘာကလည်း ဒါအလေးထား ဆွေးနွေးတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း ကမ္ဘာနဲ့အတူယှဉ်ပြီးတော့ ဒီအသိစိတ်ဓာတ်နဲ့ ဆွေးနွေးဆောင်ရွက်ခြင်းဟာ အားလုံးအတွက်အကျိုးရှိသလိုပြ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေများကို ပြုစုပြီးတော့ ဥပဒေကြမ်း တင်သွင်းမယ်ဆိုတာကလည်း တာဝန်ကျေတဲ့၊ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေ လုပ်နေတယ်လို့ပဲ မှတ်ယူမှာဖြစ်ပါတယ်။ အဲဒီအခါမှာ ခုနက တစ်ဦးဆွေးနွေးသွားသလို ဥပဒေပေါ်ထွက်လာပြီး ဆိုရင်ဒီဥပဒေအတိုင်း အားလုံးလိုက်နာဆောင်ရွက်ဖို့ဟာ အရေးကြီးပါတယ်။ ဥပဒေက စာအုပ်ထဲမှာ ပျောက်သွားပြီးတော့ လက်တွေ့မှာ မကျင့်သုံးဘူးဆိုရင်တော့ အလကားပဲ ဖြစ်မယ်ဆိုတာလည်း ကျွန်တော်တို့ ဒီကနေပြီးတော့ သတိပြုမှတ်သားရမယ့် ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ တင်ပြထားတဲ့ အစီအစဉ်ကတော့ ဒီမှာပဲပြီးပါပြီ။ နောက်တစ်ရက်အတွက်ပဲ ကျွန်တော်တို့ ဆက်ပြီး ဆောင်ရွက်ဖို့ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို ၃၃ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်

အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို မနက်ဖြန် အောက်တိုဘာလ ၇ ရက် (သောကြာနေ့) နေ့လယ် ၁၃း၃၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီးခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။